# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၅)


# ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို




ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တို့ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်မည့် ပုံစံအား ကြည်ညိုကြစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်း အနီး၌ တည်ထားကိုးကွယ်မည့် ထာဝရ ငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို၍ ရတနာနဝရတ်ငွေကြုတ်တော် ထည့်သွင်း ပူဇော်သည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ(စျေးကုန်း) ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

## အသင်းအနေနဲ့ စက်သုံးဆီလုပ်ငန်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဖြစ်သင့်ဖြစ်ထိုက်တာ အကြံဉာဏ်ပေးပါမယ်

စာမျက်နှာ - ၈


## ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၄**

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ (Myanmar Economic Monitor-MEM) အရ သိရသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၇ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ▲

မြန်မာ့အလင်း

# အော့နှလုံးနာ၊ ရှုတ်ချရမည့် ARSA အကြမ်းဖက်အဖွဲ့

**ARSA အကြမ်းဖက်အဖွဲ့၏ လူမဆန်သောရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုတို့ကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က သက်သေအထောက်အထားများနှင့်တကွ ဖော်ထုတ်လိုက်ပြီဖြစ်ပါသည်။ ကုလသမဂ္ဂအပါအဝင် လူသားတို့၏ သက်ရှင်ရပ်တည်ပိုင်ခွင့်အပေါ် လေးစားအသိအမှတ်ပြုသော ကမ္ဘာ့အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံတို့က ARSA အကြမ်းဖက်အဖွဲ့၏ လူမဆန်သောရက်ရက်စက်စက် သတ်ဖြတ်မှုတို့ကိုအသိအမှတ်ပြု ရှုတ်ချရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။**

**အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဖော်ထုတ်လိုက်သည့် ARSA အကြမ်းဖက်အဖွဲ့၏ လူမဆန်သော ရက်ရက်စက်စက် သတ်ဖြတ်မှုတို့သည် အရေးပါသောနိုင်ငံရေးသက်ရောက်မှုတို့ကို ရည်ညွှန်းဖော်ပြနေပါသည်။ ပထမဦးစွာ ပြောနိုင်သည်မှာ ARSA အဖွဲ့သည် နိုင်ငံတကာက ပြောဆိုနေသကဲ့သို့ မတရားဖိနှိပ်မှုဆိုသည်များကို မခံနိုင်တော့သည့်အဆုံး ရရာလက်နက်စွဲကိုင်တော်လှန်သည်ဆိုသော ဘင်္ဂါလီမျိုးနွယ်တို့၏ လက်နက်ကိုင်အဖွဲ့ လုံးဝ၊ လုံးဝမဟုတ်၊ ARSA အဖွဲ့သည် ရက်စက်ကြမ်းကြုတ်သော အစွန်းရောက်အကြမ်းဖက်အဖွဲ့သာ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ဖော်ထုတ်မှုအရ ARSA အကြမ်းဖက်အဖွဲ့သည် ဟိန္ဒူဘာသာဝင် အမျိုးသမီးအချို့ကို အစ္စလာမ်ဘာသာသို့ အတင်းအကျပ်သွတ်သွင်းရန် ကြိုးပမ်းခဲ့ပါသည်။ ဤအချက်က ARSA အကြမ်းဖက်အဖွဲ့သည် နိုင်ငံတကာအကြမ်းဖက်အဖွဲ့ကွန်ရက်နှင့် ချိတ်ဆက်မှုရှိနေသည်ကို ဖော်ပြနေပါသည်။ အထင်ရှားဆုံးမှာ ARSA အဖွဲ့သည် အင်္ဂါလီမျိုးနွယ်တို့၏ နိုင်ငံသားအခွင့်အရေးအတွက် ရုန်းကန်လှုပ်ရှားနေသောအဖွဲ့မဟုတ်၊ ၎င်းတို့၏နိုင်ငံရေးရည်ရွယ်ချက်အတွက် ဘင်္ဂါလီမျိုးနွယ်တို့အပေါ် ခုတုံးလုပ်အသုံးချနေသည့် အကြမ်းဖက်အဖွဲ့သာဖြစ်ပါသည်။ ဤသို့သော ARSA အကြမ်းဖက်အဖွဲ့က ဘင်္ဂါလီမျိုးနွယ်တို့ကိုရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရန် အကျပ်ကိုင်လှုံ့ဆော်မှုမပြုဟု နိုင်ငံတကာက အဘယ်ကဲ့သို့သော အထောက်အထားဖြင့် အာမခံချက်ပေးပါမည်နည်း။**

**အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ဖော်ထုတ်ချက်အရ ARSA အကြမ်းဖက်အဖွဲ့သည် အပြစ်မဲ့ဟိန္ဒူ ပြည်သူ ၉၉ ဦးအထိ လူမဆန်စွာရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြကြောင်း သိရှိကြပြီး ဖြစ်ပါသည်။ ARSA အကြမ်းဖက်အဖွဲ့သည် အသက် (၈)နှစ် အောက် ကလေးသူငယ်များကိုပင် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြပါသည်။ ကမ္ဘာ့အကြမ်းဖက်လှုပ်ရှားမှုအား ပြင်းထန်စွာ ဆန့်ကျင်သည်ဆိုသော အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အနေဖြင့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဖော်ထုတ်လိုက်သည့် ARSA အကြမ်းဖက်အဖွဲ့၏ ရက်ရက်စက်စက်သတ်ဖြတ်မှုကို တာဝန်သိသိ အသိအမှတ်ပြုရှုတ်ချမည်ဟုမျှော်လင့်ပါသည်။ ဟိန္ဒူဘာသာဝင်တို့အပေါ် ရက်ရက်စက်စက်သတ်ဖြတ်မှုအပေါ် မျက်ကွယ်ပြု လျစ်လျူရှုထားပါက လူ့အခွင့်အရေးအပေါ်အမှန်တကယ်လေးစားသည်ဟု မည်သို့ဆိုနိုင်ပါမည်နည်း။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ထုတ်ဖော်တင်ပြချက်အပေါ် အခြေခံ၍ ဆက်စပ်တွေးဆကောက်ချက်ချနိုင်သည်မှာ လက်ရှိရခိုင်ပြည်နယ်ပြဿနာကို လှုံ့ဆော်ဖန်တီးခဲ့သူတို့မှာ ARSA အကြမ်းဖက်အဖွဲ့သာဖြစ်သည်ဆိုသည့်အချက်ဖြစ်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်၏ ရေရှည်တည်တံ့သောအဖြေကို ဆုပ်ကိုင်ရရှိလိုပါက အခြေခံအားဖြင့် ARSA အကြမ်းဖက်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုတို့ကို အသိအမှတ်ပြု ရှုတ်ချရန်လိုအပ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။**

## စာအုပ်စာပေ လှူမိတ်ဆွေ

# နိုင်ငံတစ်ဝန်း ငါးဖမ်းလုပ်သားများအား တစ်ပြေးညီစောင့်ရှောက်နေကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန ထုတ်ပြန်



**ဗန်ကောက် မေ ၂၄**
ထိုင်းနိုင်ငံတစ်ဝန်း ကမ်းခြေနှင့်ထိစပ်လျက်ရှိသည့် ခရိုင် ၂၂ ခုမှ ငါးဖမ်းသင်္ဘောအစင်း ၇၀ တွင် အလုပ်သမားဆိုင်ရာ ပြဿနာများနှင့် ပြစ်မှုများကို စစ်ဆေးတွေ့ရှိပြီးနောက် ပြည်ပမှလာရောက် အလုပ်လုပ်ကိုင်နေသည့် ငါးဖမ်းလုပ်သားများအား တန်းတူညီမျှ ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိကြောင်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးက မေ ၂၂ ရက်က ပြောကြားခဲ့သည်။

ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် ငါးဖမ်းလုပ်သားများ၏ အလုပ်သမားနှင့်စပ်လျဉ်းသည့် ငှားရမ်းမှု၊ လုပ်ငန်းခွင်အခြေအနေ၊ အဓမ္မလုပ်အားခိုင်းစေမှုပြဿနာအပါအဝင် လူကုန်ကူးမှုနှင့် တရားမဝင် အလုပ်သမားများအား အသုံးပြုမှုမှအစ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများကို ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် ငါးဖမ်းလှေလုပ်သားများပြဿနာများတွင် ဥပဒေနှင့်အညီ တင်းကျပ်စွာကိုင်တွယ်ပြီး လုပ်ငန်းရှင်နှင့် အလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ယူမှုများအပါအဝင် သက်ဆိုင်ရာကဏ္ဍတွင် ပါဝင်သူများအားလုံးအား နားလည်သဘောပေါက်စေရန် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ပင်လယ်ကမ်းခြေနှင့်ထိစပ်သော ခရိုင် ၂၂ ခုမှ ငါးဖမ်းသင်္ဘော အဝင်-အထွက်များကို မေလအတွင်း စစ်ဆေးဆောင်ရွက်တွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်ခဲ့သည့် ငါးဖမ်းသင်္ဘောအစင်း ၇၀ အထိရှိပြီး အစင်း ၂၀ မှာ လှေရပ်နားချိန်နှင့် ပတ်သက်သည့်ကိစ္စများကို ချိုးဖောက်ကျူးလွန်ခဲ့သည့်အတွက် အလုပ်ရှင်များကို ပြင်ဆင်ခိုင်းကာ မှန်ကန်စွာ ကျင့်သုံးရန် အမိန့်ထုတ်ပြန်ထားကြောင်း၊ စည်းကမ်းချိုးဖောက်သည့် ဖြစ်စဉ်များအား အလုပ်သမားဝန်ကြီးဌာန၏ Hotline ဖုန်းနံပါတ် ၁၆၉၄ နှင့် www.doe.go.th/helpme ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုင်ကြားမှုပြုနိုင်ရန် ဖွင့်လှစ်ပေးထားကြောင်းလည်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အလုပ်သမားများ၏ ကော်မရှင်ပွဲစားကြေးနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်လုပ်ခွင့်လက်မှတ်ကို သိမ်းယူထားခြင်းနှင့် ပတ်သက်၍ ယခုပြဋ္ဌာန်းထားသည့် ဥပဒေအရ ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်သမားများထံမှ ကုန်ကျစရိတ်များ အားလုံးကောက်ခံခြင်းကို ဥပဒေကတားမြစ်ထားကြောင်း၊ အကယ်၍ အလုပ်ရှင်က အလုပ်သမားများ၏ အလုပ်လုပ်ခွင့်လက်မှတ်နှင့် အရေးကြီးသော စာရွက်စာတမ်းများကို သိမ်းယူထားပါက အဆိုပါအလုပ်ရှင်အား ခြောက်လထက်မပိုသော ထောင်ဒဏ်နှင့် ဘတ်ငွေ တစ်သိန်းအထိ (သို့မဟုတ်) ဒဏ်နှစ်မျိုးစလုံးအထိ အရေးယူသွားမည်ဖြစ်ကြောင်းလည်း ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရ သည်။

ထိုင်းနိုင်ငံအတွင်း ငါးဖမ်းသင်္ဘောများတွင် မြန်မာနိုင်ငံမှ လုပ်သားများအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ လုပ်သားများ အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# သန်လျင်-ခရမ်း လမ်းမပေါ်ရှိ တံတားသုံးစင်း တည်ဆောက်ပြီးစီး

**ရန်ကုန် မေ ၂၄**
ပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကသွားလာနေရသော လမ်းမများပေါ်ရှိ တံတားများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်ကြား လမ်းမပေါ်ရှိ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိနေသော တံတားသုံးစင်းကိုလည်း အသစ်တည်ဆောက်ပေးခဲ့ပြီး ယခုအခါ တံတားဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ဖြတ်သန်းသွားလာခွင့်ပြုတော့မည် ဖြစ်ကြောင်း သန်လျင်မြို့နယ် လမ်းဦးစီးဌာနရုံးမှ သိရသည်။

သန်လျင်မြို့နယ်မှ ခရမ်းမြို့နယ်သို့သွားသော သူဌေးကွင်းကျေးရွာ-ပုဂံတောင်ကျေးရွာ-ဖားကူးမောင်းမ လမ်းပေါ်ရှိ တံတားအမှတ် ၂/၁ ကို အရှည်ပေ ၅၀၊ အကျယ် ၃၁ ပေ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ တံတားအမှတ် ၁/၁၅ အထောင်ချောင်းကူးတံတားကို အရှည်ပေ ၅၀၊ အကျယ် ၃၁ ပေ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ တံတားအမှတ် ၁/၁၈ ဖားကူးရွာပြင်တံတားကို အရှည်ပေ ၅၀၊ အကျယ် ၃၁ ပေ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် တံတားအဖြစ်လည်းကောင်း ၂၀၁၇ ခုနှစ် ဩဂုတ်လမှစ၍ အဆင့်မြှင့်တည်ဆောက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်သည်။

လမ်းတံတား အသုံးပြုသူ ပြည်သူများအနေဖြင့်လည်း တံတားပေါ်ရှိ သတ်မှတ် ခွင့်ပြုတန်ချိန်များအတိုင်း ဖြတ်သန်းမောင်းနှင်ခြင်းဖြင့် လမ်းတံတားများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းလိုကြောင်း မြို့နယ်လမ်းဦးစီးဌာန တာဝန်ရှိသူက ပြောကြားသည်။

**သက်ခိုင်(သန်လျင်)**



# YBS ယာဉ်စီးခကို ကတ်စနစ်အမြန်ဖော်ဆောင်မှသာ ယာဉ်စီးခမထည့်မှုနှင့် အကြွေပြဿနာများအဆင်ပြေမည်

**ရန်ကုန် မေ ၂၄**
ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသောခရီးသည်တင်ယာဉ်လိုင်းများ၌ယာဉ်စီးခပေးချေမှုကို ကတ်စနစ်အမြန်ဖော်ဆောင်မှသာလက်ရှိဖြစ်ပေါ်နေသည့် အကြွေပြဿနာ၊ ယာဉ်စီးခမထည့်သည့်ပြဿနာများ အဆင်ပြေမည်ဖြစ်ကြောင်း အများပိုင်ကုမ္ပဏီလုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိခရီးသည်များအနေဖြင့်ယာဉ်စီးခငွေပေးချေရာတွင် ယာဉ်လိုင်းအတွင်းရှိ Cash Box တွင် ခရီးသည်ကိုယ်တိုင် ကျသင့်ငွေထည့်သည့်စနစ်ဖြင့် လုပ်ဆောင်လျက်ရှိရာယာဉ်လိုင်းအချို့တွင် အကြွေမရှိသည့်ပြဿနာအပါအဝင် ယာဉ်စီးခအပြည့်အဝမပေးခြင်း၊ ငွေစက္ကူအစုတ်အပြဲများထည့်ခြင်း၊ စက္ကူနှင့် အခြားပစ္စည်းများထည့်ခြင်း၊ ငွေအတုဖန်တီး၍ထည့်ခြင်းတို့ ကြုံတွေ့နေရကြောင်းအများပိုင်ကုမ္ပဏီလုပ်ငန်းရှင်များထံမှ သိရသည်။

"ဒီကိစ္စက ခေါင်းစဉ်တစ်ရပ်အနေနဲ့တောင် ဆွေးနွေးရမယ့်အခြေအနေမှာရှိနေပါတယ်၊ ယာဉ်လိုင်းလောက အသိုင်းအဝိုင်းမှာလည်း ပြောဆိုဆွေးနွေးနေတဲ့အသံတွေကြားရတယ်၊ ကျွန်တော်တို့ ယာဉ်လိုင်းမှာလည်းတွေ့နေရတယ်"ဟု Power Eleven အများပိုင်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ကိုတရုတ်လေးက ပြောသည်။

အဆိုပါ Power Eleven အများပိုင်ကုမ္ပဏီအနေဖြင့်စသည့် အခက်အခဲများကြုံတွေ့နေရသောကြောင့် မေ ၁ရက်က YBS-78 ယာဉ်လိုင်းရှိယာဉ်ငါးစီးတွင် စာရေးမနှစ်ဦးလိုက်ပါပြီး ခရီးသည်များယာဉ်စီးခထည့်ရာတွင် ယာဉ်စီးခပေးခြင်းရှိမရှိနှင့် ယာဉ်စီးခအပြည့်အဝပေးခြင်းရှိမရှိ ကြပ်မတ်စစ်ဆေးရာ ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကွာဟနေသည်ကိုတွေ့ရကြောင်း ကိုတရုတ်လေးက ပြောသည်။

အလားတူ ပြဿနာများကို ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးအများပိုင်ကုမ္ပဏီလီမိတက် (YUPT)လက်အောက်ရှိယာဉ်လိုင်းများတွင်လည်း ကြုံတွေ့ရကြောင်း အဆိုပါကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြောသည်။

အဆိုပါအခက်အခဲများကို ဖြေရှင်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ကတ်စနစ်ဖြင့်ငွေပေးချေသည့် စနစ်အား ၂၀၁၈ ခုနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကတိပြုပြောကြားထားသည်။

"ကတ်စနစ်ဆိုတာ ဘဏ်စနစ်နဲ့လည်း ပြည်သူလူထုတွေအားလုံးနီးစပ်သွားနိုင်ဖို့ ကျွန်တော်တို့လုပ်မယ့် ဝန်ဆောင်မှုပေးတဲ့နေရာမှာလည်း ဒီကတ်စနစ်တစ်ခုနဲ့ ကျွန်တော်တို့ ရှေ့ကိုအားလုံးတက်လှမ်းနိုင်ဖို့ အခုဆိုရင် အကြွေဖြတ်ပိုင်းပေးရတာတို့ စပယ်ယာပြန်တင်မယ်ဆိုတဲ့ အခြေအနေမျိုးတွေ ပေါ်ပေါက်လာနိုင်တာတို့ နောက်ပြီးတော့ အကြွေဖြတ်ရတဲ့အခက်အခဲ ဒါတွေအကုန်လုံး ကျွန်တော်တို့ပြေလည်သွားနိုင်ဖို့အတွက် ပုံးထဲကိုလုပ်ငန်းရှင်တွေဘက်ကလည်းငွေမထည့်လို့ စပယ်ယာပြန်တင်ချင်ပါတယ်ဆိုတဲ့ အသံမျိုးတွေ ပြန်ဖြေရှင်းနိုင်ဖို့အတွက် နောက်တစ်ခုတက်မယ့် ဝန်ဆောင်မှုကတော့ ကတ်စနစ်နဲ့ငွေပေးချေရေးစနစ်ကိုတက်လှမ်းမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြင်ဆင်နေပါပြီ၊ အခုဒီအခြေအနေအတွက်ဆိုရင် ကျွန်တော်တို့ နောက်သုံးလလောက်မှာမိတ်ဆက်နိုင်တဲ့ အခြေအနေရှိပါတယ်" ဟုမေ ၉ ရက်က Novotal Hotalတွင် ကျင်းပသည့် Yangon Investment Forum 2018 ပွဲသတင်းစာရှင်းလင်းပွဲတွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

**ငြိမ်းငြိမ်း**

◆ *ရှေ့ဖုံးမှ*

ယင်းနောက် ထာဝရငြိမ်းချမ်းရေး စေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်း ပူဇော်မည့် ရတနာနဝရတ်ငွေကြုတ်တော်၊ ဗဟိုမဏ္ဍိုင်အဖွင့်ကျောက်စာ၊ မော်ကွန်းကမ္ပည်းကြေးပြား၊ ပတ္တမြား ရတနာရွှေအုတ်မြစ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေး စေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်း ပူဇော်မည့် ဗဟိုမဏ္ဍိုင်အဖုံး ကျောက်စာ၊ စိန်ရတနာရွှေအုတ်မြစ်၊ ကျောက်မျက်ရတနာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေါက်မြိုင်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရွတ်ပွားသရဇ္ဈာယ်**

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်နှင့် ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်နှင့် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



**ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အလှူရှင်တို့က မော်ကွန်းကမ္ပည်းကြေးပြားကို ဗဟိုမဏ္ဍိုင်အတွင်း ထည့်သွင်းပူဇော်စဉ်။** သတင်းစဉ်

မင်္ဂလာအချိန်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်၊ အလှူရှင်တို့က ရွေးထုံးကျမ်းဂန်တော်လာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ရတနာနဝရတ်ငွေကြုတ်၊ ဗဟိုမဏ္ဍိုင်အဖွင့်ကျောက်စာ၊ မော်ကွန်းကမ္ပည်းကြေးပြား၊ ပတ္တမြားရတနာ ရွှေအုတ်မြစ်တို့ကို ဗဟိုမဏ္ဍိုင်အတွင်းထည့်သွင်း၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

**ပရိတ်နံ့သာရည်ပက်ဖျန်း**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အလှူရှင်များက အုတ်မြစ်တော်များကို သတ်မှတ်နေရာအသီးသီးတွင် ထည့်သွင်း၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးအတွက် အလှူတော်ငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများထံ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**



**ဆရာတော်ထံ ထာဝရငြိမ်းချမ်းရေးစေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်းပူဇော်မည့် မော်ကွန်းကမ္ပည်းကြေးပြားအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်



**ဆရာတော်ထံ ထာဝရငြိမ်းချမ်းရေးစေတီတော် ဗဟိုမဏ္ဍိုင်၌ ထည့်သွင်းပူဇော်မည့် ဗဟိုမဏ္ဍိုင်အဖုံး ကျောက်စာအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ဆက်ကပ်လှူဒါန်းစဉ်။** သတင်းစဉ်

▲ *ရှေ့ဖုံးမှ*

အဆိုပါ အစီရင်ခံစာက ခန့်မှန်းထားသည်။

ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး ဖွံ့ဖြိုးမှုနှုန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ထိုသို့ တိုးတက်လာခဲ့ခြင်းမှာ စိုက်ပျိုးရေးကဏ္ဍ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့ တည်ငြိမ်ကောင်းမွန်လာသောကြောင့် ဖြစ်သည်ဟုလည်း အစီရင်ခံစာက ဖော်ပြထားသည်။

သို့သော် ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် နှေးကွေးမှုရှိနေကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိနေသော်လည်း အနာဂတ်စီးပွားရေးတိုးတက်မှု အလားအလာကို အကျိုးသက်ရောက်မှု ရှိနိုင်သည့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာနှင့်ပတ်သက်၍ "စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကောင်းမွန်လာတာနဲ့ မေခရိုစီးပွားရေးအခြေအနေ တိုးတက်လာတာဟာ အင်မတန်အားတက်ဖွယ်ကောင်းပါတယ်၊ မြန်မာနိုင်ငံအစိုးရဟာ မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်၊ ဒါဟာ တိုင်းပြည်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့၊ ငွေကြေးကဏ္ဍကို ခေတ်မီတိုးတက်ဖို့၊ အားလုံးပါဝင်တဲ့ ရေရှည်ဖွံ့ဖြိုးဖို့ကို ခြိမ်းခြောက်နေတဲ့ ပဋိပက္ခတွေကို ဖြေရှင်းဖို့ လမ်းပြမြေပုံတစ်ခု ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ညွှန်ကြားရေးမှူး အယ်လင်ဂိုးလ်စတိန်းက ပြောကြားသည်။

အဆိုပါအစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားကို ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) တို့ ပူးပေါင်းကာ မေလ ၁၇ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

**ရှင်မင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဥပဒေရေးရာနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၄**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဦးကိုကိုရှိန်အား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၂၅**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကိုကိုရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

**နေပြည်တော် မေ ၂၄**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ **မိုး/ဇလ**

# အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ - ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၄**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် Sandhi Governance Institute တို့ ပူးပေါင်းကျင်းပသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ - ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Public – Private partnership in Infrastructure) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက နိုင်ငံအတွင်း အရင်းအနှီး များပြားသည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရာတွင် အစိုးရတစ်ခုတည်းက လုပ်ကိုင်ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အတွက် ပုဂ္ဂလိကနှင့်အများပြည်သူတို့ထံမှ ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် Public – Private Partnership သို့မဟုတ် PPP ဟု လူသိများသည့် စီးပွားရေးလုပ်ကိုင် ဆောင်ရွက်ပုံစနစ်၏ အားသာချက်၊ အားနည်းချက်များကို ကောင်းစွာနားလည်သိရှိထားရန် လိုအပ်ပါကြောင်း၊

ယခုပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ PPP နှင့် ပတ်သက်သည့် လုံလောက်သည့် ဗဟုသုတများကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တာဝန်ယူ ကျင်းပပေးသည့် Sandhi Governance Institute ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အလားတူ အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံအနှံ့တွင် အများအပြားကျင်းပပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Sandhi Governance Institute မှ ဒါရိုက်တာ ဦးခိုင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲအကြောင်းကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဖွင့်ပွဲအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Professor Andre Palacios၊ Sandhi Governance Institute မှ ဒါရိုက်တာ ဦးခိုင်ဝင်း၊ (IFC) မှ John leber နှင့် Khatib Alam တို့က အောင်မြင်သော Public Private Partnership (PPP) ဆိုင်ရာလုပ်ငန်းများ၊ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဘောင်များနှင့် သဘောတူညီချက်များ၊ ဥပဒေကြောင်းနှင့် ထိန်းကျောင်းရေးဆိုင်ရာကိစ္စရပ်များ၊ အထွေထွေဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် PPP စနစ်အသုံးပြုနိုင်သည့် အခြေအနေ၊ PPP လုပ်ငန်းများအောင်မြင်ရန် အားဖြည့်ထိန်းညှိပေးခြင်းနှင့် PPP လုပ်ငန်းများအား စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဦးဆောင်ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။




တစ်ရက်ကြာ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဆင့်အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်းများ စုစုပေါင်း ၅၆ ဦးတက်ရောက်ခဲ့ကြောင်းသိရှိရသည်။

**သတင်းစဉ်**



# မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီ သုံးလအထိသတ်မှတ် ကမ်းဝေးငါးဖမ်းရေယာဉ်များကို အလှည့်ကျစနစ်ဖြင့် ခွင့်ပြုထား

**ရန်ကုန် မေ ၂၄**
မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်စောင့်ရှောက်ရန်အတွက် ငါးမဖမ်းရရာသီအဖြစ် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ စုစုပေါင်းသုံးလကြာမြင့်သည်အထိ သတ်မှတ်ထားရာ မေလဒုတိယပတ်က စတင်ပြီး ရန်ကုန်မြစ်အတွင်း ဒလဘက်ကမ်း၌ ပင်လယ်ပြင်ငါးဖမ်းသင်္ဘောအများအပြားဆိုက်ကပ်ရောက်ရှိနေကြသည်ကို ယနေ့နံနက်ပိုင်းက မြင်တွေ့ရသည်။ **(ဝဲပုံ)**

မြန်မာ့ကမ်းရိုးတန်း ပင်လယ်ပြင်တွင် ငါး၊ ပုစွန်များ သားပေါက်ပွားသည့် ရာသီချိန်ဖြစ်သောကြောင့် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ကာလအတွင်း ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာတားမြစ်ထားခြင်းဖြစ်ပြီး ကမ်းဝေးငါးဖမ်းရေယာဉ်များ၏ ၂၀ ရာခိုင်နှုန်းကို သာအလှည့်ကျစနစ်ဖြင့် ငါးဖမ်းခွင့်ပြုထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဥပဒေပြဋ္ဌာန်းချက်၊ ထုတ်ပြန်ချက်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ထူထောင်

**နေပြည်တော် မေ ၂၄**

မြန်မာဥပဒေသတင်းအချက်အလက်စနစ် စတင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

**အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်**

ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ဦးစားပေးကဏ္ဍဖြစ်သည့် တရားဥပဒေစိုးမိုးမှု တိုးတက်လာရေးကို အထောက်အကူဖြစ်စေမည့် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ websiteမှ တစ်ဆင့် စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်၊ ထုတ်ပြန်ချက်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ထူထောင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြည်သူများအနေဖြင့် ဥပဒေသတင်းအချက်အလက်များကို အင်တာနက်ဝက်ဘ်ဆိုက်နှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ကြောင်း။

ထိုစနစ်ကြောင့် ဥပဒေအသိပညာများ တိုးပွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံ၏တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများသည် အလွန်အရေးပါကြောင်း၊ ယခု မြန်မာဥပဒေ သတင်းအချက်အလက်စနစ် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ ကိုရီးယားသမ္မတနိုင်ငံအစိုးရ ဥပဒေပြုဝန်ကြီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးကာ တည်ဆဲဥပဒေများသာမက ဥပဒေသမိုင်းကြောင်းကိုသိရှိနိုင်ရန်၊ ရုပ်သိမ်းပြီး ဥပဒေများကိုလည်း ဖော်ပြထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းလိုက်ခွဲခြား၍ ဖော်ပြထားရုံသာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍအလိုက်လည်း ခွဲခြားဖော်ပြထားကြောင်း။

**ဥပဒေမူဘောင်များ သိရှိနားလည်လာ**

ဥပဒေတစ်ခုချင်းတွင်လည်း မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်သည့် အကြိမ်အရေအတွက်၊ ပြင်ဆင်သည့်ခုနှစ်နှင့် အကြောင်းအရာကိုလည်း အလွယ်တကူရှာဖွေကြည့်ရှုနိုင်ရန်ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံတရားစီရင်ထုံးများအပြင် မြန်မာနိုင်ငံနှင့် ချုပ်ဆိုသော အပြည်ပြည်ဆိုင်ရာ စာချုပ်များကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း၊ ထိုစနစ်သည် မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသောကြောင့် ဥပဒေသုတေသီများ၊ ဥပဒေကျောင်းသား ကျောင်းသူများ၊ ဥပဒေရေးဆွဲသူ၊ ဥပဒေပြုစုသူ၊ ဥပဒေလေ့လာသူများအတွက်လည်း Law Library တစ်ခုကဲ့သို့ အထောက်အကူများစွာ ဖြစ်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေသတင်း အချက်အလက်များကို မြန်မြန်ဆန်ဆန် ပြည့်ပြည့်စုံစုံလေ့လာနိုင်၍ လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်များကို ပိုမိုသိရှိနားလည်လာပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံအစိုးရဥပဒေပြုဝန်ကြီးဌာန၊ ဝန်ကြီး Ms. Kim Oe-sook က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံတိုးတက်ရန် ဥပဒေသတင်းအချက်အလက်စနစ်သည် အရေးကြီးသော အခန်းကဏ္ဍတွင်ရှိကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသည် ပြည်သူများ၏ ဥပဒေအသိပညာဗဟုသုတနှင့် ဥပဒေ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်ခဲ့၍ ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာဥပဒေရေးရာ တိုးတက်ရေးတွင် မြန်မာဥပဒေသတင်းအချက်အလက်စနစ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှဌာနကိုယ်စားလှယ် Dr.Shi Eui Cheol တို့က အမှာစကားပြောကြားကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုလှိုင်က မြန်မာဥပဒေသတင်းအချက်အလက်စနစ် လွှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်မှုနှင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် လွှင့်တင်ခြင်းသရုပ်ပြမှုကို ရှင်းလင်းတင်ပြသည်။

**အခမဲ့ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်**

အဆိုပါ မြန်မာဥပဒေသတင်းအချက်အလက်စနစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ Website ဖြစ်သော www.oag.gov.mm နှင့် www.mlis.gov.mm တို့မှ ကြည့်ရှုနိုင်ပြီး အင်တာနက် Website အပြင် မိုဘိုင်းဖုန်းများမှလည်း ကြည့်ရှုနိုင်ပြီး၊ မြန်မာဘာသာနှင့်သာမက အင်္ဂလိပ်ဘာသာနှင့်ပါ ဝင်ရောက်ကြည့်ရှုနိုင်သော ပြည်တွင်းပြည်ပသို့ အခမဲ့ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ဥပဒေသတင်းအချက်အလက်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြထား

နေပြည်တော် မေ ၂၄

**မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက်များကို ပြည်သူများအား ဝန်ဆောင်မှုပေး မျှဝေနိုင်ရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ဝက်ဘ်ဆိုက် www.mlis.gov.mm ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ စတင်လွှင့်တင်ဆောင်ရွက်ခဲ့သည်။**

အဆိုပါ မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက် www.mlis. gov.mm စတင်လွှင့်တင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက် အပြင် မိုဘိုင်းဖုန်းမှ ကြည့်ရှုနိုင်ရန်လည်း မိုဘိုင်းဖုန်း ဝန်ဆောင်မှုကိုပါ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ဝက်ဘ်ဆိုက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြည်ထောင်စုဥပဒေများ၊ ပြည်ထောင်စုတစ်ဆင့်ခံ ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဆင့်ခံ ဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥပဒေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ဆင့်ခံ ဥပဒေများ၊ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်များ၊ စီရင်ထုံးများကို ကဏ္ဍအလိုက်ထည့်သွင်းဖော်ပြထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေဖြင့် ဥပဒေများ၊ နည်းဥပဒေများအပြင် အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ထည့်သွင်းဖော်ပြမည်ဖြစ်သဖြင့် ဆက်လက်ထွက်ပေါ်လာမည့် ဝန်ကြီးဌာနများ၏ ဥပဒေများ၊ နည်းဥပဒေများအပြင် အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကိုပါ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြနိုင်ရန်သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ ဒီဝက်ဘ်ဆိုက်မှာ ဥပဒေနဲ့ နည်းဥပဒေတွေကို အချိန်နဲ့ တစ်ပြေးညီ တင်ဖို့က အဆင်ပြေပါတယ်၊ ဒါပေမယ့် ဥပဒေကနေ ပေါ်ပေါက်လာတဲ့ အမိန့်၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကိုတော့ ဒါတွေကို ထုတ်ပြန်တဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကနေပြီး ကျွန်မတို့ဆီ ကို အချိန်နဲ့ တစ်ပြေးညီပေးပို့နိုင်မှ လွှင့်တင်နိုင်မှာ ဖြစ်ပါတယ်၊ အဲဒီလို လွှင့်တင်နိုင်ဖို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်သွယ်ရမယ့် တာဝန်ရှိသူအမည်စာရင်းကို တောင်းထားပါတယ်၊ ဒီလို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ဆက်သွယ်ပြီး ပြည်သူတွေသိရှိနိုင်ဖို့ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေကို လွှင့်တင်ပေးသွားမှာပါ” ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောသည်။

ခေတ်ကာလနှင့် မလျော်ညီ၍ ရုပ်သိမ်းလိုက်သည့် ဥပဒေများကိုလည်း မြန်မာဥပဒေသတင်းအချက်အလက်စနစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သိရပြီး ဝက်ဘ်ဆိုက်တွင် ဥပဒေနှင့် ပတ်သက်သည့် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်သည့်အကြိမ်အရေအတွက်၊ ပြင်ဆင်သည့် ခုနှစ်နှင့် အကြောင်းအရာများကို အလွယ်တကူ ရှာဖွေနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

“တချို့အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွေမှာ လက်မှတ်ရေးထိုးပြီးရင် ပြည်တွင်းဥပဒေပြဋ္ဌာန်းရတာ ရှိပါတယ်၊ ဒီဥပဒေနဲ့ ဆက်စပ်နေတဲ့ ကွန်ဗင်းရှင်းတွေကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားသော စီရင်ထုံးတွေကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်၊ ဒီစနစ်မှာ အားသာချက်တစ်ခုက မူရင်းဥပဒေကိုပြင်ဆင်တဲ့အချက်ရှိရင် ပြင်ဆင်တဲ့အချက်ကို Edit လုပ်ပြီးတော့ မူရင်းဥပဒေမှာ တည်ဆဲဥပဒေအနေနဲ့ ပြဋ္ဌာန်းထားပါတယ်” ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်

# စာပေဗိမာန်စာမူဆု(၂၀၁၇) ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် မေ ၂၄**

၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Michael T.Snarr & D.Neil Snarr တို့ တည်းဖြတ်သည့် “ INTRODUCING GLOBAL ISSUES ” စာအုပ်၏ Conflict and Security အပိုင်းမှ “ Weapons Proliferation and Conflict ” “ Nationalism ” “ The Challenge of Human Rights ” နှင့် “ Global Security ” အခန်းလေးခန်းကို ထုတ်နုတ်ပြဋ္ဌာန်းလိုက်သည်။ ( Suggested Readings များကို ပြန်ဆိုရန်မလိုပါ) ယင်းစာအုပ်ကို ရန်ကုန်မြို့ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၆၀၀ (ကျပ်ခြောက် ရာ) ဖြင့် ယနေ့မှစတင်ရောင်းချလျက်ရှိရာ ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၂၀၀ ဖြင့် ဝယ်ယူနိုင်ပြီး နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့်စာအုပ်ပို့ခ အပါအဝင် စုစုပေါင်းငွေကျပ် ၂၅၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၀၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။ ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ( စီမံ)၊ စီမံရေးရာဌာနစု၊ စာပေဗိမာန်၊ အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မေ ၂၄-** ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကျောင်းအပ်နှံကြပါစို့

**စိုးအောင်(ပညာရေး)**

'ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေး'ဟူသော ဆောင်ပုဒ်များဖြင့် ပညာရေးဝန်ကြီးဌာနက မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ထုတ်ပြန်ကြေညာထားပါသည်။

**ဖွံ့ဖြိုးတိုးတက်နိုင်မည်**

ယနေ့ ကမ္ဘာပေါ်တွင် ပညာတတ်လူတန်းစားပေါများသော နိုင်ငံများသည် အင်အားကြီးကြသည်။ သြဇာရှိကြသည်။ ကြွယ်ဝချမ်းသာကြသည်။ ပညာတတ်နည်းလျှင် နိုင်ငံလည်း ဆင်းရဲသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူတန်းစား များများလိုအပ်ပါသည်။ ကျောင်းအပ်နှံရေးသီတင်းပတ်သည် နိုင်ငံအနာဂတ်အတွက် ပညာတတ်သားကောင်း သမီးကောင်း ရတနာများ၊ ပညာတတ်လူတန်းစားများ မွေးထုတ်ရေး အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ ပညာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် ပညာရေးအခြေခံ အုတ်မြစ်ခိုင်မာအောင် တည်ဆောက်နိုင်ရေး အလွန်အရေးကြီးပါသည်။ ပညာရေးအခြေခံ အုတ်မြစ်ခိုင်မာအောင် တည်ဆောက်နိုင်မှသာ ပညာတတ်များ ပေါများလာပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။

**သင်ရိုးသစ်ဖြင့် သင်ကြားပေးမည်**

ယခုအခါ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း သူငယ်တန်း(KG)အပါအဝင်အခြေခံပညာအတန်းအားလုံးသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို အောင်မြင်အောင် ကြိုတင်စီမံစီစဉ်ဆောင်ရွက်နေကြပြီဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသက်ငါးနှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)၊ အသက်ခြောက်နှစ်အရွယ်ကလေးများကို Grade-1 (ပထမတန်း)တွင် အပ်နှံကြရမည်ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် (ဒုတိယတန်း) Grade-2 ကလေးများကို သင်ရိုးသစ်ဖြင့် သင်ကြားပေးမည်ဖြစ်သည်။



ယမန်နှစ်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ် ၁၂ အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ၊ ဆရာမများက ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးခဲ့စဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)

**အခမဲ့ပညာရေးစနစ်**

ကျောင်းနေအရွယ်ကလေးများအတွက် ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားလာစေရန်နှင့် ကျောင်းအပ်နှံနှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းလိုက် သင်ယူပြီးမြောက်မှုနှုန်း မြင့်မားလာစေရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုပညာသင်နှစ်တွင်လည်း ကျောင်းအပ်နှံစဉ်တွင် သူငယ်တန်း (KG) မှ စတုတ္ထတန်း (Grade-4) အထိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်သည်။ သို့ရာတွင် ကျောင်းဝတ်စုံများကို မယူမနေရ မဟုတ်ဘဲ လက်ခံရယူလိုသော ကျောင်းသား ကျောင်းသူများကိုသာ ဖြန့်ဝေပေးမည်ဖြစ်သည်။

**အခမဲ့ဖြန့်ဝေပေးမည်**

ပထမတန်းမှ စတုတ္ထတန်းအထိ ကျောင်းဝတ်စုံအပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံနှင့် ဗလာစာအုပ်ခြောက်အုပ်စီကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။ ပဥ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တစ်စုံစီကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

ထို့အပြင် ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ကျောင်းအပ်နှံရာတွင် ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်ခေါင်းစဉ်နှင့်မျှ ငွေကြေးမပေးရပါ။ ငွေကြေးကောက်ခံခြင်းမပြုပါ။ ထိုသို့ မိသားစုများ၏ ကုန်ကျစရိတ်ကို သိသာစွာ လျှော့ချပေးနိုင်ခဲ့မှုကြောင့် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေ တိုးမြှင့်အပ်နှံလာကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရသည်။

> **"ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်အတွက် ကျောင်းအပ်နှံရာတွင် ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာ နှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်ခေါင်းစဉ်နှင့်မျှ ငွေကြေးမပေးရပါ။ ငွေကြေးကောက်ခံခြင်းမပြုပါ။"**

**လုံလောက်စွာ ဖြန့်ဝေပေး**

မိဘပြည်သူများအနေဖြင့်လည်း ကျောင်းအုပ်ကြီး အပါအဝင် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများကို ငွေကြေး၊ လက်ဆောင်ပစ္စည်းပေးခြင်းများ၊ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ မိမိတို့သားသမီးများကလည်း ကျောင်းဝတ်စုံများအတွက် သက်ဆိုင်ရာနယ်မြေများတွင်သာ ကျောင်းအပ်နှံကြရပါမည်။ သက်ဆိုင်ရာကျောင်းများကလည်း ကျောင်းဝတ်စုံများအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များအပါအဝင် မည်သည့်ပစ္စည်းကိုမှ ရောင်းချခြင်း မပြုရန် တားမြစ်ချက်ကို လေးလေးနက်နက် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ မိဘပြည်သူများ ကျောင်းအပ်နှံရာတွင် ထပ်ကျော့ ကျောင်းအပ်နှံခြင်း၊ ကျောင်းအပ်နှံနှုန်း မြင့်မားခြင်းတို့ကြောင့် လိုအပ်သော ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ စသည်တို့ကိုလည်း မျှဝေခြင်းအစီအစဉ်နှင့် ပူးပေါင်းပြီး လုံလောက်စွာ ဖြန့်ဝေပေးမည်ဖြစ်ပါသည်။

ဆရာ ဆရာမများအနေဖြင့် မိမိ၏ တပည့်များကို ကျောင်းစာသင်ခန်းအတွင်း တကယ်တတ်မြောက်အောင် သင်ကြားသင်ယူလေ့ကျင့်ပေးကြရမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ ကျောင်းတက်မှန်ရေး ကျောင်းတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ကျောင်းနေမြဲပြီး အကျင့်စာရိတ္တကောင်းမွန်ရေးတို့ကို မိဘနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းဖွံ့ဖြိုးရေး ရန်ပုံငွေများကိုလည်း ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်ရေးအတွက် အမှန်တကယ် အထောက်အကူဖြစ်စေရန် စနစ်တကျစီမံခန့်ခွဲ အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

**ထိရောက်စွာ အကောင်အထည်ဖော်**

ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ ပူးပေါင်းစီစဉ်ဆောင်ရွက်နေကြသည်ကိုလည်း ကြားသိနေရပါသည်။

သို့ရာတွင် အမိအဖ မပြည့်စုံသောကလေးများ၊ ဆင်းရဲနွမ်းပါး၍ ဘဝအတွက် ရုန်းကန်နေရသောကလေးများ၊ စစ်ဘေးရှောင် ကလေးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသို့ မရောက်နိုင်သေးသော ကလေးများရှိနေဆဲပင်ဖြစ်သည်။ ထိုသို့သောကလေးများနှင့် ကျေးလက်မြို့ပြ၊ လမ်းအသီးသီး၊ အိမ်အသီးသီးရှိ ကျောင်းနေအရွယ်ကလေးတိုင်းကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ တာဝန်ရှိသူများက ရှာဖွေဖော်ထုတ်ပြီး လိုအပ်သောအခက်အခဲများကို ဝိုင်းဝန်းဖြည့်ဆည်းကာ ကျောင်းအပ်နှံနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

---

## မကွေး၌ ကိုယ်ပိုင်အထက်တန်းကျောင်းများကို စံချိန်စံညွှန်းကိုက်ညီစေရန် ပြင်ဆင်ချိန် တစ်နှစ်သက်တမ်းတိုးပေး

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီးတွင် ခွင့်ပြုထားပြီးသည့် ကိုယ်ပိုင် အထက်တန်းကျောင်းပေါင်း ၅၀ ရှိကြောင်း၊ အဆိုပါ ကျောင်းများတွင် သက်တမ်းတိုးကျောင်းနှင့် အသစ်လျှောက်ထားသည့်ကျောင်းများ ပါဝင်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ခွင့်ပြုပြီးသည့် ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် စံချိန်စံညွှန်းနှင့် မကိုက်ညီသည့် ကျောင်းများအား ပြင်ဆင်ချိန်တစ်နှစ်သက်တမ်းတိုးပေးထားကြောင်း သိရသည်။

**သက်တမ်းတိုးခွင့်ပေးခဲ့**

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးက ပြီးခဲ့သည့်နှစ်က ခွင့်ပြုပြီး ကိုယ်ပိုင်ကျောင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အချိန်ယူမစစ်ဆေးနိုင်ခဲ့သောကြောင့် ကျောင်းအားလုံးကို ဆက်လက်သက်တမ်းတိုးခွင့်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က အသစ်လျှောက်ထားခဲ့သည့် ကျောင်းပေါင်း ၂၀ ကျော်ကိုမူ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဥပဒေ၊ မူဘောင်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီကာ ကျန်းမာရေးအရ၊ လေဝင်လေထွက်အရ၊ အလင်းရောင်အရ ခွင့်ပြုသင့်သည့် ကျောင်းသစ်ငါးကျောင်းကို ထောက်ခံပေးခဲ့ကြောင်း မေ ၂၀ ရက်က ပြောကြားသည်။

ယခုနှစ်တွင် မကွေးတိုင်းဒေသကြီး၌ အသစ်လျှောက်ထားသည့် ကျောင်းပေါင်း ၂၀ ကျော်ရှိပြီး သက်တမ်းတိုးမည့်ကျောင်း ၂၃ ကျောင်းရှိခဲ့ရာ အသစ်လျှောက်ထားသည့်ကျောင်းများအနက် စည်းမျဉ်း၊ စည်းကမ်းနှင့်ကိုက်ညီသည့် ကျောင်းသစ်ငါးကျောင်းကိုသာ ထောက်ခံပေးခဲ့သလို သက်တမ်းတိုးမည့်ကျောင်း ၂၃ ကျောင်းတွင်လည်း စည်းမျဉ်း၊ စည်းကမ်းနှင့်ကိုက်ညီမှု ရှိ မရှိကိုစစ်ဆေးခဲ့ပြီး ကိုက်ညီမှုရှိသော ကျောင်းရှစ်ကျောင်းကိုသာ သက်တမ်းတိုးထောက်ခံပေးခဲ့ကြောင်း လူမှုရေးဝန်ကြီးက ပြောသည်။

အသစ်လျှောက်ထားသည့် ကျောင်းများအနေဖြင့် အစမ်းတစ်နှစ် လုပ်ခွင့်ရမည်ဖြစ်ပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသဖြင့် သက်တမ်းတိုး လွတ်လွတ်ကျွတ်ကျွတ်ထောက်ခံပေးခဲ့သည့် ကျောင်းရှစ်ကျောင်းကမူ ယာယီသက်တမ်းတိုး နှစ်နှစ်လုပ်ခွင့်ရမည်ဖြစ်ကြောင်း၊ သက်တမ်းတိုးစံချိန်စံညွှန်းနှင့် မညီသည့်ကျောင်း ၁၅ ကျောင်းကိုမူ ယာယီအနေဖြင့် တစ်နှစ်ထောက်ခံသက်တမ်းတိုးပေးခဲ့ကြောင်း လူမှုရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**လိုအပ်ချက်များရှိ**

"ယာယီ တစ်နှစ်အနေနဲ့ ထောက်ခံပေးခဲ့တဲ့ ကျောင်းတွေကတော့ လိုအပ်ချက်တွေ ရှိနေတာပေါ့၊ လိုအပ်ချက်တွေရှိနေပေမယ့် ဖြေလျှော့တဲ့အနေနဲ့ ပြန်လည်ပြင်ဆင်ပြီးတော့ လိုအပ်ချက်တွေ ဖြည့်စွက်နိုင်အောင်၊ လိုအပ်ချက်တွေကို ပြန်လည်ပြုလုပ်ပေးနိုင်အောင် ဒီကျောင်းတွေကို အချိန်တစ်နှစ်ပေးပြီးတော့ သူတို့ကို ပြင်ဆင်နိုင်အောင်၊ ကျောင်းသားတွေရော၊ ကျောင်းသားမိဘတွေရော၊ အစိုးရကျောင်းတွေမှာရော အခက်အခဲမဖြစ်ပေါ်အောင် တစ်နှစ်ပြင်ဆင်ခွင့်ပေးတဲ့အနေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကို ဒါတွေကို တစ်နှစ်တော့ ယာယီစမ်းသပ်လုပ်ကိုင်ခွင့်ပေးပါလို့ တင်ပြပြီးတော့ ထောက်ခံပေးခဲ့တာဖြစ်ပါတယ်"ဟု ဝန်ကြီးက ပြောသည်။

လက်ရှိ အစိုးရလက်ထက်တွင် ယခုနှစ်မှစပြီး ပြည်ထောင်စုအစိုးရက သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် မညီသော ကိုယ်ပိုင်ကျောင်းများအား အရေးယူပိတ်သိမ်းရန် လမ်းညွှန်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

---

## သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား)တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးမည်

**မြစ်ကြီးနား မေ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရန်ကြီးအောင်ရပ်ကွက် တောင်တန်းသာသနာပြု(ဗဟို)ကျောင်းတိုက်ဝင်းအတွင်းရှိ သီတဂူ စက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား)တွင် မျက်စိရောဂါဝေဒနာရှင်များအား ဇွန် ၄ ရက်မှ ၇ ရက်အထိ လေးရက်ကြာ အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံတော်(မြစ်ကြီးနား) စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ NamSan Lions အဖွဲ့မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံမှ မျက်စိအထူးကုပါမောက္ခ (အငြိမ်းစား)ဆရာဝန်ကြီး ဒေါက်တာမြအောင်နှင့် ဆရာဝန်ကြီးများ ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မျက်စိဝေဒနာရှင်များအား လူမျိုးဘာသာမရွေး အခမဲ့ ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိရောဂါဝေဒနာရှင်များအနေဖြင့် လာရောက်ပြသ ကုသမှုခံယူလိုပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် တောင်တန်းသာသနာပြု သီတဂူစက္ခုဒါနဆေးရုံတော် စီမံအုပ်ချုပ်ရေးအဖွဲ့ ဖုန်း ၀၇၄-၂၅၂၉၅၀၀၊ ၀၇၄-၂၅၂၉၅၀၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း လှူနာနှင့် လှူနာစောင့်များအတွက် အာဟာရဒါန လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

---

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

# ရေဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၁၀၀နှင့် ညီမျှသည့် ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

◆ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် စီမံကိန်း ၁၁ ခုနှင့် ဒုတိယလွှတ်တော်သက်တမ်းတွင် စီမံကိန်းသုံးခုတို့ကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်လျက်ရှိ

◆ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူထားသည့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းသုံးခုရှိ၊ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ နှင့် သန်း ၂၀ မှာ ကျောင်းများသို့ ငွေကြေးထောက်ပံ့ခြင်းစီမံကိန်းဖြစ်

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဝန်ကြီးဌာနနှစ်ခုမှ ရှင်းလင်းတင်ပြခြင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**လွှတ်တော်က မှတ်တမ်းတင်**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

**လွှတ်တော်သို့ ရှင်းလင်းတင်ပြ**

ဆက်လက်၍ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် စီမံကိန်း ၁၁ ခုနှင့် ဒုတိယလွှတ်တော်သက်တမ်းတွင် စီမံကိန်း သုံးခုတို့ကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကိုးခု၊ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ငါးခုရှိပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ရေဝတီမြစ်ဝှမ်းနှင့် နိုင်ငံ၏ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝအန္တရာယ်ဘက်စုံကာကွယ်တားဆီးရေး စီမံခန့်ခွဲမှု အားကောင်းလာစေရန်အတွက် ရည်ရွယ်၍ အမေရိကန် ဒေါ်လာ သန်း ၁၀၀နှင့် ညီမျှသည့် ချေးငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဖြစ်ပါကြောင်း။

**သတ်မှတ်ချိန်ပြီးစီးအောင်ဆောင်ရွက်**

စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ရေဝတီတိုင်း၏ ရေဝင်ပေါက်ဖြစ်သည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝင်ပေါက်ဖြစ်သည့် တိုးမြစ်မှာ မြင့်ပြီး ရန်ကုန်မြစ်က နိမ့်နေသည့်အတွက် တစ်ဖက်သတ် ရေစီးနေပါကြောင်း၊ အဆိုပါ တူးမြောင်းမှာ ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် တူးမြောင်းဖြစ်ပြီး ယခုအခါ ကမ်းပြိုမှုများပြားကာ ရေကြီးရေလျှံမှုများ ဖြစ်နေသည့်အတွက် ကိုရီးယားနိုင်ငံအကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချေးငွေကို လုံးဝသုံးစွဲခြင်းမရှိသေးဘဲ စီမံကိန်းကာလမှာ ၂၀၁၈ မှ ၂၀၂၄ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ကမ်းပါးထိန်းသိမ်းခြင်း၊ မြစ်ချောင်းထိန်းသိမ်းခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းတို့ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ သီလဝါကမ်းနားဒေသသို့ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးစီမံကိန်း၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း (၁) အဆင့် ၁၊ အဆင့် ၂ စီမံကိန်း၊ မီးရထားစက်ခေါင်းသစ်ပြုပြင်ရေးစက်များနှင့် အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ လူစီးတွဲသစ် တွဲ ၁၀၀ ဝယ်ယူရေးစီမံကိန်း၊ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ GSM/UMDS မိုဘိုင်းဖုန်းတိုးချဲ့ရေးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

**ငွေကြေးထောက်ပံ့ခြင်းစီမံကိန်း**

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူထားသည့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းသုံးခုရှိပါကြောင်း၊ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ နှင့် သန်း ၂၀ မှာ ကျောင်းများသို့ ငွေကြေးထောက်ပံ့ခြင်းစီမံကိန်း ဖြစ်ပါကြောင်း၊ စီမံကိန်း အဓိကရည်ရွယ်ချက်မှာ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နည်းရေး၊ အတန်းအဆင့်ကူးပြောင်းနှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှုမြင့်မားရေးတို့ ဖြစ်ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေ အမေရိကန် ဒေါ်လာ ၉၈ သန်းကျော်ဖြင့် ဆောင်ရွက်နေသည့် ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ချေးငွေများကို စီမံကိန်းရည်ရွယ်ချက်များ သတ်မှတ်ချက်များနှင့်အညီနှစ်အလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ထိရောက်စွာ ဟန့်တားအရေးယူ**

ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်က ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက် တိုင်ကြားချက်များကို သက်ဆိုင်ရာဌာနများသို့ အသိပေးလွှဲပြောင်း ဆောင်ရွက်ပေးရုံ သက်သက်မဟုတ်ဘဲ ထိရောက်စွာ ဟန့်တားအရေးယူနိုင်ရန် လုံလောက်သော အားထုတ်မှု ယခုထက်ပိုမို လိုအပ်မည်ဟု ထင်မြင်သုံးသပ်သင့်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတတ်သူများနှင့် CSO ကိုယ်စားပြုသူများ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း၊ ကော်မရှင်၏ အဆင့်အတန်းကို ကမ္ဘာ့စံသတ်မှတ်ချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အစီရင်ခံစာပါ ဖော်ပြချက်များမှာ ပြည်စုံကောင်းမွန်မှုရှိသည်ဟု ယူဆပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပညာပေးရေးလုပ်ငန်း၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ရုံးလုပ်ငန်းစီမံရေးရာ၊ ဘဏ္ဍာရေးရာ ကိစ္စရပ်ဟူ၍ ငါးပိုင်း တင်ပြထားပါကြောင်း၊ ပညာပေးဟောပြောပွဲများကို ကချင်၊ ကရင်၊ စစ်ကိုင်း၊ ပဲခူးနှင့် ရှမ်းတို့တွင် ၉ ကြိမ်နှင့် ဌာနအဖွဲ့အစည်း ၃၀ တို့တွင်လည်း ပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရုံနှင့် သင်တန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့ကိုးမြို့ ရဲတပ်ဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုနှင့် ကာကွယ်ရေးတက္ကသိုလ်များတွင် သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ပညာပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လူ့အခွင့်အရေးဆိုသည့် ကျယ်ပြန့်သည့် အဓိပ္ပာယ်ကို ဟောပြောပွဲများနှင့် သင်တန်းများတွင် ပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည် လိုက်နာတတ်စေရန်အတွက် ရှင်းလင်းချပြရန်နှင့် နှစ်စဉ် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရေးဆွဲသင့်သည်ဟု အကြံပြုလိုပါကြောင်း။

**စစ်ဆေးမှုများ ဆောင်ရွက်သင့်**

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၂၅၉၈ မှုကို လက်ခံရရှိပြီး ၁၇၇၈ မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ၂၀၉၄ မှု လက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၀၆ မှုသာလက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ခဲ့သည်ဟုလည်း သိရှိရပါကြောင်း၊ ၂၀၁၇ ခုနှစ် လက်ခံရရှိမှုအရ ယခင် လက်ခံရရှိသည့် အမှုပေါင်း၏ ၅ ရာခိုင်နှုန်းခန့်သာဖြစ်၍ အမှုမှန်ကန်မှုမရှိ၍ မတိုင်ကြားကြသည်မျိုးမဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် တိုင်ကြားမှုမပြုသည်ဆိုပါက နိုင်ငံအနေဖြင့် ကောင်းသည့်အလားအလာမဟုတ်ပါကြောင်း၊ ထို့အတွက် ဟောပြောပွဲများနှင့် သင်တန်းများ၊ တိုင်ကြားနိုင်မှုနှင့် တိုင်ကြားနိုင်သည့် အခြေအနေများကို ရှင်းလင်းချပြသင့်သည့်အပြင် ကော်မရှင်အဖွဲ့အနေဖြင့် သတင်းများနှင့် Online များမှ သတင်းအချက်အလက်များအပေါ်တွင်လည်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးရဲထွဋ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခေါ်) ဦးပြုံးချို၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကျော်နိုင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ နော်လှလှစိုး၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးနှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးပဉ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ အောင်ရဲသွင်(သတင်းစဉ်)**

---

# ရိခေါဒါရ်၌ နယ်စပ်ပန်းခြံနှင့် နယ်စပ်ကုန်သွယ်ရေးတံတားနံဘေး မြေထိန်းနံရံတည်ဆောက်



**ရိခေါဒါရ် မေ ၂၄**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်တံတားနံဘေး မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် နယ်စပ်ပန်းခြံတည်ဆောက်ခြင်းလုပ်ငန်းကို ချင်းပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ယခုနှစ် မတ်လမှစ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံတည်ဆောက်ရာတွင် အလျား ၇၂ ပေ၊ အမြင့် ၄၅ ပေရှိ အာရ်စီအမျိုးအစားဖြစ်ပြီး မြေထိန်းနံရံ တည်ဆောက်သည့်နေရာသည် ရိခေါဒါရ်မြို့ အမှတ် ၂ ရပ်ကွက်ရှိ မြို့စည်ပင်သာယာရေးအဖွဲ့မှ နယ်စပ်ပန်းခြံတည်ဆောက်သည့် မြန်မာ-အိန္ဒိယ နယ်စပ်ချောင်းဘေးတွင် တည်ရှိသည့်အတွက် နယ်စပ်ပန်းခြံကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာခြင်းကြောင့်သော်လည်းကောင်း၊ ပန်းခြံနံဘေးရှိ ကမ်းပါးအား မြေပြိုကျနိုင်သည့် အန္တရာယ်မှ ကာကွယ်ရေးအတွက် မြေထိန်းနံရံတည်ဆောက်ရန် လိုအပ်ခြင်းကြောင့်သော်လည်းကောင်း ချင်းပြည်နယ်အစိုးရ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေချထားပေးခဲ့ရာ နိုင်းဝင်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်း ဖြစ်သည်။

နယ်စပ်ပန်းခြံ တည်ဆောက်ခြင်းလုပ်ငန်းတွင် Plan ဆွဲထားသည့် လုပ်ငန်းများနှင့်အတူ ပန်းခင်းပျိုးပေါင်များ စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ အုတ်ဆိုင်းဘုတ်တစ်ခု တည်ဆောက်ခြင်း၊ ပန်းခြံကာရံခြင်း စသည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ယင်းနယ်စပ်ပန်းခြံအတွင်း၌ မြန်မာ-အိန္ဒိယနယ်စပ်ကမ္ဗည်း ကျောက်တိုင်(မှတ်တိုင် ၂၇(၁) ၁၉၆၈-၁၉၆၉) တစ်ခုလည်း တည်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အသင်းအနေနဲ့ စက်သုံးဆီလုပ်ငန်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဖြစ်သင့်ဖြစ်ထိုက်တာ အကြံဉာဏ်ပေးပါမယ်

**လက်ရှိစက်သုံးဆီဈေးနှုန်းနှင့် ပတ်သက်၍**
**မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း**

လက်ရှိ စက်သုံးဆီဈေးကွက်အခြေအနေနှင့်ပတ်သက်၍ မေ ၂၃ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် တင်သွင်းလျက်ရှိသော စက်သုံးဆီများသည် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော စက်သုံးဆီများဖြစ်ကြောင်း၊ ပြည်ပမှဝယ်ယူရသည့် မူရင်းဈေး၊ ဖြစ်ပေါ်လျက်ရှိသည့် ငွေလဲနှုန်းကို အဓိကအခြေခံလျက် နိုင်ငံတော်သို့ ပေးသွင်းသည့် အခွန်အခများကို ကြိုတင်ပေးသွင်းပြီး စက်သုံးဆီများကို ဆီတင်သင်္ဘောများဖြင့် တင်သွင်း၍ သိုလှောင်စရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ စက်သုံးဆီဆိုင်များ တည်ဆောက်မှုနှင့် ဝန်ထမ်းစရိတ်စသည်များကို ထည့်သွင်း တွက်ချက်ကာ ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းတင်ပြစဉ် ထည့်သွင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့် ကို လက်ရှိစက်သုံးဆီဈေးနှုန်း အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်က ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ လတ်တလော ဖြစ်ပေါ်နေတဲ့ စက်သုံးဆီဈေးနှုန်း အခြေအနေနဲ့ ပတ်သက်ပြီး သုံးသပ်ပြောကြားပေးပါရှင့်။**

ဖြေ။ ။ စက်သုံးဆီဈေးနှုန်း မြင့်တက်ရတဲ့ကိစ္စက တကယ်တမ်းက ရိုးရိုးရှင်းရှင်းလေးပါပဲ။ ဒီစက်သုံးဆီတွေကို ကျွန်တော်တို့က နိုင်ငံတကာဈေးကွက်ကနေ ဝယ်ယူရတာပါ။ ကျွန်တော်တို့နိုင်ငံကလည်း ထွက်တယ်။ ထွက်ပေမယ့် ကျွန်တော်တို့ရဲ့လိုအပ်ချက်ကို ကျွန်တော်တို့နိုင်ငံကထွက်တဲ့ အရေအတွက်က ၅ ရာခိုင်နှုန်းလောက်ပဲ အကြမ်းဖျင်းဖြည့်ဆည်းပေးနိုင်တယ်။ ၉၅ ရာခိုင်နှုန်းလောက် ကိန်းဂဏန်းအားဖြင့်ဓာတ်ဆီက တစ်လကို တန်ချိန်နှစ်သိန်း၊ ဒီဇယ်ဆီက တစ်လကို တန်ချိန်လေးသိန်းလောက် နိုင်ငံတကာဈေးကွက်ကနေ ဝယ်ပြီး ပြန်ရောင်းရတယ်။ ဝယ်ပြီးပြန်ရောင်းတဲ့ပစ္စည်းတွေဖြစ်တဲ့အခါကျတော့ နိုင်ငံတကာဈေးကွက်မှာ ဝယ်ရတဲ့ဈေးကို အခြေခံပြီး ကျွန်တော်တို့ပြန်ရောင်းရတယ်။ အဲဒီလိုရောင်းတဲ့အခါမှာ လက်ရှိတော့ အားလုံးသိတဲ့အတိုင်းပဲ။ နိုင်ငံတကာမှာ စက်သုံးဆီဈေးနှုန်းက နိုင်ငံရေးမူဝါဒတွေ၊ စီးပွားရေးမူဝါဒတွေအရ ကစားကြတယ်။ ကစားရင်းနဲ့ မြင့်တက်တဲ့ဘက်ကို တောက်လျှောက် တစ်နေ့ထက်တစ်နေ့ ရောက်သွားတယ်။ စောစောက လွှတ်တော်မှာ ရှင်းလင်းတင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ ဧပြီလ ၂ ရက်နေ့ နဲ့ မေလ ၁၇ ရက်နေ့ကို နှိုင်းယှဉ်တဲ့အခါမှာ ရေနံတစ်စည်၊ ဓာတ်ဆီတစ်စည်၊ ဒီဇယ်တစ်စည်ကို ၁၀ ဒေါ်လာပတ်ဝန်းကျင်လောက် ဧပြီလဈေးထက်စာရင် တက်သွားတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ဒေါ်လာငွေ ငွေလဲနှုန်းကလည်း ပြီးခဲ့တဲ့တစ်လလောက်က ကျပ် ၁၃၃၀ ရှိရာကနေ ၁၃၅၀ ကျော်သွားတယ်။ ၁၉ ကျပ်လောက်ဈေးတက်သွားတယ်။ အဲဒီနှစ်ခုရဲ့ ရိုက်ခတ်မှုကြောင့် ကျွန်တော်တို့ရောင်းမယ့် ကုန်ပစ္စည်းကလည်း အရင်းဈေးထက် တစ်လီတာကို ကျပ် ၁၀၀ လောက်တက်သွားတယ်။ အရင်းဈေးတွေ တက်သွားတဲ့အခါကျတော့ ရောင်းတဲ့နေရာမှာလည်း အရင်းဈေး ကျပ် ၁၀၀ တက်တာကြောင့် တစ်ဖက်ကလည်း ရောင်းဈေးမှာ တစ်နေ့ကို တစ်ဆယ် တစ်ဆယ်နဲ့ တစ်ခါ တစ်ခါကျရင် မတက်ဘဲ နဲ့ ပြန်ကျမလားဆိုပြီး နေကြည့်တယ်။ အဲဒီလိုနေတဲ့အခါ ဧပြီ ၂ ရက်နေ့က ရောင်းနေတဲ့ဈေးတွေသည်ပင် အဲဒီအချိန်မှာ ရောင်းဈေးက အရင်းဈေးထက် ၃ ရာခိုင်နှုန်းလောက်အရှုံးနဲ့ ရောင်းနေတာဖြစ်တယ်။ အဲဒီအချိန်မှာ ရောင်းနေတဲ့ကုန်ပစ္စည်းတွေက အဲဒီမတိုင်ခင်က ဝယ်ထားခဲ့တဲ့ ဆီလက်ကျန်လေးတွေ ကျန်တော့ ဒါကိုပြန်ကျလာမလားဆိုပြီး မေးပြီးရောင်းနေတဲ့အတွက်ကြောင့် ဖြစ်ပေါ်နေတာ။ အခုတော့ နောက်ထပ်တစ်လအတွင်းမှာ ကျပ် ၁၀၀ လောက်ထပ်တက်တော့ တစ်နေ့ကို ၁၀ ကျပ် တက်လိုက်၊ ကျပ် ၂၀ တက်လိုက်ရင်းနဲ့ ဒီနေ့က ပြီးခဲ့တဲ့တစ်လဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် တစ်လီတာကို ကျပ် ၁၀၀ လောက် တက်သွားတာဖြစ်ပါတယ်။



**ဒေါက်တာဝင်းမြင့် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်း)**

**မေး။ ။ လက်ရှိဖြစ်ပေါ်နေတဲ့ စက်သုံးဆီဈေးနှုန်း အခြေအနေနဲ့ ပတ်သက်ပြီး ဘယ်လို အကျိုးဆက်တွေ ရှိနိုင်မလဲ။**

ဖြေ။ ။ နိုင်ငံမှာ စက်ရုံတွေရှိတယ်။ သတ္တုမိုင်းတွေရှိတယ်။ ငါးဖမ်းလုပ်ငန်းတွေရှိတယ်။ အဲဒီကုန်ထုတ်လုပ်ငန်းတွေမှာ စက်သုံးဆီကို သုံးတယ်။ ဒါ့အပြင် လယ်ယာလုပ်ငန်းတွေမှာသုံးတယ်။ မြို့တွင်း အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွေမှာလည်း သုံးတယ်။ ဒါက ကျွန်တော်တို့ရဲ့အခြေခံလူသုံးကုန်ပစ္စည်းမှာ အရေးကြီးတဲ့ ခေါင်းစဉ်ထဲမှာပါတာကြောင့် သက်ရောက်မှုဖြစ်တယ်။

တက်တာကတော့ စောစောကပြောသလို ဝယ်ရင်းဈေးတွေတက်တယ်၊ နိုင်ငံခြား ငွေလဲနှုန်းတွေတက်ရင် တက်မှာပဲ။ အရင်တုန်းက ကျသွားတယ်ဆိုတာ နိုင်ငံခြားမှာ ရေနံတစ်စည်ကို ဒေါ်လာ ၁၃၀ လောက်အထိ တက်သွားတယ်၊ အဲဒီကနေ ကျပ် ၅၀- ၆၀ လောက်အထိ ပြန်ကျသွားတယ်။ အဲဒါကြောင့် ကျသွားတာပါ။ အခုဈေးတက်တာကတော့ အစိုးရရဲ့လုပ်ဆောင်ချက်ကြောင့်မဟုတ်ပါဘူး။ နိုင်ငံတကာမှာ ဈေးတက်လို့ တက်သွားတာဖြစ်ပါတယ်။

ကုန်ဈေးနှုန်းအပေါ်မှာ ဘယ်လောက်ထိခိုက်မှုရှိမလဲ၊ ကျွန်တော်တို့ တွက်ကြည့်တာ တစ်လီတာကို ၁၀ ကျပ် တက်သွားတယ်ဆိုပါတော့၊ ရန်ကုန်နဲ့မန္တလေးသွားတဲ့ ကားကြီးတစ်စီးက တစ်ခေါက်သွားရင် လီတာ ၂၀၀ ပဲ ကုန်ပါတယ်။ ၂၀၀ ဆိုရင် ဆီဖိုးကျပ် ၂၀၀၀ ပိုကုန်သွားမယ်။ သူက တန်ချိန် ၃၀ လောက်သယ်သွားပါတယ်။ တစ်တန်ကို ဘယ်လောက်ကုန်ကျမလဲဆိုတော့ တွက်လိုက်ရင် မြန်မာငွေကျပ် ၇၀ ပိုကုန်ပါမယ်။ တစ်တန်မှာ အကြမ်းဖျင်း ပိဿာ ၆၀၀ ရှိတော့ တစ်ပိဿာကို ၁၀ ပြားလောက်ပဲ သယ်ယူပို့ဆောင်ခတက်ပါမယ်။ ဒါက ဆီတစ်လီတာကို ကျပ် ၁၀ တက်ရင်ပေါ့၊ အကယ်၍ ၁၀ ဆ၊ အခု ကျပ် ၁၀၀ တက်သွားတာဆိုတော့ ကုန်သယ်ယူမှုစရိတ်က တစ်ပိဿာကို တစ်ကျပ်တက်မှာပါ၊ အဲဒါပဲတက်မှာဖြစ်ပါတယ်။ တစ်ပိဿာကိုတစ်ကျပ်လောက်တက်မယ့်ကိစ္စကို ဆီဈေးတွေ တက်လို့ဆိုပြီး အချို့က တစ်ပိဿာကို ကျပ် ၂၀ ၊ ၃၀ လောက် တက်တယ်၊ တက်ချင်တဲ့ လေသံတွေ လွှင့်ကြပါတယ်။ ဒါတွေကတော့ မဖြစ်သင့်ဘူးလို့မြင်ပါတယ်။ တကယ်ပိုမိုကုန်ကျတဲ့ဈေးအပေါ်မှာ တွက်မယ်ဆိုရင် ကျွန်တော့်အမြင်တော့ ပြောပလောက်တဲ့ သက်ရောက်မှုမဟုတ်ပါဘူး။ အခုတစ်လီတာကို ကျပ် ၁၀၀ တက်တယ်ဆိုတာ တော်တော်များတာပါ။ အဲဒါက ရေနံတစ်စည် ကို ၁၀ ဒေါ်လာတက်မှ တစ်လီတာကို ၁၀၀ တက်တာ ပါ။ ၁၀ ဒေါ်လာ တက်တဲ့အခြေအနေကလည်း တော်တော်ကို ရှားပါတယ်။ နောက်ထပ် ၁၀ ဒေါ်လာ ထပ်ဈေးတက်ရင်တောင် တစ်ပိဿာကို နောက်ထပ်တစ်ကျပ်ပဲတက်မှာ ဖြစ်တဲ့အတွက် စက်သုံးဆီ ဈေးနှုန်းတက်မှုကြောင့် ကုန်စည်ပို့ဆောင်မှု စရိတ်တွေတက်တယ်ဆိုတဲ့ ကိစ္စကနည်းနည်းပြန်ပြီး သုံးသပ်သင့်တဲ့ ကိစ္စပါ။ ထိုနည်းတူစွာပဲ စောစောကကျွန်တော်ပြောသလိုတွက်လိုက်မယ်ဆိုရင် ခရီးသွားတဲ့သူတွေအပေါ်မှာလည်း ပြောပလောက်တဲ့ သက်ရောက်မှုမရှိပါဘူး။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အခုလို စက်သုံးဆီဈေးနှုန်း တက်သွားတဲ့အပေါ်မှာ အသင်းကို ဆောင်ရွက်ဖို့ ညွှန်ကြားထားတာများရှိပါသလား။**

ဖြေ။ ။ စက်သုံးဆီလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေနဲ့တော့ စားသုံးသူတွေ သက်သာဖို့ ပုဂ္ဂလိကအချို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး စီစဉ်နေတာတွေရှိပါတယ်။

**မေး။ ။ သင့်တင့်လျောက်ပတ်တဲ့ စက်သုံးဆီဈေးနှုန်းဖြစ်ဖို့ အသင်းအနေနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားမလဲ။**

> **“ဧပြီလ ၂ ရက်နေ့ နဲ့ မေလ ၁၇ ရက်နေ့ကို နှိုင်းယှဉ်တဲ့အခါမှာ ရေနံတစ်စည်၊ ဓာတ်ဆီ တစ်စည်၊ ဒီဇယ်တစ်စည်ကို ၁၀ ဒေါ်လာပတ်ဝန်းကျင်လောက် ဧပြီလဈေးထက်စာရင် တက်သွားတယ်၊ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ဒေါ်လာငွေ ငွေလဲနှုန်းကလည်း ပြီးခဲ့တဲ့ တစ်လလောက်က ကျပ် ၁၃၃၀ ရှိရာကနေ ၁၃၅၀ ကျော်သွားတယ်၊ ၁၉ ကျပ်လောက် ဈေးတက်သွားတယ်”**

ဖြေ။ ။ ကျွန်တော်တို့အသင်းအနေနဲ့ စက်သုံးဆီလုပ်ငန်းနဲ့ ပတ်သက်တဲ့ နိုင်ငံတော်က ချမှတ်တဲ့ မူဝါဒတွေအတိုင်း ကျွန်တော်တို့သိသလောက်၊ တတ်သလောက် ဖြစ်စေချင်တာ၊ ဖြစ်သင့်တာတွေကို ဝိုင်းဝန်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေကို အကြံဉာဏ်ပေးပါမယ်။ မိဘဆီမှာ သားသမီးတွေ လိုချင်တာတွေ ပြောပြီး တောင်းဆိုသလို လိုချင်တာတွေကိုလည်း တောင်းဆိုပါမယ်။ ဒါပေမယ့် ကျွန်တော်တို့က ဂုဏ်သိက္ခာရှိတဲ့သူတွေဖြစ်ဖို့ ဆိုတာ တောင်းဆိုသင့် တောင်းဆိုထိုက်တဲ့ အရာတွေကိုသာ ကျွန်တော်တို့က တောင်းဆိုရမှာဖြစ်ပါတယ်။ မဟုတ်တာတွေကို သွားပြီး တောင်းဆိုမယ်ဆိုရင်တော့ အားလုံးကဝိုင်းပြီး လက်ညှိုးထိုးတာကိုခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စက်သုံးဆီလုပ်ငန်း တိုးတက်အောင်၊ တိုးတက်အောင်ဆိုတာ အဓိကကတော့ လွတ်လပ်၍ တရားမျှတမှုရှိဖို့ပါ။ အဲဒါလေး ဆက်လက်ပြီး ရရှိအောင်ပါ။ လူတစ်စုကိုပဲ ပေးပြီးလုပ်ခိုင်းမယ်။ စက်သုံးဆီ အရည်အသွေးက မကောင်းဘူး၊ ကောင်းအောင်ဆိုရင် လူတွေအများကြီးလုပ်နေတာ၊ မကောင်းဘူးဆိုပြီး တချို့က အဲဒီလိုသွတ်သွင်းတယ်။ အဲဒါမျိုးတွေ မရောက်အောင် ကျွန်တော်တို့ ကြိုးစားပြီး အစိုးရအဖွဲ့ကို တင်ပြပါမယ်။

**မေး။ ။ လက်ရှိစက်သုံးဆီဈေးနှုန်းကနေ ပြန်ကျသွားနိုင်တဲ့ အလားအလာရှိပါသလား။**

ဖြေ။ ။ ကုန်ပစ္စည်းတစ်ခုက တန်ရာတန်ကြေးရရင် ရောင်းချင်ကြတာပဲ။ တန်ရာ တန်ကြေးထက် နည်းနည်းပိုရရင် များများရောင်းချင်တာပဲ။ အခု ကျွန်တော်မြင်တာကတော့ ရေနံတစ်စည်ကို ထုတ်လုပ်မှုကုန်ကျစရိတ်က အရင်က ဒေါ်လာ ၄၀ လောက် ပြောကြတယ်။ အခုဒေါ်လာ ၇၀ လောက်ရနေပြီဆိုတော့ ရောင်းချင်တာ နည်းနည်းများပါလိမ့်မယ်၊ ရောင်းချင်တဲ့သူများလာပြီဆိုရင်တော့ နည်းနည်းပြန်ကျ လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် အင်အားကြီးမားတဲ့သူတွေရဲ့ ဖန်တီးမှုကိုလည်း ကျွန်တော်တို့ ထည့်တွက်ရမယ့်ကိစ္စဖြစ်တယ်။ အင်အား ကြီးမားတဲ့သူတွေဆိုတာက ဒါတွေကို အများဆုံး ထုတ်လုပ်နေတဲ့ သူတွေ၊ ပိုင်ဆိုင်တဲ့သူတွေ၊ အရောင်းအဝယ်လုပ်တဲ့ သူတွေပေါ့၊ သူတို့က တက်ချင်တယ် ဆိုရင်တော့ ဒီပစ္စည်းတွေကို ဝယ်သိမ်းထားမယ်။ ဥပမာ - မြန်မာပြည်မှာ စပါးတင်း ဘယ်နှသိန်း ထွက်မယ်၊ ဒါတွေကို သူတို့က ဝယ်သိမ်းပြီး ဈေးကိုင်ထားမယ်ဆိုရင်တော့ စပါးဈေးက တက်သွားမယ်။ အခုကမ္ဘာကြီး အနေနဲ့တော့ ကမ္ဘာကြီးက ထုတ်နိုင်တာ ဒီလောက်ပဲ။ ဒါကို ကုမ္ပဏီကြီးတစ်ခုက၊ လူတစ်ယောက်က သိမ်းနိုင်တယ်ဆိုရင်တော့ သူဆွဲတဲ့ဈေးပါမှာပေါ့။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**



## စက်သုံးဆီဒီဇယ် ဈေးတက်သော်လည်း ၁၀ နှစ်အတွင်း အမြင့်ဆုံးဈေး၏ ၆၀ ရာခိုင်နှုန်းကျော်သာရှိနေသေး

**ရန်ကုန် မေ ၂၄**

ကမ္ဘာ့ရေနံဈေးတက်လာ၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသော ၂၀၁၈ မေလ နောက်ဆုံးပတ် ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များတွင် အောက်တိန်း ၉၂ တစ်လီတာလျှင် ၈၅၅/၈၇၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၈၉၀/၉၀၅ ကျပ်နှုန်းရောင်းချနေသည်ဟု စက်သုံးဆီဝယ်ယူသုံးစွဲနေသူများက ဆိုသည်။

ယင်းဈေးနှုန်းအရ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၀၀ ကျပ်၊ ဂါလန် ၅၀ ဝင် တစ်ပီပါလျှင် ၂၀၅၀၀၀ ကျပ်၊ ဝန်းကျင်နှုန်းရှိနေသည်။ ယခုလပိုင်း စက်သုံးဆီဈေးမြင့်ခြင်းကို ပြောဆိုခြင်းများနေသော်လည်း ပြည်တွင်းစက်သုံးဆီဈေးကွက်၏ ၂၀၀၈ နှစ်လယ်မှ ၂၀၁၈ နှစ်လယ်အထိ ဆယ်စုနှစ် တစ်နှစ်တာကာလအတွင်း ဈေးနှုန်းအမြင့်ဆုံးအဖြစ်မရှိသေးဟု ပြည်တွင်းစက်သုံးဆီဈေးနှုန်းဟောင်းများအရ သိရသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း ကုန်စည်ပို့ဆောင်ရေးကုန်ကားများတွင်အသုံးများသော ဒီဇယ်တစ်ပီပါလျှင် ၃၅၀၀၀၀ ကျပ်အထိ မြင့်တက်ခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင်မူ ၇၉၀၀၀ ကျပ်အထိ ဈေးကျခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၀ ပြည့်နှစ်မှစ၍ open market စနစ်ဖွင့်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်အထိ ပုဂ္ဂလိက စက်သုံးဆီဆိုင်နှင့် နိုင်ငံပိုင် စက်သုံးဆီဆိုင်ပေါင်း ၁၆၁၂ ဆိုင်နှင့် ရေနံသိုလှောင်ကန် ခြောက်ခုရှိခဲ့သည်။ ယခုကာလတွင် စက်သုံးဆီဆိုင်ပေါင်း ၂၀၀၀ ဝန်းကျင်ရှိလာသည်။

ယခင်နှစ်များတွင် ဒီဇယ်သည် အောက်တိန်း ၉၂ ထက်ဈေးနှုန်းနိမ့်နေသော်လည်း ယခုနှစ်တွင် ဒီဇယ်သည် အောက်တိန်း ၉၂ ထက် ဈေးမြင့်နေရာ ဒီဇယ်အသုံးများသော ကုန်ကားများသည် ပိုမိုကုန်ကျနေသည်ဟု ခြောက်ဘီးကုန်ကားပိုင်ရှင် ကိုဖိုးချိုက ပြောသည်။

ယခုလပိုင်း ဒီဇယ်ဈေးသည် ၁၀နှစ်အတွင်းဖြစ်ခဲ့သော အမြင့်ဆုံးဈေးနှုန်း၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်သာရှိသေးသဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့သောကာလ၏ ဖြတ်သန်းလာခဲ့သော အတွေ့အကြုံများအရ ကုန်ကားလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲဖြစ်မှုနည်းသော်လည်း ပြည်တွင်းစက်သုံးဆီ ဝယ်ယူနေရသည့်ဈေးကွက်တွင် ဈေးနှုန်းအရည်အသွေး အခြင်အတွယ်စသည့် ဝန်ဆောင်မှုကောင်းများ ဝယ်ယူသူအပေါ် မိမိဆိုင်တံဆိပ်ကိုအလေးထား တာဝန်ယူတာဝန်ခံမှု အပြည့်အဝပေးနိုင်သည့် ပီပြင်သော ဈေးကွက်စီးပွားရေးဖြစ်လာရန် မျှော်လင့်နေပါသည်ဟု စက်သုံးဆီဝယ်ယူနေရသူများက ဆိုသည်။

**ခင်ဆိုင်**

# ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင်ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃။ ပြည်ထောင်စုလွှတ်တော် နာယက က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန်တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၅။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၂၀ ရက်နေ့ မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၅ တွင်ပါရှိသော "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၆။ ပြည်ထောင်စုလွှတ်တော် နာယကက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်း ကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင်ပါရှိသော "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "အောက်တိုဘာလအတွင်းတွင်" ဆိုသည့် စကားရပ်ကို "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် မေ ၂၄**

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးမည့်အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံအကျိုးအမြတ်တို့ကိုအခြေခံပြီး ကောင်းမွန်သော စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးတို့ကို အားပေးမြှင့်တင်သွားကြရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် အတွက် သဘောတူလက်မှတ်ရေးထိုးပြီး ဆောင်ရွက်ခြင်းဖြင့် တစ်ဖက်နိုင်ငံ၏ Quota သတ်မှတ်ချက်များကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်း၊ သကြားအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများအားလုံး တင်ပို့ပြီး အပြန်အလှန်အားဖြင့် ဓာတ်မြေသြဇာ၊ ယာဉ်ယန္တရား၊ လျှပ်စစ်နှင့် သက်ဆိုင်သော ပစ္စည်းများအား တရုတ်နိုင်ငံဘက်မှ တင်သွင်းနိုင်ရေးကို UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များမှ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ရွေးချယ် သတ်မှတ်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆွေးနွေးပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက MoUလက်မှတ်ရေးထိုးမည့်ကိစ္စနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မြန်မာ-အိန္ဒိယနယ်စပ်တံတားအပေါ် ယာဉ်ဖြတ်သန်းသွားလာခွင့် အိန္ဒိယဘက်မှ ပိတ်ပင်ထားဆဲဖြစ်

**ရိခေါဒါရ် မေ ၂၄**

ချင်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေး ဝင်ထွက်ပေါက်တစ်ခုဖြစ်သည့် ရိခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်တံတားတွင် မေ ၂၀ ရက်မှစ၍ ယာဉ်များ ဖြတ်သန်းသွားလာမှုကို အိန္ဒိယနိုင်ငံဘက်မှ ခေတ္တပိတ်ထားခဲ့ရာ ကုန်ပစ္စည်းများအား တွန်းလှည်း များဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ဘက်က အထည်အလိပ်(မူဆယ်) ကုန်ပစ္စည်းတွေကို လူနဲ့၊ တွန်းလှည်းတွေနဲ့ တစ်ဖက် အိန္ဒိယနိုင်ငံကို ပို့ဆောင်ထားပါတယ်၊ ကွမ်းသီးတွေကျတော့ ဒီနေ့အထိတင်ပို့ခြင်း မရှိသေးပါဘူး၊ တစ်ဖက် အိန္ဒိယနိုင်ငံဘက်က သွင်းကုန်ဖြစ်တဲ့ ဓာတ်မြေသြဇာတွေကိုတော့ သူတို့ အလုပ်သမားအဖွဲ့ကလူနဲ့ ကျွန်တော်တို့ဘက် တံတားနားအထိ လာရောက်ပို့ဆောင်ပါတယ်၊ ကုန်စည်ပို့ဆောင်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှု အခက်အခဲက ဒီနေ့နဲ့ဆို လေးရက်တောင်ရှိပြီ၊ ဘာမှ ထူးခြားမှုမရှိသေးပါဘူး၊ နယ်စပ်တံတားပေါ်မှာ နှစ်နိုင်ငံ ပို့ကုန်သွင်းကုန် ထမ်းပို့တဲ့အလုပ်သမားတွေနဲ့ ပြည့်နေတာပဲ၊ ယာဉ်တွေ ဘယ်တော့ဖြတ်သန်းခွင့်ပြုမှာလဲ ဆိုတာမသိနိုင်သေးဘူး"ဟု ကုန်တင်ကုန်ချအသင်းမှ ဦးဒင့်ဆန်းငါက ပြောသည်။

အဆိုပါ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်တံတားတွင် စက်တပ်ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ခြင်းကို အိန္ဒိယနိုင်ငံ အာသံရိုင်ဖယ်တပ်မှ ခေတ္တပြုလုပ်ထားခြင်းဖြစ်ပြီး မည်သည့်အကြောင်းပြချက်ဖြင့် မည်မျှကြာအောင် ပိတ်ပင်သွားမည်ကို မသိရှိရကြောင်း၊ ယခုအခါ တွန်းလှည်းများ၊ ကုန်ထမ်းပိုးသူများဖြင့် သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## အသည်းရောင် B ပိုးကာကွယ်ဆေး ဘီပီအိုင်မှ အရည်အသွေးမြင့်စွာထုတ်လုပ်

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြို့ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ BPI ဆေးဝါးပစ္စည်းစက်ရုံမှ ဆေးအမျိုးပေါင်းရာကျော်ကို ထုတ်လုပ်လျက်ရှိရာ အသည်းရောင်အသားဝါ B ပိုးအတွက် ဆေးကို ပို၍ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"စက်ရုံမှာ အသည်းရောင်အသားဝါ B ပိုး ကာကွယ်ဆေးကို ဒီနှစ်ပိုင်းမှာ သိသိသာသာ တိုးပြီးထုတ်လာတယ်၊ အကြောင်းရင်းက ဘီပီအိုင်ဆေးက ဈေးသက်သာတယ်၊ အရည်အသွေးကောင်းတယ်၊ ဝန်ကြီးဌာနအစီအစဉ်နဲ့ ထိုးပေးရတာလည်းရှိတယ်၊ ဒီဆေးကို အသုံးပြုတာ လူနာသောင်းနဲ့ သိန်းနဲ့ ချီသွားပြီ၊ ဘာမှ ဘေးထွက်ဆိုးကျိုး မကြားရဘူး"ဟု စက်ရုံမှူး ဒေါက်တာအောင်ဇော်က ပြောသည်။

BPIဆေးဝါးစက်ရုံမှ ၁၉၄၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဆေးဝါးများ ထုတ်လုပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော ကင်ဆာဆေး၊ HIVနှင့် B ပိုး၊ C ပိုး ဆေးများနှင့် ကာကွယ်ဆေးများကို ထုတ်လုပ်လျက်ရှိကာ အသည်းရောင်အသားဝါဝေဒနာရှင်များအတွက် စက်ရုံရှေ့တွင် ဘီပိုး၊ စီပိုးစစ်ရန်ဆေးခန်းထားရှိ၍ ဘီပိုးကာကွယ်ဆေးကိုလည်း ထိုးနှံနိုင်ကာ ယခုနှစ်ပိုင်းတွင် BPI ဆေးဝါးထုတ်လုပ်သောစက်ရုံမှ အရည်အသွေးကောင်းမွန်သော အသည်းရောင်အသားဝါ B ပိုး ကာကွယ်ဆေး ပို၍ထုတ်လုပ်ရောင်းချရလျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**



---

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၇ ရက်မှ မေ ၂၃ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | တစ်ကိုယ်တော်နှင့် အခြားဝတ္ထုတိုများစုစည်းမှု | ဝိုင်အနီ | ၄၅၀၀ | လူငယ်တစ်ယောက် |
| ၂ | လူတွေနားထောင်လာအောင် ဘယ်လိုပြောမလဲ | ကောင်းသာ | ၃၂၀၀ | စိတ်ကူးချိုချို |
| ၃ | အမှောင်တွေ ရှာချတဲ့မိုးတိမ် | ထက်မြတ်နိုင်ဇင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၄ | ကျောင်းသားများအတွက် သင်ခန်းစာမှတ်သားမှုလမ်းညွှန်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုအဆင့်ဆင့် | မင်းထက်ဇော် | ၁၅၀၀ | မနောဖြူ |
| ၅ | အင်ပါယာများပြိုကွဲခြင်း၊ သံကန့်လန့်ကာကြီးနောက်ကွယ်နှင့် ၉/၁၁ အလွန် စစ်ပွဲများ | လုစိုးဝေ | ၂၀၀၀ | ရုပ်ပြောင် |
| ၆ | စီးပွားရှာသူတိုင်း သိထားသင့်တဲ့ စီးပွားရေးသီအိုရီ | ရဲဦး | ၁၃၀၀ | စိတ်ကူးချိုချို |
| ၇ | မေတ္တာကြိုးဝိုင်းထဲက မြင်ကွင်းများ | ခင်သစ်နှင်း | ၃၀၀၀ | လင်းလွန်းခင် |
| ၈ | စိတ်ကူးယဉ်အိပ်မက်ထဲက SME နှင့် စာစုများ | ကိုအမောင် | ၂၀၀၀ | စိတ်ကူးယဉ် |
| ၉ | ရွှေအမြုတေလက်ရွေးစင်ဝတ္ထုရှည် စုစည်းမှု (၇) | ကလောင်စုံ | ၃၅၀၀ | လင်းလွန်းခင် |
| ၁၀ | ရွှေရောင်သက္ကရာဇ်ကဗျာများ | မောင်စူးရဲ၊ တန့်ဆည် | ၂၀၀၀ | Pica Media |
| ၁၁ | မေ့လျော့ခံရခြင်းဟာ ဖက်ရှင်တစ်ခုဖြစ်တယ် | ယောဟန် | ၂၀၀၀ | နှစ်ကာလများ |
| ၁၂ | သော့ Key | ငြိမ်းဝေ | ၃၀၀၀ | နှစ်ကာလများ |
| ၁၃ | ပြောမိတော့မှာပဲ - ၃ | ကောင်းဆက်နိုင် | ၃၀၀၀ | ရသစာပေ |
| ၁၄ | မြန်မာ့တပ်မတော်မင်္ဂလာပါ | ကိုဇန် | ၂၀၀၀ | ခူဝံ |
| ၁၅ | အညတရစက်ဝိုင်း | ဗညားဦး | ၂၀၀၀ | ရွှေကလောင် |
| ၁၆ | ကျွန်တော့်ဘဝရဲ့ခံယူချက်နှင့် နိုင်ငံတကာဝတ္ထုများစုစည်းမှု | ဒေါက်တာမော်သန်း | ၃၀၀၀ | ရွှေကလောင် |
| ၁၇ | ဂျီနီဆိုက် | ဇော်လူစိမ်း | ၁၅၀၀ | လူငယ်တစ်ယောက် |
| ၁၈ | အကွဲဗိုင်းရပ်စ် | မြလွှမ်းမိုးဆွေ | ၂၀၀၀ | ဦးအောင်သော်ဦး |
| ၁၉ | နှင်းဦးသစ္စာ | သြမံ | ၂၀၀၀ | ဦးအောင်နိုင်မိုး |
| ၂၀ | မြို့ကလေးနေမကောင်းပါ ဝတ္ထုတိုစု | စံပယ်ဖြူနု | ၃၅၀၀ | မဟာစာပေ |

ဆက်လက်ဖော်ပြပါမည်

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ မေ ၂၄**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်ဖြစ်စဉ်များနောက်ပိုင်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းမှု အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်ခဲ့သည့်အတွက် အမြန်ဆုံးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုလိုဆောင်ရွက်နေချိန်မှာပင် တစ်ဖက်နိုင်ငံသို့နေရပ်စွန့်ခွာသူများ မြောက်မြားစွာရှိလာသည်ကိုတွေ့ရပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့သော်လည်း နေရပ်စွန့်ခွာသူအရေအတွက်ပိုမိုများလာပြီး အဆိုပါအခြေအနေသည် ပြည်နယ်ကိစ္စတစ်ခုတည်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအရေးဖြစ်ကြောင်း၊ ၎င်းကိစ္စသည် မိမိတို့အတွက် အရေးတကြီး ဆောင်ရွက်နေရသည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် နောက်ဆုံးအခြေအနေအရ ပြန်လည်လက်ခံရန်နှင့် ပြန်လည်နေရာချထားရန်အပြင် ပြန်လည်ဝင်ရောက်လာသည့် လူများနှင့်ပတ်သက်ပြီး ရေရှည်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်ကဏ္ဍအပါအဝင် ကဏ္ဍသုံးခုကို နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် ဦးဆောင်ပြီးဆောင်ရွက်နေကြောင်း နှင့် ပြန်လည်လက်ခံရေးကိစ္စနှင့် ပတ်သက်ပြီး ကဏ္ဍအလိုက် တာဝန်ရှိသည့်ဌာနအလိုက် အသီးသီးက နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်နှင့်အညီဥပဒေနှင့်အညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ ဒုတိယ ဥက္ကဋ္ဌ (၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြန်လည်ဝင်ရောက်သူများကို လက်ခံရေးစခန်းများတွင် နေရာချထားရေး၊ လူမှုကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေရေး၊ ကြိုပို့ယာဉ်စီစဉ်ဆောင်ရွက်ပေးရေး၊ လုံခြုံရေးဆောင်ရွက်ပေးရေးနှင့် မှတ်တမ်းများထားရှိရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ အထောက်အကူပြုကော်မတီ ပူးတွဲဥက္ကဋ္ဌ (၁) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ အထောက်အကူပြုကော်မတီ၊ ပူးတွဲဥက္ကဋ္ဌ(၂) ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဦးကျော်လွင်တို့က ပြန်လည်ဝင်ရောက်လာသူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဝင်ရောက်လာသည့်အခါ ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်မှ အခွန်အများဆုံးပေးဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်



စစ်တွေ မေ ၂၄

**ရခိုင်ပြည်နယ်မှ အခွန်အများဆုံးပေးဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ပွဲနှင့် အခွန်ဆိုင်ရာပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အခွန်ထမ်းဆောင်ခြင်းဆိုသည့် အဓိပ္ပာယ်သည် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်ဟု မှတ်ယူပါကြောင်း၊ တာဝန်ဆိုသည့် အရာကို အားလုံးက အထူးအလေးပေးပြီး ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ဝေစု ၁၄ ဒသမ ၄၃၉ ဘီလီယံရရှိခဲ့ပါကြောင်း၊ ရရှိခဲ့သည့် ဘဏ္ဍာငွေများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးစွဲပါကြောင်း၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့အကျိုးအတွက် စီးပွားရှာသကဲ့သို့ ပေးဆောင်လိုက်သည့် အခွန်ငွေကိုလည်း ကြည်သာပျူငှာစွာ ပေးဆောင်နိုင်သည့်အတွက် နိုင်ငံအကျိုး၊ မိမိ၏အကျိုးကို ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခန်းကဏ္ဍဖြစ်သည့် အခွန်ငွေများကိုအပြည့်အဝရရှိရန်နှင့် ပြည်သူများအတွက် အကျိုးရှိမည့်လုပ်ငန်းများကို အပြည့်အဝ တာဝန်ကျေပွန်စွာဖြင့် လုပ်ဆောင်ကြရန် ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်မှ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် အခွန်အများဆုံး ထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်အခွန် ဦးစီးမှူး ဦးတင်မောင်ဆွေက အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# Miss Universe (Yangon) 2018 ဆန်ခါတင်အလှမယ် ရွေးချယ်

ရန်ကုန် မေ ၂၄

**မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ်တွင် တစ်ကျော့ပြန်ကာ စတင်ကျင်းပလာသော Miss Universe Myanmar ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံနိုင်ရန်အတွက် Miss Universe (Yangon) 2018 ဆန်ခါတင်အလှမယ်များကို စတင်ရွေးချယ်ကာ စာနယ်ဇင်းမိတ်ဆက်လိုက်ပြီဖြစ်သည်။**

အဆိုပါ စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ပြည်လမ်းရှိ Jasmine Palace Hotel ၌ ကျင်းပရာ ရွေးချယ်ထားသော စုစုပေါင်း ဆန်ခါတင်အလှမယ် ၂၄ ဦး နှင့်အတူ ယခင် Crown ရရှိထားသော အလှမယ် သျှားထွင်္ကအိန္ဒြာ၊ ဇွန်သံစဉ်တို့နှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပမီဒီယာများ တက်ရောက်ကြသည်။

“ဒီနေ့ မီဒီယာချပြတဲ့ Miss Universe (Yangon) 2018 အလှမယ် ၂၄ ဦးကို ဆန်ခါတင်ရွေးချယ်ထားတာပါ၊ အခုရွေးချယ်ထားတဲ့ ညီမငယ် ၂၄ ဦးကို ကျွန်တော်တို့က နှစ်လပိုင်းလောက်ကတည်းက လျှောက်လွှာတွေ လက်ခံခဲ့တယ်၊ ပြီးတော့ လူတွေ့စစ်ဆေးပါတယ်၊ အရပ်အမောင်း၊ အလှအပ၊ အရည်အချင်းတွေအားလုံးကို သေချာစစ်ဆေးပြီး ဒီထဲက ဆန်ခါတင်ရွေးချယ်ထားတာ ဖြစ်ပါတယ်၊ သူတို့ကိုလေ့ကျင့်မှုတွေ စတင်ပေးတော့မှာပါ၊ ပြည်ပဆရာတွေပါသလို၊ ပြည်တွင်းဆရာတွေလည်း ပါပါတယ်၊ Training ကာလမှာတော့ ပြည်တွင်းခရီးတိုလေးတွေ ထွက်ဖြစ်မှာပါ၊ သူတို့တွေရဲ့ လှုပ်ရှားမှုလေးတွေနဲ့ ပရဟိတလုပ်ငန်းတွေလည်း ပါဝင်မှာပါ၊ ဇွန်လထဲမှာပဲ ဖြစ်မှာပါ၊ အထူးသဖြင့် တန်ခိုးကြီးဘုရားတွေနဲ့ သီလရှင်ကျောင်း၊ မိဘမဲ့ကလေးဂေဟာသွားဖြစ်မှာပါ” ဟု Miss Universe (Yangon) 2018 Organization မှ ဦးမျိုးမင်းက ပြောသည်။

ယနေ့ Miss Universe (Yangon) 2018 Organization မှ ဆန်ခါတင်ရွေးချယ်လိုက်သော အလှမယ်များမှာ ခါးနံပါတ် ၁ စံထိပ်ထား၊ ခါးနံပါတ် ၂ စူစံချိုင်း၊ ခါးနံပါတ် ၃ အမရာငြိမ်း၊ ခါးနံပါတ် ၄ သက်ထားခင်၊ ခါးနံပါတ် ၅ မေသူအောင်၊ ခါးနံပါတ် ၆ နိုနိုနွေးထက်၊ ခါးနံပါတ် ၇ မေဦးမွန်၊ ခါးနံပါတ် ၈ နန်းသီတာမော်၊ ခါးနံပါတ် ၉ ထူးစံနွယ်၊ ခါးနံပါတ် ၁၀ နွေချယ်လင်း၊ ခါးနံပါတ် ၁၁ ထူးနန္ဒာ ဝင့်၊ ခါးနံပါတ် ၁၂ မိမိခန့်၊ ခါးနံပါတ် ၁၃ ပင်ကီ၊ ခါးနံပါတ် ၁၄ မေဇူလိုင်၊ ခါးနံပါတ် ၁၅ နှင်းပွင့်ဦး၊ ခါးနံပါတ် ၁၆ မဥ္ဇူ၊ ခါးနံပါတ် ၁၇ ရွှန်းလဲ့သဒ္ဒါ လွင်၊ ခါးနံပါတ် ၁၈ မေသုခ၊ ခါးနံပါတ် ၁၉ နေသီရိထွန်း၊ ခါးနံပါတ် ၂၀ နိုနိုကေ၊ ခါးနံပါတ် ၂၁ နန်းကြယ်စင်၊ ခါးနံပါတ် ၂၂ မြမဥ္ဇူသန်း၊ ခါးနံပါတ် ၂၃ စိုးမိမိနှင့် ခါးနံပါတ် ၂၄ ခခစံတို့ဖြစ် ကြသည်။ ယင်းဆန်ခါတင် အလှမယ်များကို လျှောက်လွှာ ၃၀၀ ကျော်မှ စိစစ်ရွေးချယ်ထားခြင်းဖြစ်ပြီး ယင်းထဲမှ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်မှ Winner တစ်ဦးစီနှင့် 1st Runner Up တစ်ဦးစီ ကိုယ်စားပြုရွေးချယ်သွားမည်ဖြစ်ပြီး စုစုပေါင်း ရှစ်ဦးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း Miss Universe (Yangon) 2018 ဖိုင်နယ်ပြိုင်ပွဲကြီးကို လာမည့် ဇွန် ၁၀ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများကို သတ်မှတ်ချီးမြှင့်ပေးမည့် ငွေပမာဏအား ယနေ့တိုင် Organization အနေဖြင့် သတ်မှတ်ထားခြင်း မရှိသေးကြောင်း သိရသည်။

**မောင်စိန်လွင်**
**(မြန်မာ့အလင်း)**



**နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။**

❑ *ကျော်ဖုံးမှ*

ယခုအချိန်အထိ အကြောင်းပြန်ကြားလာခြင်းမရှိကြောင်း၊

နှစ်နိုင်ငံ သတင်းဖလှယ်မှုအား ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် အဆိုပြုပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံမဆောက်လုပ်ရန် တားမြစ်ထားသည့် ဇုန်အတွင်း၌ တဲအသစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းများအား ရပ်ဆိုင်းပေးစေလိုပြီး ရိက္ခာလာရောက် ပေးပို့နေမှုများနှင့် လုံခြုံရေး လိုက်ပါကူညီပေးနေမှုများကို ကန့်ကွက်ပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မေ ၂၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မင်းကင်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၃၀ လက်မ ၊ မိုးညှင်းမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၀၂ လက်မ ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၉၅ လက်မ၊ မဒေါက်မြို့တွင် ၀ ဒသမ ၈၃ လက်မ ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ပူတာအိုမြို့၊ ကလေးဝမြို့ နှင့် ပင်လည်ဘူးမြို့တို့တွင် ၀ ဒသမ ၇၅ လက်မစီနှင့် ရေးမြို့တွင် ၀ ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကံဘဲ့လမ်းမှ ကလေးကစားကွင်းမြေနေရာကိုရှင်းလင်းကာ အားကစားကွင်းအဖြစ် ဆောင်ရွက်မည်

ရန်ကုန် မေ ၂၄

**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့လမ်းပေါ်တွင် တည်ရှိသည့် ကစားကွင်းမြေနေရာပေါ်ရှိ အဆောက်အအုံအား ရှင်းလင်းဖယ်ရှားကာ အားကစားကွင်းအဖြစ် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။** (အောက်ပုံ)

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ ရန်ကင်းမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ ကံဘဲ့လမ်းပေါ်တွင်တည်ရှိသော ကလေးကစားကွင်းမြေနေရာသည် အိုးအိမ်ဦးစီးဌာနမှ စီမံခန့်ခွဲသောမြေဖြစ်ပြီး ၎င်းအဆောက်အအုံမှာ မည်သူက ပိုင်ဆိုင်ပြီး မည်သူ့ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားခြင်းကို သိရှိလိုကြောင်းနှင့် ၎င်းအဆောက်အအုံနှင့် မြေမှအခွန်အခကို မည်သူကရရှိပြီး နိုင်ငံတော်မှ မည်မျှအခွန်အခ ရရှိနေသည်ကို သိလိုကြောင်း မေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဖြေကြားခဲ့ခြင်းဖြစ်သည်။



မြေနေရာပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံကို ရှင်းလင်းပြီး မြေယာ Redevelopment ပြုလုပ်ချိန်တွင် အားကစားကွင်းအဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခြင်းဖြစ်သည်။

"အိုးအိမ်ဦးစီးဌာနက မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စီမံခန့်ခွဲနေတဲ့ အိမ်ရာတွေ၊ မြေတွေအားလုံးကို ၂၀၁၈ ဒီဇင်ဘာလ နောက်ဆုံးထားပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်၊ ဒီကလေးကစားကွင်း မြေနေရာအဖြစ် ဖော်ပြထားခြင်း မရှိဆိုတာ သက်ဆိုင်ရာမှာ မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသော်လည်းကောင်း၊ မြေစာရင်းသော်လည်းကောင်း၊ YCDC မှာ သော်လည်းကောင်း မြေပုံတွေရှိပြီး ဒီမြေပုံပေါ်မှာ မှတ်သားထားချက်အရ ဖော်ပြခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာရှိနေတဲ့ စားသောက်ဆိုင်ကို ရှင်းလင်းပြီး မြေကို Re-development လုပ်တဲ့အချိန်မှာ အားကစားကွင်းအဖြစ် စီစဉ်ဆောင်ရွက်သွားမယ်"ဟု ဝန်ကြီး ဒေါ်နီလာကျော်က ဖြေကြားခြင်းဖြစ်သည်။

ရန်ကင်းမြို့နယ် အမှတ် ၄ ရပ်ကွက်ရှိ မြေနေရာသည် မူလအိမ်ရာစခန်း Master Plan အရ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေပိုင် မြေအလွတ်ဖြစ်ပြီး ကလေးကစားကွင်း မြေနေရာအဖြစ် သတ်မှတ်ဖော်ပြထားခြင်း မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရှိရသည်။

အဆိုပါမြေနေရာသည် အိမ်ရာနှင့် ကံဘဲ့လမ်းအကြား အစိုးရမြေပေါ်တွင်တည်ရှိပြီး အဆောက်အအုံမှာ ယခင်က တပ်မတော်ထောက်လှမ်းရေး သက်သာရန်ပုံငွေအဖြစ် စားသောက်ဆိုင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်သူက အဆောက်အအုံ ဆောက်လုပ်ကာ စားသောက်ဆိုင်အဖြစ် နှစ်စဉ်မြေငှားရမ်းခ ပေးသွင်းလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ မြေငှားရမ်းခကို ငါးနှစ်တစ်ကြိမ် စိစစ်တိုးမြှင့်ကောက်ခံခဲ့ပြီး မြေငှားရမ်းခငွေကို နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိရာ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ တစ်လလျှင် ငွေကျပ် ၂ သိန်းဖြင့် တစ်နှစ်လျှင်ငွေကျပ် ၂၄ သိန်းဖြင့် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တစ်လလျှင် ငွေကျပ် ၂ ဒသမ ၂ သိန်းဖြင့် တစ်နှစ်လျှင် ငွေကျပ် ၂၆ ဒသမ ၄ သိန်း နှုန်းဖြင့်လည်းကောင်း မြေငှားရမ်းခ ပေးသွင်းထားကြောင်း သိရှိရသည်။

ရန်ကင်းမြို့နယ်သည် အထင်ကရ မြို့နယ်တစ်ခုဖြစ်ပြီး မြေတန်ဖိုးများလည်း မြင့်မားကြောင်း၊ ယခုလက်ရှိ ကံဘဲ့မိုးကောင်းပတ်ဝန်းကျင် လမ်းမပေါ်တွင် စီးပွားရေးလုပ်ကိုင်နိုင်သည့် မြေညီထပ် ငှားရမ်းခများမှာ တစ်လလျှင် ငွေကျပ် လေးသိန်းမှ ရှစ်သိန်းအထိ ကာလပေါက်ဈေးရှိကြောင်းနှင့် အစိုးရသို့ မြေငှားရမ်းခြင်းဖြင့် ယခုကဲ့သို့ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ရခြင်းမှာ ပြင်ပပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက များစွာ ကွာခြားလျက်ရှိကြောင်း ရန်ကင်းမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင် မငယ်လေးက ပြောသည်။

**မင်းသော်**

**ဓာတ်ပုံ-တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း (၅၇ လမ်းထောင့်)၊ စတုတ္ထထပ်၊ အမှတ်(၁၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုပါက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ ယာယီဓာတ်အားပြတ်တောက်မည်

ရန်ကုန် မေ ၂၄

(230)kV လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းအား ဇွန်လ ပထမပတ်တွင် ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ (230)kV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတွင် ကျိုက်လတ် Switch Bay တိုးချဲ့ခြင်းလုပ်ငန်း မှာ ၈၀ ရာခိုင်နှုန်းပြီးစီး၍ Bus D/S တပ်ဆင်ပေးရန် ကျန်ရှိပါသည်။ အဆိုပါ (230) kV Bus D/S တပ်ဆင်ခြင်းနှင့် Dropper ချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၈ ခုနှစ် မေ ၂၆ ရက် (စနေနေ့) တွင် ည ၁၂ နာရီမှ နံနက် ၆ နာရီအထိ (230)kV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၏ (230)kV Bus အား ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် နေ့အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေး ၊ ဒလ ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ဆိပ်ကြီးခနောင်တို၊ ရွှေလင်ပန်းမြို့နယ်များ အချိန်ပိုင်းယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ပါသည်။လှိုင်၊ ကမာရွတ်။ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များရှိ ရပ်ကွက်အချို့တို့တွင်လည်း နံနက် ၅ နာရီမှ ၆ နာရီအတွင်း ယာယီဓာတ်အား ပြတ်တောက်နိုင်ပါသည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားစနစ် တိုးတက်ကောင်းမွန်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စဉ့်ကူးမြို့နယ်နှင့် ဝက်လက်မြို့နယ်ကြား ကမ်းဖြူကျေးရွာအနီး ဧရာဝတီလင်းပိုင်တစ်ကောင် သောင်တင်သေဆုံး

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် ဝက်လက်မြို့နယ်ကြား ကမ်းဖြူကျေးရွာ အရှေ့ဘက် သောင်ခုံတွင် မေ ၂၄ ရက်က ဧရာဝတီလင်းပိုင်တစ်ကောင် သောင်တင်သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်) WCS မှ သိရသည်။

သေဆုံးသွားသည့် လင်းပိုင်မှာ အမဖြစ်၍ ခန္ဓာကိုယ်အလျားမှာ အလျား ၆ ပေ ၈ လက်မရှိကြောင်း သိရသည်။ အဆိုပါသေဆုံးသွားသော လင်းပိုင်ကို တိုင်းတာစစ်ဆေး၍ ရေလွတ်ရာ သောင်ခုံအမြင့်တွင် မြေမြှုပ်ပြီး နောင်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ အရိုးငြမ်းရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ်းဖြူကျေးရွာ အရှေ့ဘက် သောင်ခုံတွင် မြစ်ကမ်းကြီး ရေလုပ်သား ဦးသန်းမြင့်က တွေ့ရှိ၍ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေး အဖွဲ့သို့ အသိပေးအကြောင်းကြားလာသည့်အတွက် ထိန်းသိမ်းရေးအဖွဲ့ဝင်များ သွားရောက်ပြီး လင်းပိုင်သေ၏ ပြင်ပရုပ်ပိုင်းဆိုင်ရာ လေ့လာတိုင်းတာမှုများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများအား စစ်ဆေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ လင်းပိုင်သေဆုံးမှုနှင့် ပတ်သက်၍ စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးသန့်ဇင်တို့ စစ်ဆေးအတည်ပြုခဲ့ကြရာ ရေလုပ်သားများ၏ ပြောပြချက်နှင့် လင်းပိုင်ကိုယ်ပေါ်ရှိ ဒဏ်ရာများအား ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပိုက်ငြိ၍ သေဆုံးသည်ဟု ယူဆရကြောင်း WCS ၏ ကနဦးသတင်းအရ သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ အဲကွန်းယာဉ်လိုင်းကားများ ပြေးဆွဲပေးမည်

**နေပြည်တော် မေ ၂၄**

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များသို့ နေပြည်တော်အတွင်း အဲကွန်းယာဉ်လိုင်းကားများ ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။ တိရစ္ဆာန်ဥယျာဉ်အား လူအများပိုမိုစိတ်ဝင်စားစေရန်နှင့် လာရောက်လည်ပတ်သော အများပြည်သူများ ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ထိုသို့စီစဉ်ထားခြင်းဖြစ်ပြီး ယာဉ်လိုင်းပြေးဆွဲခြင်းကို မေ ၂၆ ရက်မှ စတင်ကာ စနေ ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းပြေးဆွဲခြင်းကို မြို့မဈေးဂိတ်မှ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဂိတ်အဆုံးဖြင့် ပြေးဆွဲသွားမည်ဖြစ်ကာ ကြားမှတ်တိုင်များအနေဖြင့် မြို့မဈေး၊ သပြေကုန်းဈေး၊ စည်ပင်ညှော့ရိပ်သာ၊ ဥပ္ပါတသန္တိစေတီတော်၊ ပျဉ်းမနား(ရှမ်းကန်)၊ ဘောဂသီရိကားကြီးကွင်း၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့တွင် ခရီးသည် တင်၊ ချ ရပ်နားပေးမည်ဖြစ်ကြောင်း၊ ခရီးစဉ်ကို မြို့မဈေးမှ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး နှစ်နာရီကြားတစ်ခေါက် လာရောက်လည်ပတ်သူများ အဆင်ပြေစေရန် အသွားအပြန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းပြေးဆွဲချိန်ကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားပြီး ယာဉ်စီးခများကို မြို့မဈေးမှ ဥပ္ပါတသန္တိစေတီတော်သို့ ငွေကျပ် ၇၀၀ ၊ ဥပ္ပါတသန္တိစေတီတော်မှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ငွေကျပ်၇၀၀ ကျပ်ဖြစ်ပြီး ဂိတ်အစ-ဂိတ်အဆုံး ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ မေ ၂၆ ရက်တွင် ယာဉ်လိုင်းစီးသူများကိုလည်း အချိုရည်များ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မီးလောင်မှုဖြစ်ခဲ့သည့် မန္တလေးအိုးဘိုဓာတ်အားခွဲရုံမှ ဓာတ်အားများ ပြန်လည်ပို့လွှတ်နေပြီဖြစ်

**မန္တလေး မေ ၂၄**

မန္တလေးခရိုင် အိုးဘိုဓာတ်အားခွဲရုံရှိ 20 MvA ထရန်စဖော်မာသည် မီးလောင်မှုကြောင့် ဓာတ်အားပြတ်တောက်နေခြင်းအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ခေတ္တ အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်မှု ဓာတ်အားစနစ်ဌာန လျှပ်စစ်စမ်းသပ်စစ်ဆေးရေးနှင့် အကာအကွယ်ပေးရေးဌာနမှ ဝန်ထမ်းများ မန္တလေးခရိုင်အတွင်းမှ စုပေါင်းအင်အားများဖြင့် 10 MvA ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ဓာတ်အားပေးခြင်းကို မေ ၂၄ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က Load share ပြုလုပ်ခြင်း၊ အပျက်အစီးများ သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည့် အိုးဘိုခွဲရုံ 11kv နန်းတွင်းဖီဒါတစ်ဝက်အား ညနေ ၅ နာရီတွင် ညောင်ကွဲခွဲရုံ၏ မဟာသန္တာရုံဖီဒါမှ လည်းကောင်း၊ နန်းတွင်းဖီဒါကျန်တစ်ဝက်အား ညနေ ၆ နာရီတွင် တိုက်တော်ခွဲရုံ တိုင်းဒေသကြီး ဖီဒါမှ လည်းကောင်း၊ နန်းရှေ့ဖီဒါအား ည ၇ နာရီခွဲတွင် တိုက်တော်ခွဲရုံ အတုမရှိ ဖီဒါမှ လည်းကောင်း၊ 10MvA ထရန်စဖော်မာ လဲလှယ်၍ အိုးဘိုဖီဒါအား မေ ၂၄ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ဘီယာဖီဒါအား နံနက် ၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ 10 MvA ထရန်စဖော်မာ ဒုတိယတစ်လုံးဖြင့် တိုင်းရင်းဆေးဖီဒါနှင့် တောင်ပြုန်းဖီဒါအား မေ ၂၄ ရက် နံနက် ၄ နာရီခွဲတွင် လည်းကောင်း ဓာတ်အားပြန်ပေးနိုင်ခဲ့သဖြင့် ဓာတ်အားပြတ်တောက်သည့် ရပ်ကွက်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့မှုအတွက် ပြည်သူများ ကျေနပ်ဝမ်းသာလျက်ရှိကြောင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် ပြည်သူများ ဓာတ်အားအမြန်ရရှိရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

ထို့ပြင် မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်းတွင်လည်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဗို့အားအပြည့်အဝရရှိရေးတို့အတွက် မြောက်ပြင် ၃၃ ကေဗွီ ဟေမာဇလ ဓာတ်အားလိုင်းကို နန်းတွင်းအတွင်းမှ ဖြတ်သန်းဆွဲသားထားသော အသုံးမပြုသည့် ၃၃ ကေဗွီဓာတ်အားလိုင်းပေါ်သို့ ပြောင်းလဲချိတ်ဆက်၍ ဓာတ်အားရယူရန် ချမ်းအေးသာစံ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မေ ၁၉ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၎င်းဓာတ်အားလိုင်း ပြောင်းလဲဆွဲသားခြင်းကြောင့် ယနေ့မှစ၍ နန်းတွင်းတွင် မကြာခဏဖြစ်နေသော Line Fault များနည်းပါး၍ ဓာတ်အားပြတ်တောက်မှု လျော့နည်းသွားမည်ဖြစ်ပြီး ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်

**တင်မောင်(မန်းကိုယ်ပွား)**

# ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုက အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့ကြောင်း Amnesty International အဖွဲ့၏ ဖော်ထုတ်ချက်များကို ကြိုဆိုကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုက အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူမဆန်စွာအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း Amnesty International အဖွဲ့၏ ဖော်ထုတ်ချက်များကို ကြိုဆိုကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မေ ၂၃ ရက်က Amnesty International အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာ "Attacks by the Arakan Rohingya Salvation Army (ARSA) on Hindus in Northern Rakhine State" ပါ အချက်အလက်များကို ဖော်ပြထားပြီး ယင်းအဖွဲ့၏ အစီရင်ခံစာထုတ်ပြန်မှုနှင့်ပတ်သက် ၍ ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်ချက်အကြောင်းအရာများအား အထောက်အထားခိုင်လုံစွာရယူပြီး သတင်းအမှန်အတိုင်း ဖော်ပြခဲ့ခြင်းအပေါ် Amnesty International အဖွဲ့၏ သမာသမတ် Impartiality ဖြစ်၍ တပ်မတော်အနေဖြင့် ကြိုဆိုပါကြောင်း၊ တပ်မတော်အနေဖြင့်လည်းသတင်းစာရှင်းလင်းပွဲများဖြင့် ရှင်းလင်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများမှ သတင်းမှန်ထုတ်ပြန်ခြင်းများအား အချိန်နှင့်တစ်ပြေးညီအကြိမ်ကြိမ်ထုတ်ပြန်ပေးခဲ့သော်လည်း နိုင်ငံတကာသတင်းဌာနကြီးများနှင့် အစိုးရအဖွဲ့များက လက်ခံအသိအမှတ်မပြုဘဲ တစ်ဖက်သတ် စွပ်စွဲချက်များဖြင့်သာ မြန်မာနိုင်ငံအစိုးရနှင့်တပ်မတော်အပေါ် ဖိအားပေးပြောဆိုဆက်ဆံခဲ့ကြောင်း။

> **"Amnesty International အဖွဲ့၏ ဖော်ပြပါ ဖြစ်စဉ်များအပြင် အဆိုပါ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ပဋိပက္ခအပေါ် အစပျိုးခဲ့သူများမှ ကျန်တိုင်းရင်းသားများနှင့် လူမျိုးတူများအပေါ် သတ်ဖြတ်ခဲ့မှုတို့အပေါ်၌လည်း အမှန်တရားဘက်မှ ဆက်လက်ရပ်တည်ဖော်ထုတ်ပေးနိုင်ရန်လည်း တိုက်တွန်းလို"**

Amnesty International အဖွဲ့၏ ဖော်ပြပါ ဖြစ်စဉ်များအပြင် အဆိုပါ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ပဋိပက္ခအပေါ် အစပျိုးခဲ့သူများမှ ကျန်တိုင်းရင်းသားများနှင့် လူမျိုးတူများအပေါ် သတ်ဖြတ်ခဲ့မှုတို့အပေါ်၌လည်း အမှန်တရားဘက်မှ ဆက်လက်ရပ်တည်ဖော်ထုတ်ပေးနိုင်ရန်လည်း တိုက်တွန်းလိုပါကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် အရေးအခင်းကြီးများတွင် ပါဝင်ပြစ်မှုကျူးလွန်ခဲ့သူတို့၏ ဘူးသီးတောင်- မောင်တောဒေသပဋိပက္ခဖြစ်စဉ် အမှန်တို့အား နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့အပါအဝင် တပ်မတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ တွေ့ဆုံခြင်းတို့၌လည်း အထောက်အထားခိုင်လုံစွာဖြင့် ရှင်းလင်းပြောဆိုခြင်း၊ အထောက်အထားများ ပေးအပ်ခြင်းတို့ ပြုလုပ်လျက်ရှိရာ ယင်းအကြောင်းအရာနှင့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ သတင်း မီဒီယာများမှ အမှန်တရားအတိုင်းဆက်လက်၍ Amnesty International အဖွဲ့ကဲ့သို့ ရဲရဲဝံ့ဝံ့ဖော်ထုတ်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**


ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ


## ပညာရေးဝန်ကြီးဌာန "၂၀၁၈-၂၀၁၉ ပညာသင်နှစ်" အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade -1 ) သို့ အပ်နှံရန်။

**ပညာရေးဝန်ကြီးဌာန**

◆ *ကျော့ဖုံးမှ*

ရလဒ်ကောင်းများ ဆက်တိုက်ရထားပြီး ၁၆ ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားသည်။ ဟာဆီဂါဝါသည် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က နောက်ဆုံးပွဲထိုးသတ်ထားပြီး တစ်နိုင်ငံတည်းသား ပြိုင်ဘက် ဟာရာရှီကို အနိုင်ရထားသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အနိုင်ယူပြီး ရရှိခဲ့ခြင်းဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်နေ**

အောင်လအန်ဆန်က "ချန်ပီယံတစ်ယောက်အနေနဲ့ လာရောက် ယှဉ်ပြိုင်တဲ့သူတိုင်းကို အလဲထိုးအနိုင်ယူသွားမှာပါ၊ ချန်ပီယံဆုတွေကာကွယ်နိုင်ဖို့ အစွမ်းကုန်လေ့ကျင့်ပြင်ဆင်နေပါတယ်၊ ကျွန်တော်နဲ့ ထိုးသတ်ရမယ့် ဟာဆီဂါဝါအကြောင်းကိုလည်း လေ့လာနေပါတယ်၊ အနိုင်ထိုးသတ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ပြောကြားခဲ့သည်။

**ချန်ပီယံဆု**

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းအပြင် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုကိုလည်းရရှိထားပြီး ယခုနှစ်အတွင်း ချန်ပီယံဆုကာကွယ်ပွဲများ ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၌ ထိုးသတ်သည့်ပွဲတိုင်း အနိုင်ရထားပြီး ချန်ပီယံဆုကာကွယ်ပွဲကိုလည်း ရန်ကုန်မြို့၌ ထိုးသတ်ရမည်ဖြစ်သောကြောင့် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ဖွယ် ရှိနေသည်။

**ရဲရင့်ရှိုင်း**

❊ *ကျော့ဖုံးမှ*

ကို တစ်ပိုင်းစီသာ အလှည့်ကျအသုံးပြုခဲ့သည်။ ရတနာပုံအသင်းတွင် မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးလိုက်ရသည့် ကစားသမားများ ပါဝင်လာခြင်းမရှိဘဲ ပထမပိုင်းတွင် ဝင်းနိုင်ထွန်း၊ ရှိုင်းသူရ၊ မျိုးဇော်ဦး၊ ရဲရင့်ထွန်း၊ နေမျိုးအောင်၊ ဒုတိယပိုင်းတွင် ဝင်းနိုင်စိုးတို့ ပါဝင်ကစားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်းမှသာ ဂိုးများသွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် လွင်မိုးအောင် ကန်သွင်းသည့် ပြစ်ဒဏ်ဘောသွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်ဘဲ ဂိုးများပြန်ပေးခဲ့ရသည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ဘီဘီက သွင်းယူခဲ့ပြီး အနိုင်ဂိုးများကို အောင်နိုင်ဝင်းနှင့် ဝင်းနိုင်စိုးတို့က သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၆ ရက်တွင် ဟံသာဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် မေ ၂၄**

၁။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့သည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အထက | အလက | အမက | အထက (ခွဲ) | အလက (ခွဲ) | မူလွန် | အမက (ခွဲ) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၂ | ၁၆ | ၂၅ | ၁၃ | ၁၉ | ၁၉ | ၂၀ | ၁၂၅ |
| ၂ | ကယား | ၂ | ၉ | ၁၃ | ၃ | ၁၀ | ၁၁ | ၉ | ၅၇ |
| ၃ | ကရင် | ၉ | ၅၃ | ၉၉ | ၁၀ | ၂၀ | ၃၁ | ၃၈ | ၂၆၀ |
| ၄ | ချင်း | ၁၇ | ၁၀၅ | ၅၄ | ၁၅ | ၅၂ | ၄၃ | ၃၃ | ၃၁၉ |
| ၅ | စစ်ကိုင်း | ၅၀ | ၅၂၈ | ၁၆၂ | ၁၂၃ | ၂၂၃ | ၂၂၇ | ၆၄ | ၁၃၇၇ |
| ၆ | တနင်္သာရီ | ၁၀ | ၂၇ | ၁၅ | ၁၀ | ၃၁ | ၂၆ | ၁၀ | ၁၂၉ |
| ၇ | ပဲခူး (ရ) | ၂၀ | ၉၁ | ၂၆ | ၂၈ | ၃၃ | ၁၇ | ၂၃ | ၂၃၈ |
| ၈ | ပဲခူး (န) | ၁၁ | ၅၀ | ၅၀ | ၇ | ၂၆ | ၃၂ | ၁၆ | ၁၉၂ |
| ၉ | မကွေး | ၄၇ | ၄၁၇ | ၈၅ | ၁၄၃ | ၁၈၇ | ၁၄၈ | ၂၇ | ၁၀၅၄ |
| ၁၀ | မန္တလေး | ၃၁ | ၁၆၆ | ၄၁ | ၉၈ | ၁၀၄ | ၉၉ | ၂၃ | ၅၆၂ |
| ၁၁ | မွန် | ၇ | ၁၆ | ၇ | ၅ | ၁၈ | ၁၄ | ၉ | ၇၆ |
| ၁၂ | ရခိုင် | ၁၇ | ၁၄၃ | ၂၉ | ၄၀ | ၁၂၆ | ၇၂ | ၅၂ | ၄၇၉ |
| ၁၃ | ရန်ကုန် | ၆ | ၂၆ | ၀ | ၅ | ၁၃ | ၁၄ | ၄ | ၆၈ |
| ၁၄ | ရှမ်း (တ) | ၁၁ | ၅၈ | ၇၃ | ၅ | ၃၇ | ၄၆ | ၄၁ | ၂၇၁ |
| ၁၅ | ရှမ်း (မ) | ၄ | ၁၇ | ၆၆ | ၄ | ၂၇ | ၅၀ | ၇၃ | ၂၄၁ |
| ၁၆ | ရှမ်း (ရ) | ၁ | ၅ | ၂၀ | ၁ | ၁၃ | ၈ | ၂၅ | ၇၄ |
| ၁၇ | ဧရာဝတီ | ၅၆ | ၂၆၀ | ၈၄ | ၇၂ | ၁၁၅ | ၁၂၄ | ၅၅ | ၇၆၇ |
| ၁၈ | နေပြည်တော် | ၄ | ၂၀ | ၁၄ | ၄ | ၂၀ | ၂၇ | ၅ | ၉၆ |
| | စုစုပေါင်း | ၃၁၅ | ၂၀၀၉ | ၈၆၄ | ၅၈၆ | ၁၀၇၆ | ၁၀၀၈ | ၅၂၈ | ၆၃၈၆ |

၂။ အဆိုပါ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ကျောင်းစာရင်းများအား www.moe.gov.mm တွင် ပြည်သူများသိရှိနိုင်ရန်အတွက် တင်ပြထားရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးအသင်း မန္တလေးမြို့၌ ယနေ့ ခြေစမ်းပွဲကစားမည်

**မန္တလေး မေ ၂၄**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် နယ်မြို့များ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မေ ၂၃ ရက်မှစ၍ မန္တလေးမြို့၌ လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၂၅ ရက် (**ယနေ့**) ညနေတွင် ဗထူးကွင်း၌ Lucky Home အကယ်ဒမီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခရီးစဉ်အဖြစ် တောင်ကြီးနှင့် မန္တလေးမြို့တွင် သွားရောက်လေ့ကျင့်နေခြင်းဖြစ်ပြီး တောင်ကြီးခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားရာ သုံးပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးမြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲများတွင် ဟိုပုန်းလူငယ်အမျိုးသားအသင်းကို သုံးဂိုး-တစ်ဂိုး၊ တောင်ကြီး မျိုးဆက်သစ်လူငယ်အမျိုးသားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကယားပြည်နယ် လက်ရွေးစင်ဟောင်းအမျိုးသားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် ပြည်တွင်းခရီးစဉ်ကို ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားပြီး တောင်ကြီးမြို့တွင် အလားအလာရှိသည့် လူငယ်ကစားသမားတစ်ဦးကို အသင်းနှင့် ပူးတွဲလေ့ကျင့်စေခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မန္တလေးမြို့တွင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# နမ့်စန်တွင် ငွေကျပ်သိန်းပေါင်း ၉၆၀၀ ကျော်ရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နမ့်စန် မေ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာအုပ်စု တွင် မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ကားနှစ်စီးဖြင့် တင်ဆောင်လာသော စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း ၉၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

နမ့်စန်တပ်နယ်မှ တပ်မတော်သားများနှင့် မတ်ကျန်း(ဌာနေ)ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းစိတ်ကျေးရွာအုပ်စု အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မိုင်းစိတ်ကျေးရွာ အုပ်စုအတွင်းရှိ ကောင်းမှုဝေကျေးရွာနှင့် နောင်စန့်ကျေးရွာချင်းဆက် ကားလမ်း ပေါ်တွင် နောင်စန့်ကျေးရွာဘက်သို့ လွိုင်လင်မြို့နေ မောင်ဝင်း မောင်းနှင ပြီး ဦးတဆန်းနှင့် ခွန်မောင်ဒွန်း လိုက်ပါလာသော တိုယိုတာဟိုင်းလပ် ယာဉ်နှင့် ဆီဆိုင်မြို့နေ ခွန်မောင်ဒွန်း မောင်းနှင်ပြီး မောင်ဆွေ၊ လှဖေ၊ အောင်တင်တို့ လိုက်ပါလာသော ဗီဂိုယာဉ်တို့ကို စစ်ဆေးခဲ့ရာ တိုယိုတာ ဟိုင်းလပ်ယာဉ်ပေါ်တွင် တစ်အိတ်လျှင် ဘိန်းစိမ်း ၃၀ ကီလိုခန့်စီပါ ပီနံအိတ် ၂၃ အိတ်၊ တစ်အိတ်လျှင် ဘိန်းစိမ်း ၄၅ ကီလိုခန့်စီပါ ပီနံအိတ် ၂ အိတ် စုစုပေါင်း ၂၅ အိတ် (ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၄၆၈၀)၊ ပီနံအိတ်အတွင်း အိတ်အမည်းဖြင့် ထုပ်ထားသည့် ဘိန်းညိုခဲ/ မှုန့်တစ်အိတ် (ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၃၅၀ ) နှင့် ဗီဂိုယာဉ်ပေါ်တွင် တစ်အိတ် လျှင် ဘိန်းစိမ်း ၃၀ ကီလိုခန့်စီပါ ပီနံအိတ် ၂၀ (ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၃၆၀၀ )တို့ကို သိမ်းဆည်း ရမိခဲ့သည်။

အဆိုပါ ဘိန်းညိုခဲ/မှုန့်နှင့် ဘိန်းစိမ်းများ (စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၉၆၃၀) တင်ဆောင် လာသူ ခုနစ်ဦးကို နမ့်စန်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



## မြန်မာ့ရုပ်မြင်သံကြား

**၂၅ -၅- ၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၁၁း၁၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၁း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **မတစ်ထောင် တစ်ကောင်ဘွား** (ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်) (ဒါရိုက်တာ-ခင်စောမျိုး)
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့ (အပိုင်း-၂၄)**
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့) (တတိယပိုင်း)
၁၄း၀၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ မေဝင်းမောင်)

**ညပိုင်း**

၁၆း၃၅ - **၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (ဘောဂဗေဒဘာသာရပ်)**
၁၆း၄၅ - Weekly MNL Review(Week-12)
၁၇း၂၀ - ကျန်းမာရေးမဂ္ဂဇင်း **အရေးပေါ် ဆီးချို၊ သွေးချိုတက်လျှင် ဘယ်လို ကုသရမလဲ** (အပိုင်း-၁)
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် (ဟိုလီ၊ ကြေးမုံပြင်)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့ (အပိုင်း-၂၅)**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ "ရွှေပြည်အမရ သာပေစွ"**
- America's Got Talent
- ပြည်သူ့နီတိ **"ညစောင့်"**
- ဟာသရုပ်စုံစင်တော်ကြီး **"လေခွန်"**(ဇာတ်လမ်းတို) (ပါဝင်သူများ- အောင်ချစ်၊ နန်းရွှေအိမ်၊ စိန်းလန်း၊ စျာဉ်လေးမာန်၊ ရှိန်း၊ ကျော်စွာဟိန်း၊ ဖြိုးဝေ၊ အငယ်လေး)

# အမ်း-မင်းဘူးကားလမ်းပိုင်းတွင် ဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်

**စစ်တွေ မေ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အမ်း-မင်းဘူး ကားလမ်း မိုင်တိုင် အမှတ် ၇၃/၂ အနီးတွင် ယနေ့နံနက် ၆ နာရီခန့်က ဒီဇယ်ဆီဂါလန် ၄၄၀၀ သယ်ဆောင်လာသော နီဆန်းအမျိုး အစား ၁၂ ဘီးယာဉ် တိမ်းမှောက်ခဲ့ ကြောင်း သိရသည်။

**ပြုတ်ကျသွား**

ဖြစ်စဉ်မှာ မင်းဘူးမြို့မှ အမ်းမြို့ ဘက်သို့ မင်းလှမြို့နေသူ ယာဉ်မောင်း ဦးကျော်သူရ မောင်းနှင်လာသော ဆီသယ်ယာဉ်သည် အမ်းတောင်အဆင်း ဂငယ်ကွေ့တွင် ဘရိတ်ပေါက်ကာ လမ်း၏ယာဘက် ပေ ၅၀ ခန့်ရှိ ချောက်ထဲ သို့ ပြုတ်ကျသွားခဲ့ကြောင်း သိရ သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးကျော်သူရနှင့် ဇနီးဖြစ်သူ မဝင်းဝင်းအေးတို့မှာ အခင်းဖြစ် နေရာတွင် သေဆုံးခဲ့ကာ မင်းဘူးမြို့နယ် ညောင်ပင်သာကျေးရွာမှ ယာဉ်နောက် လိုက်ဖြစ်သူ ဦးလှထွန်းမှာ ဒဏ်ရာ များရရှိကာ အမ်းမြို့နယ် ပြည်သူ့ဆေးရုံ တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



**ကယ်ဆယ်ရေးဆောင်ရွက်**

ယာဉ်တိမ်းမှောက်ရာ နေရာသို့ အမ်းမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အမ်းမြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များက သွားရောက်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**

**ဓာတ်ပုံ-ရခိုင်ပြည်နယ်မီးသတ်တပ်ဖွဲ့**

# လောက်ကိုင်၌ စိတ်ဖောက်ပြန်နေသူက ဓားဖြင့်ခုတ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၂၄**

လောက်ကိုင်မြို့နယ် မန်တုံပါးကျေးရွာ အုပ်စု ဟိုစင်ချုံးကျေးရွာမှ မူးယစ် ဆေးဝါးသုံးစွဲပြီး စိတ်ဖောက်ပြန်နေသူ ကျင်လောက်အိုင် ဆိုသူက ဇနီးနှင့် သမီးအပါအဝင် ရွာတွင်တွေ့ရှိသူများ အား ဓားဖြင့်ခုတ်သဖြင့် ခြောက်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိကာ ကျင်လောက်အိုင်မှာလည်း ခုခံကာကွယ် သူများကြောင့် သေဆုံးခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၁၁ နာရီခွဲခန့်တွင် ကျင်လောက်အိုင်သည် နေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲပြီး စိတ်ဖောက်ပြန်ကာ နေအိမ်အတွင်း ရှိနေသည့် ဇနီးဖြစ်သူ ဒေါ်ယောင် ရှောက်စန်း (၃၂နှစ်)နှင့် သမီးဖြစ်သူ မကျင်စောက်စန်း(၆နှစ်)တို့အား ဓားဖြင့် ခုတ်ခဲ့ပြီးနောက် ရွာထဲသို့ ထွက်သွားကာ ကျေးရွာအတွင်းရှိ နေအိမ်များအား တံခါးလိုက်ခေါက်၍ တွေ့ရှိသူများကို ဓားမဖြင့် လိုက်လံခုတ်သဖြင့် ရွာသား များဖြစ်သည့် ဦးဝမ်လောက်ဆေး၊ ဦးလီ လောက်စစ်တို့က ခုခံကာကွယ်သော ကြောင့် ကျင်လောက်အိုင်မှာဒဏ်ရာများ ရရှိကာ သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်တွင် ဒေါ်ယောင်ရှောက်စန်း (ပြစ်မှုကျူးလွန်သူ၏ဇနီး)၊ မကျင် စောက်စန်း (ပြစ်မှုကျူးလွန်သူ၏သမီး)၊ ရွာသူရွာသားများ ဖြစ်ကြသည့် မောင်ယောက်ကွမ်းချန်၊ မောင်ယောက် ကွမ်းရှော၊ လီကွမ်ဝယ်၊ မယင်စီ၊ ဒေါ်ကျောက်မိန်၊ ဒေါ်မာစန်း၊ ဒေါ်ရန် စစ်ဟွာ၊ ဦးရောင်လောက်စန်း၊ မောင်ရောင်ကိုက်ချုံး၊ ဒေါ်ရောင်ရှောက် တာ၊ ဒေါ်ရောင်ရှောက်အဲနှင့် မရှောက် ဖေးတို့မှာ မစိုးရိမ်ရဒဏ်ရာများရရှိခဲ့ပြီး ဒေါ်ဝမ်ရှောက်စန်း၊ ဦးလီလောက်စစ်၊ ဒေါ်ယောက်ရှောက်တာ၊ မောင်ကျင်းဝေ၊ ဝမ်လောက်ဆေးနှင့် ဦးယောင်လောက် စန်းတို့မှာ သေဆုံးသွားကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကယ်နှစ်စီးခိုးယူသူအား ဖမ်းဆီးရမိ

**ပျဉ်းမနား မေ ၂၄**

နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ငွေကို နှင့်အဖွဲ့ က သတင်းအရစုံစမ်းစစ်ဆေး ရာ ပျဉ်းမနားမြို့နေသူ စည်သူအောင် ဆိုသူက မေလတတိယပတ် ည ၇ နာရီက ဇမ္ဗူသီရိမြို့နယ် သပြေကုန်း ဈေးတောင်ဘက် ပွဲရုံတန်းရှေ့မှ ကင်ဘို ၁၁၀ ဆိုင်ကယ်တစ်စီးကို လည်းကောင်း၊ မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် သပြေကုန်းရပ်ကွက် ရွှေနန်းတော်ဆိုင်အနီးမှ ၆၂ ယ/---- ဟွန်ဒါစကူပီ 110 ဆိုင်ကယ်ကို လည်းကောင်း ခိုးယူခဲ့ပြီး လယ်ဝေး မြို့နယ် ကောင်းချမ်းကုန်း ကျေးရွာမှ အေးကို (၅၄နှစ်)ထံ အပ်နှံ၍ ရောင်းချခိုင်းထားသော ဆိုင်ကယ် နှစ်စီးအား ဖမ်းဆီးရမိသဖြင့် ဇမ္ဗူသီရိ မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ဇော်မျိုးနိုင်**

# ဖဒိုနယ်မြေရဲစခန်းအပိုင်က လောင်းကစားဒိုင်ကို ဖမ်းဆီး

**ကျောက်တံခါး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင်တွင် မေ ၂၄ ရက် နံနက်ပိုင်းက ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ် အေးမင်းထွန်းနှင့်တပ်ဖွဲ့ဝင်များသည် ဖဒိုမြို့အမှတ် ၁ ရပ်ကွက် ဒေါနလမ်းနေ ရာစင် (ခ)မြင့်အေး၏ နေအိမ်တွင် တရားမဝင် နှစ်လုံး၊ သုံးလုံးထီရောင်းချ လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ နှစ်လုံး၊ သုံးလုံးလောင်းကစား ပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့် ငွေစက္ကူရောရာများကို ဖမ်းဆီးရမိခဲ့သဖြင့် ဖဒိုနယ်မြေရဲစခန်းက ရာစင်(ခ)မြင့်အေးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန့်ဇင် (ပဲခူး)**

# ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ၌ မီးလောင်မှုကြောင့် နေအိမ် ၂၉ လုံးဆုံးရှုံး

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ၌ မေ ၂၄ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်/ဆိုင်ခန်း ၂၉ လုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က ဘိုကလေးမြို့နယ် မြင်းကကုန်း ကျေးရွာ အမှတ် ၁ နယ်မြေ ဓမ္မပါလရပ်ကွက် ကမ်းနားလမ်းရှိ ကုန်ခြောက်ဆိုင် တစ်ဆိုင်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်/ဆိုင်ခန်း ၂၉ လုံးခန့် မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် တာဝန် ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ ဝိုင်းဝန်း၍ မီးငြှိမ်းသတ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းနှင့် ယင်း ဖြစ်စဉ်နှင့်ပတ်သက်၍ လူအသေအပျောက် မရှိကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# ရေပူပူးပေါင်းစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်း ချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မေ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမ ကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၈ စီး ၊ သွင်းကုန် ၉၆၉စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများ အား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက် လျက်ရှိရာ မေ ၂၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၆၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေး ရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၂၉ ဒသမ ၁၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀ ဒသမ ၃၁၅ သန်း ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၃ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များ သို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေး မှုများ ဆောင်ရွက်စဉ် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား စစ်ဆေး ခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃ ဒသမ ၃၆၅ သန်း ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အီတလီနိုင်ငံ၌ ရထားတိုက်မိမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံး

**ရောမ မေ ၂၄**

အီတလီနိုင်ငံတွင် ရထားလမ်းကူး၌ ရထားနှင့်ကားတိုက်မိမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် မေ ၂၄ ရက်က ဖော်ပြခဲ့သည်။

ရထားလမ်းကူး၌ ရထားနှင့် ကုန်တင်ကားကြီးတို့ တိုက်မိရာမှ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ရကြောင်းနှင့် တိုက်မိသည့်အရှိန်ကြောင့် ရထားကုန်တင်တွဲများလည်း လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုတွင် ရထားမောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။ ရထားတိုက်မိမှုသည် အီတလီနိုင်ငံမြောက်ပိုင်း တူရင်မြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရထားတွဲများလည်း လမ်းဘေးသို့ တိမ်းမှောက်ကုန်ကြောင်း ပြည်တွင်းရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ရုပ်မြင်ပြကွက်တွင် တွေ့ရသည်။

တူရင်-အိုက်ရီယာလမ်းပိုင်း၌ ပြေးဆွဲနေသော မီးရထားအမှတ် ၁၀၀၂၇ သည် ရထားလမ်းကူးအတားအဆီးကို တိုက်ပြီး ရထားလမ်းကူးတွင် ရပ်တန့်နေသော ကုန်အပြည့်တင်ထားသည့် ကုန်တင်ကားတစ်စီးကို ထပ်မံဝင်တိုက်မိခဲ့ကြောင်း အီတလီမီးရထားကွန်ရက်ဖြစ်သည့် အာရ်အက်ဖ်အိုင်က ၎င်း၏ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

အစောပိုင်းသတင်းဖော်ပြချက်များအရ မီးရထားမောင်းသူမှာ သေဆုံးခဲ့ပြီး အခြားမီးရထားစီးခရီးသည်အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။



အေဂျီအိုင်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ ရထားတိုက်မိမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သော လူတစ်ဦးအား တူရင်ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ခဲ့သော်လည်း သေဆုံးခဲ့ကြောင်း သိရသည်။

ရထားတိုက်မိမှု ဖြစ်ပွားသည့်အချိန်တွင် ၎င်းမှာ ကုန်တင်ကားခေါင်းခန်းထဲတွင် ရှိနေခဲ့ကြောင်း အခြားမီဒီယာများက ဖော်ပြထားသည်။

"အဖြစ်အပျက်တွေက အလွန်မြန်ဆန်လွန်းပါတယ်၊ ရုတ်တရက် ရထားကြီးပျက်စီးသွားသလို ခံစားခဲ့ရပြီး ကျွန်တော့်ကိုကျွန်တော် ငရဲကျသွားသလိုပဲ ခံစားခဲ့ရပါတယ်၊ ကျွန်တော့်ဘေးပတ်ချာလည်မှာလည်း အားလုံးအနိဋ္ဌာရုံတွေကြီးပါပဲ" ဟု အသက် ၂၃ နှစ်ရှိ ပေါ်လို မယ်လ်ဂီယိုဂလီယိုက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားနှင့် တွေ့ဆုံပွဲကို အမေရိကန်ဖျက်သိမ်း

**ဝါရှင်တန် မေ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ ဇွန် ၁၂ ရက်တွင် စင်ကာပူ၌ တွေ့ဆုံရန် ကြိုတင်စီစဉ်ထားမှုကို ဖျက်သိမ်းလိုက်ကြောင်း မေ ၂၄ ရက်က ကြေညာခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း၏ မကြာသေးမီက ထုတ်ပြန်ချက်တွင် အမျက်ဒေါသနှင့် ရန်လိုမုန်းတီးမှုများ ပါဝင်နေသောကြောင့် မြောက်ကိုရီးယားနှင့်တွေ့ဆုံမည့် အစည်းအဝေးကို စိတ်မကောင်းစွာဖြင့် ဖျက်သိမ်းလိုက်ရကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းထံသို့ ရေးသားပေးပို့သောစာနှင့် အိမ်ဖြူတော်ဝက်ဘ်ဆိုက်စာမျက်နှာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေးသားဖော်ပြခဲ့သည်။ သို့သော်လည်း စင်ကာပူတွင် ပြုလုပ်မည့် တွေ့ဆုံပွဲအတွက် ကနဦးပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း၏ မကြာသေးမီက ထုတ်ပြန်ချက်တွင် နျူကလီးယားလက်နက်အစွမ်းကို ထုတ်ပြောခဲ့ပါကြောင်း၊ အဆိုပါလက်နက်အစွမ်းကို မည်သည့်အချိန်မျှ ထုတ်မသုံးစေရန် ဘုရားသခင်ထံတွင် ဆုတောင်းကြောင်း၊ မြောက်ကိုရီးယားဘက်မှ ပြန်လွှတ်ပေးခဲ့သည့် ဓားစာခံများအတွက်လည်း ကျေးဇူးတင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင် အနေနဲ့အကယ်၍ ယခုကဲ့သို့ အရေးကြီးသော အစည်းအဝေးမျိုး ထပ်မံလုပ်ဆောင်ရန် စိတ်ပြောင်းခဲ့ပါက မိမိထံသို့ ဆက်သွယ်အကြောင်းကြားရန် တွန့်ဆုတ်မနေပါနှင့်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်ထပ်မံတွေ့ဆုံရန် မျှော်လင့်ကြောင်းနှင့် မြောက်ကိုရီးယားနှင့် ကမ္ဘာကြီးသည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြောင်း၊ သို့သော်လည်း ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအခွင့်အလမ်းများကို ဆုံးရှုံးလိုက်ရသည့်အတွက် သမိုင်းတွင် တကယ်စိတ်မကောင်းစရာတစ်ခုဖြစ်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောခဲ့သည်။ **အေအက်ဖ်ပီ**



# ဗင်နီဇွဲလားကို တုံ့ပြန်သည့်အနေဖြင့် ဗင်နီဇွဲလားသံတမန်နှစ်ဦးကို အမေရိကန်နှင်ထုတ်မည်

**ဝါရှင်တန် မေ ၂၄**

အမေရိကန်ပြည်ထဲရေးဌာနသည် အမေရိကန်သံတမန်နှစ်ဦးအား ဗင်နီဇွဲလားကနိုင်ငံအတွင်းမှ နှင်ထုတ်လိုက်သည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် ဗင်နီဇွဲလားအကြီးတန်းသံတမန်နှစ်ဦးကို အမေရိကန်မှ နှင်ထုတ်သွားရန် ဆုံးဖြတ်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

ကြေညာချက်၌ ပြည်ထဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနျူရတ်က နှင်ထုတ်လိုက်သူများသည် ဗင်နီဇွဲလားသံရုံးမှ စေလွှတ်လိုက်သည့် လက်ထောက်သံအမတ်နှင့် အမေရိကန်ပြည်ထောင်စု ဟူစတန်မြို့ အနောက်အလယ်ပိုင်းရှိ ကောင်စစ်ဝန်ရုံးမှ ဒုတိယကောင်စစ်ဝန်တို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သံတမန်နှစ်ဦးတို့သည် ၄၈ နာရီအတွင်း အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာသွားရန် ညွှန်ကြားခြင်းခံခဲ့ရသည်။ ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည် အင်္ဂါနေ့က အမေရိကန်သံအမတ်နှစ်ဦးဖြစ်သည့် တော့ဒ်ရော်ဘင်ဆန်နှင့် ဘရီယန်နာရန်ဂျိုတို့ကို နှင်ထုတ်ခဲ့သည်။

သံအမတ်နှစ်ဦးအား ၄၈ နာရီအတွင်း ဗင်နီဇွဲလားမှ ထွက်ခွာသွားရန် အမိန့်ပေးအပ်ခဲ့ပြီး မာဒူရိုက ၎င်း၏ဆုံးဖြတ်ချက်သည် ဗင်နီဇွဲလားနိုင်ငံတော်၏ ဂုဏ်သိက္ခာကို ကာကွယ်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလားနိုင်ငံနှင့် အတူလုပ်ကိုင်သည့် လုပ်ငန်းအချို့ကို တားမြစ်ပိတ်ပင်သည့် အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးလိုက်ပြီးနောက်တွင် ဗင်နီဇွဲလားက အမေရိကန်သံအမတ်များကို နှင်ထုတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရထားနှင့် ထရပ်ကားတိုက်မိ နှစ်ဦးသေဆုံး

**ဟန်နွိုင်း မေ ၂၄**

ဗီယက်နမ်နိုင်ငံ၌ ညရထားနှင့် ထရပ်ကားတို့ တိုက်မိပြီး နှစ်ဦးသေဆုံးကာ ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ရထားနှင့် ထရပ်ကားတိုက်မိမှုသည် ကြာသပတေးနေ့ နံနက်အစောပိုင်းက မြောက်ပိုင်းတန်ဟွာပြည်နယ်ရှိ ရထားလမ်းကူးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဗီယက်နမ် ရထားကော်ပိုရေးရှင်းက ရထားခုနစ်တွဲ လမ်းချော်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ရထားမောင်းသူနှစ်ဦးမှာ သေဆုံးသွားခဲ့သည်။

ရထားတိုက်မိမှု ဖြစ်ပွားချိန်တွင် ရထားလမ်းကူးကိုပိတ်ဆို့သည့် အရံအတားရှိမနေခဲ့ကြောင်း သတင်းဖော်ပြမှုများ ရှိခဲ့သည်။ ရထားတိုက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို အဖြေရှာဖွေရန် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။ ရထားသည် လူ ၄၀၀ ကျော်ကိုတင်ဆောင်လာပြီး ပြည်ပခရီးသွားအများစု လိုက်ပါလာခဲ့ကြောင်း ဗီယက်နမ်နိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# အငြင်းပွားကျွန်းပေါ် စီးပွားရေးဆိုင်ရာ ပူးတွဲဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပူတင်နှင့်ဆွေးနွေးရန် ရှင်ဇိုအာဘေး ရုရှားသို့ ထွက်ခွာ

**မော်စကို မေ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် စကားပြောဆိုဆွေးနွေးရန်အတွက် ရုရှားသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အာဘေးသည် စိန့်ပီတာစဘတ်၌ သမ္မတပူတင်က လက်ခံကျင်းပမည့် နိုင်ငံတကာစီးပွားရေးဖိုရမ်၌ မိန့်ခွန်းပြောဆိုသွားရန် စီစဉ်ထားသည်။ ၎င်းသည် လာမည့်စနေနေ့တွင် မော်စကို၌ ပူတင်နှင့် တွေ့ဆုံမည်ဖြစ်သည်။

ယင်းတွေ့ဆုံမှုသည် မတ်လအတွင်းက သမ္မတပူတင် ရုရှားသမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း ခံရပြီးချိန်မှစတင်ကာ ခေါင်းဆောင်နှစ်ဦးအကြား ၂၁ ကြိမ်မြောက်တွေ့ဆုံမှု ဖြစ်သည်။

တွေ့ဆုံပွဲ၌ အာဘေးသည် ဂျပန်ကပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည့် ရုရှားထိန်းချုပ်ထားသော ကျွန်းလေးခုပေါ်တွင် စီးပွားရေးဆိုင်ရာ ပူးတွဲလုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။

ဂျပန်အစိုးရသည် ယင်းကျွန်းလေးကျွန်းတို့မှာ ဂျပန်၏ အစဉ်အဆက်ပိုင်ဆိုင်လာခဲ့သည့် နယ်နိမိတ်အပိုင်းအခြားများဖြစ်ကြောင်း ဆက်လက်ပြောဆိုနေဆဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ယင်းကျွန်းများကို မတရားသိမ်းပိုက်ခြင်းခံလိုက်ရသည်ဟု ဂျပန်က ဆိုသည်။

အာဘေးနှင့် ပူတင်တို့သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက နယ်မြေပိုင်နက်ဆိုင်ရာ အကြောင်းအရာများကိုဖြေရှင်းမည့် ခြေလှမ်းတစ်ရပ်အနေဖြင့် စီးပွားရေးဆိုင်ရာ ပူးတွဲလှုပ်ရှားဆောင်ရွက်မှုများကို ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံတို့သည် ဦးစားပေးစီမံကိန်းငါးခုကို ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ လာမည့်ဆွေးနွေးမှုတွင် စီမံကိန်း၏ ပထမအစိတ်အပိုင်းအနေဖြင့် မွေးမြူရေးနှင့် စိုက်ပျိုးမှုကို မြှင့်တင်သွားရေးနှင့်ပတ်သက်၍ ဆွေးနွေးသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားကို ဆက်လက်ဖိအားပေးရန် တာရိုကိုနိုနှင့် မိုက်ပွန်ပီအိုတို့ သဘောတူ

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်များနှင့် အဖျက်လက်နက်များ အပြီးဖျက်သိမ်းသွားရန်အတွက် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ခိုင်လုံသည့်ဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားစေရေး ကြိုးပမ်းကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ကိုနိုနှင့် ပွန်ပီအိုတို့သည် ဗုဒ္ဓဟူးနေ့က ဝါရှင်တန်၌ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲများအတွင်း အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပမှုမတိုင်မီ မြောက်ကိုရီးယားနှင့်ပတ်သက်သည့် သဘောထားရပ်တည်ချက်ကို ဖော်ပြခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ဦးဆောင်လျက်ရှိပြီး အစည်းအဝေးကို ဇွန် ၁၂ ရက်တွင် စင်ကာပူ၌ ကျင်းပသွားရန် အစီအစဉ်ရေးဆွဲထားကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် မြောက်ကိုရီးယားထောက်လှမ်းရေးများ၏ အတင်းအကျပ် ခေါ်ဆောင်သွားခြင်းခံရသည့် ဂျပန်နိုင်ငံသားများအရေးကိစ္စကိုလည်း အတူတကွ နီးကပ်စွာ ပူးပေါင်းဖြေရှင်းသွားကြရန် သဘောတူညီခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### နျူကလီးယားစမ်းသပ်ကွင်း ဖျက်သိမ်းမှုကို လေ့လာရန် ပြည်ပသတင်းထောက်များ ရထားဖြင့်ထွက်ခွာ

**ပြုံယမ်း မေ ၂၄**

မြောက်ကိုရီးယားရှိ ပြည်ပသတင်းထောက်များသည် နျူကလီးယားစမ်းသပ်သည့်နေရာအား ဖျက်သိမ်းမှုကို ကြည့်ရှုရန်အတွက် ရထားဖြင့် ထွက်ခွာလာခဲ့ကြောင်း သိရသည်။ သို့သော် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖယ်ရှားရေး ကြိုးပမ်းမှုနှင့်ပတ်သက်၍ မေးခွန်းများ ထွက်ပေါ်နေဆဲပင်ဖြစ်သည်။

မြောက်ကိုရီးယားက ၎င်း၏နိုင်ငံသည် မြောက်ပိုင်း ဟမ်ဂျုံပြည်နယ်ရှိ ပန်ဂျီရီ နျူကလီးယားစမ်းသပ်ကွင်းမှ မြေအောက်ဥမင်များအားလုံးကို ဖယ်ရှားမည်၊ ဝင်ပေါက်များကို ပိတ်မည်၊ ထို့နောက်တွင် လေ့လာဆောင်ရွက်နေမှုများနှင့် အခြားနျူကလီးယားစမ်းသပ်မှုနှင့်ဆက်စပ်သည့် အဆောက်အအုံများကို ဖယ်ရှားမည်ဖြစ်သည်ဟု သောကြာနေ့က ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားသည် အမေရိကန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားတို့မှ သတင်းစာသမားများအား နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆောင်ရွက်မှုကို မျက်မြင်သက်သေအဖြစ် လေ့လာရန် ခွင့်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရေချို့ရှားပါးပြတ်လပ်လာနိုင်တဲ့ ပြဿနာကို အင်္ဂလန်သတိကြီးကြီးထားဖို့ လိုအပ်နေ

**ကလျာမိုးမြင့်**



ရေအလွန်အကျွံ ထုတ်ယူအသုံးပြုမှုနဲ့ လေလွင့်ဆုံးရှုံးရမှုတွေကို တားဆီးဖို့ မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်မှုတွေ မလုပ်ဘူးဆိုရင် အင်္ဂလန်နိုင်ငံဟာ လာမယ့် ၂၀၅၀ မှာ ရေရှားပါးပြတ်လပ်မှုကို ရင်ဆိုင်ရတော့မှာဖြစ်တယ်လို့ သဘာဝပတ်ဝန်းကျင်အေဂျင်စီက သတိပေးခဲ့ပါတယ်။

**ရည်မှန်းချက်တစ်ခုထားပြီး ရေသုံးစွဲဖို့လို**

နေ့စဉ်နေ့တိုင်း ရေယိုစိမ့်မှုတွေကြောင့် လူသန်း ၂၀ ရဲ့လိုအပ်ချက်ကို ဖြည့်တင်းနိုင်ဖို့ လုံလောက်မယ့် ရေတွေဟာ အလဟဿဆုံးရှုံးနေရတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လူဦးရေတိုးပွားလာမှုနဲ့ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေဟာ ဖိအားတွေကို ပိုမိုများပြားလာစေခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ခုချိန်မှာ ပြည်သူတွေကို ရေအသုံးပြုမှုနဲ့ပတ်သက်တဲ့ ရည်မှန်းချက်တစ်ခုထားရှိဖို့ လိုလားနေပြီး ရေကို နေအိမ်တွေမှာ ပါးပါးနပ်နပ်နဲ့ အကျိုးရှိရှိ အသုံးချသွားစေချင်နေတာ ဖြစ်ပါတယ်။

အင်္ဂလန်ရဲ့ရေအရင်းအမြစ်တွေနဲ့ ပတ်သက်ပြီး ပထမဆုံးအကြိမ် အဓိကကျတဲ့ အစီရင်ခံစာကို ဖော်ပြခဲ့တဲ့ လေ့လာမှုက လူဦးရေတိုးပွားလာမှုနဲ့ ရာသီဥတုပြောင်းလဲမှုဟာ ရှန်းကန်လှုပ်ရှားနေရတဲ့ စနစ်တစ်ခုရဲ့ အကြီးဆုံးဖိအားတွေဖြစ်တယ်လို့ ဆိုထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ ရေချိုပမာဏ လီတာပေါင်း ဘီလီယံ ၉၅၀၀ ကို မြစ်တွေ၊ အင်းအိုင်တွေ၊ ရေလှောင်တမံတွေနဲ့ မြေအောက်ရေအရင်းအမြစ်တွေကနေ ထုတ်ယူလိုက်တဲ့ ပမာဏရဲ့ ၅၅ ရာခိုင်နှုန်းကို အများပြည်သူအသုံးပြုတဲ့ ရေသန့်ကုမ္ပဏီတွေက အသုံးပြုလိုက်ပြီး ၂၇ ရာခိုင်နှုန်းကတော့ လျှပ်စစ်ဓာတ်အားပေးဝေတဲ့ ကုမ္ပဏီတွေဆီကို ရောက်သွားခဲ့ပါတယ်။

**နေ့စဉ် လီတာပေါင်း ၃ ဘီလီယံဆုံးရှုံး**

သို့သော်လည်း ယိုစိမ့်မှုတွေကနေ လေလွင့်ဆုံးရှုံးသွားတဲ့ ရေဟာ တစ်နေ့မှာ လီတာပေါင်း ၃ ဘီလီယံလောက်ရှိတဲ့ အပြင် ဒီလိုပေးဝေမှုတွေ ရေရှည်တည်မြဲနေဖို့အတွက် ပေးရတဲ့ ကုန်ကျစရိတ်ကလည်း ရှိနေပါသေးတယ်။ သဘာဝပတ်ဝန်းကျင်အေဂျင်စီရဲ့ပြောပြချက်အရ မြေအောက်ရေထုတ်ယူမှု (ကမ္ဘာ့မျက်နှာပြင်အောက်ကရေကို ထုတ်ယူသုံးစွဲမှု) ဟာ မြေအောက်ရေရဲ့ ၂၈ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲတဲ့ ပမာဏအဆင့်မှာ ဆက်လက် ထိန်းထားနိုင်ခြင်းမရှိတော့သလို မျက်နှာပြင်ရေကို ထုတ်ယူသုံးစွဲမှုကလည်း ၁၈ ရာခိုင်နှုန်းအထက် ပိုများလာပါတယ်။

၂၀၁၆ ခုနှစ်အစောပိုင်းမှာ မြစ်ရေကို အနည်းဆုံး ၆ ရာခိုင်နှုန်းထုတ်ယူသုံးစွဲမှုနဲ့ ၁၆ ရာခိုင်နှုန်းအထက် ထုတ်ယူသုံးစွဲမှုဟာ သက်ရှိသတ္တဝါတွေ၊ အပင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုလားချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်စွမ်း မရှိခဲ့ပါဘူး။

**ပြောင်းလဲသင့်ပြီ**

ဒီတော့ ရေသုံးစွဲမှုနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ရဲ့သဘောထားတွေကို ပြောင်းလဲဖို့ လိုအပ်နေပြီလို့ သဘာဝပတ်ဝန်းကျင်အေဂျင်စီ ဥက္ကဋ္ဌ အီမာဟောင်းဝပ်ဘ်ဂျက်ဒ်က ပြောပါတယ်။ ဒါဟာ ကျန်းမာတဲ့ သဘာဝပတ်ဝန်းကျင်တစ်ခုကို အသေအချာအာမခံနိုင်ဖို့ လိုအပ်နေတဲ့ အခြေခံအကျဆုံးအရာတစ်ခုပဲ။ ဒါပေမယ့် ကျွန်ုပ်တို့ဟာ ဒါကို အလွန်အကျွံရယူသုံးစွဲပစ်နေတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ်ကို သေချာကိုင်တွယ်စီမံခန့်ခွဲဖို့ အတူတကွ အလုပ်လုပ်ကြရလိမ့်မယ်လို့ အီမာက ဆိုပါတယ်။

**ယိုစိမ့်မှု သုံးပုံတစ်ပုံလောက် လျော့နည်းလာ**

အသုံးပြုလိုက်ပြီဖြစ်တဲ့ ရေပမာဏကို လျှော့ချဖို့ ဘယ်လိုလုပ်မလဲဆိုတဲ့ မေးခွန်းတွေကို ဖြေကြားရင်း Water UK မှ မစ်ချယ်ရောဘတ်က ရေသန့်စင်တဲ့ စက်ရုံတွေဟာ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်နေကြတယ်လို့ ဆိုပါတယ်။ နေအိမ်မှာ တတ်စွမ်းသလောက်လုပ်ဖို့ တာဝန်ရှိသလို ကုမ္ပဏီတွေအနေနဲ့လည်း တတ်စွမ်းသလောက်လုပ်ဖို့ တာဝန်ရှိတယ်။ ဒါပေမယ့် သတင်းကောင်းက ဘာလဲဆိုရင် ပြည်တွင်းမှာ ရေသုံးစွဲမှုဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်တွေမှာ လျော့ကျမှုရှိခဲ့ပြီး ယိုစိမ့်မှုအပိုင်းမှာဆိုရင် ကျွန်ုပ်တို့ဟာ လွန်ခဲ့တဲ့အနှစ် ၃၀ လောက်အကြာတုန်းက ဖြစ်ခဲ့တဲ့ ယိုစိမ့်မှုတွေထက် သုံးပုံတစ်ပုံလောက် လျော့နည်းလာခဲ့တယ်ဆိုတာပဲ။ သို့ပေမယ့် ဒီထက်မက လုပ်ရဦးမှာတွေ အများကြီးကျန်နေပါသေးတယ်။

ပျမ်းမျှအားဖြင့် အင်္ဂလန်နိုင်ငံမှာ ပြည်သူတွေဟာ နေ့စဉ်နေ့တိုင်း ရေ ၁၄၀ လီတာလောက်ကို ပုံမှန်သုံးစွဲနေတယ်။ သဘာဝပတ်ဝန်းကျင်အေဂျင်စီက တစ်ဦးချင်းရေသုံးစွဲမှုမှာ ရည်မှန်းချက်တစ်ခုကို ထူထောင်သွားဖို့နဲ့ ကုန်ကျစရိတ်ဆိုင်ရာ ထိရောက်မှုရှိဖို့ အစိုးရနဲ့ စက်ရုံတွေနဲ့ အတူလက်တွဲ လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ အစိုးရကတော့ ၎င်းရဲ့ ၂၅ နှစ်စာစီမံကိန်းမှာ တစ်ဦးချင်းရေသုံးစွဲမှုပမာဏကို လျှော့ချသွားဖို့ အကြံပြုထားပြီဖြစ်ပြီး ဒီအစီအစဉ်ကို ယခုနှစ်အစောပိုင်းမှာ ထုတ်ပြန်ဖော်ပြခဲ့ပါတယ်။

**သိသိသာသာလျှော့ချဖို့ သတိထားသင့်**

နေအိမ်မှာအသုံးပြုတဲ့ ရေပမာဏရဲ့ သုံးပုံနှစ်ပုံလောက်ဟာ ရေချိုးသန့်စင်မှုနဲ့ လျှော်ဖွပ်ဆေးကြောတဲ့ဆီကို ရောက်သွားပြီး ရေအိမ်အသုံးပြုမှုတွေဆီကို ရောက်သွားကြပါတယ်။ သတိကြီးကြီးထားပြီး ဆောင်ရွက်မှုက ဒီလိုကုန်ဆုံးသွားရတဲ့ ပမာဏကို သိသိသာသာ လျှော့ချနိုင်အောင် အကူအညီပေးနိုင်မှာ ဖြစ်ပါတယ်။

တစ်နေ့တစ်နေ့ အသုံးပြုနေတဲ့ ရေပမာဏကို အမှန်တကယ်ရည်မှန်းချက်တစ်ခုထားပြီး သုံးစွဲမှုကို မြင်တွေ့လိုတယ်လို့ ရေသုံးစွဲမှုနဲ့ပတ်သက်ပြီး စီမံလှုပ်ရှားနေတဲ့ နီစီရပ်ဆဲလ်က ဘီဘီစီသို့ ပြောခဲ့ပါတယ်။ တစ်ရက်မှာ ရေသုံးစွဲမှု ၁၄၀ လီတာလောက်ရှိနေပြီး ကျွန်ုပ်တို့အနေနဲ့ တစ်ရက်မှာ ရေ လီတာ ၁၀၀ ဒါမှမဟုတ် ဒီထက်လျော့နည်းတဲ့ပမာဏ သုံးစွဲစေချင်တယ်။ နောက်ထပ် နှစ် ၂၀ ကနေ ၂၅ နှစ် ကျော်လွန်တဲ့အခါ ဒါကို ကောင်းကောင်းအောင်မြင်နိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ထင်တယ်လို့ ၎င်းက တိုက်တွန်းခဲ့ပါတယ်။

**အပူချိန်မြင့်တက်လာခြင်းနဲ့ နောက်ဆက်တွဲသက်ရောက်မှု**

သဘာဝပတ်ဝန်းကျင်အေဂျင်စီရဲ့ ပြောပြချက်အရ အနာဂတ်အတွက် အရေးအကြီးဆုံးမေးခွန်းကတော့ ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးဆက်နဲ့ လူဦးရေတိုးပွားများပြားလာမှုရဲ့ အကျိုးဆက်တွေပါပဲ။ အပူချိန်မြင့်တက်လာခြင်းကလည်း အချိန်ကာလ၊ မြစ်ထဲကို စီးဝင်သွားတဲ့ မိုးရွာသွန်းမှုပမာဏနဲ့ မြေအောက်ရေရရှိမှုကို ထပ်မံဖြည့်တင်းပေးမှုတွေအပေါ်မှာ အကျိုးသက်ရောက်မှု ရှိလာဦးမှာပါ။

နွေရာသီ မိုးရွာသွန်းမှုက အပြောင်းအလဲရှိလာမယ့် ခန့်မှန်းချက်မျိုး မရှိပေမယ့် အနာဂတ်မှာ မိုးရေချိန် ပိုများလာမှုက ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းမှုတွေ ပိုဖြစ်လာနိုင်ဖွယ်ရာရှိနေပြီး တစ်ချိန်တည်းမှာပဲ မိုးခေါင်ခြင်းနဲ့ ရေလွှမ်းမိုးခြင်းတွေ ပိုဖြစ်လာနိုင်ဖွယ်ရှိနေပါတယ်။ နွေရာသီမှာ မိုးရွာသွန်းမှု လျော့နည်းခြင်းနဲ့ အငွေ့အဖြစ်အသွင်ပြောင်းလဲမှုတွေဟာ ဇွက်နွံတွေနဲ့ စိမ့်မြေဧရိယာတွေကို ထိခိုက်လာနိုင်ပါတယ်။

**ရောဂါပျံ့နှံ့လာနိုင်**

အပူချိန်မြင့်တက်လာမှုနဲ့အတူ တွဲဖက်လိုက်ပါလာတဲ့ မိုးခေါင်ချိန်အတွင်းမှာ ရေမစီးဆင်းတဲ့ ဧရိယာတွေ များပြားလာခြင်းက ခြင်မှတစ်ဆင့် ပေါက်ဖွားတဲ့ သွေးလွန်တုပ်ကွေးနဲ့ နိုင်းမြစ်အနောက်ပိုင်းဗိုင်းရပ်စ်တွေ ပျံ့နှံ့လာတာကိုလည်း တွေ့မြင်လာရနိုင်ပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ လူဦးရေဟာ ၂၀၂၆ မှာ ၅၈ ဒသမ ၅ သန်းလောက်အထိရှိလာမယ်လို့ ခန့်မှန်းထားပြီး ဒီလို တိုးပွားလာတဲ့အထဲက အများစုဟာ ရေပေးဝေမှုအတွက် ဖိဖိစီးစီးလုပ်နေရတဲ့ ဧရိယာတွေမှာ ပိုပြီးဖြစ်လာနိုင်ဖို့ရှိနေတယ်လို့ သိရပါတယ်။

အကယ်၍ ရေချိုအသုံးပြုမှုနဲ့ ရေပေးဝေမှုပမာဏ များပြားလာမှုကို လျှော့ချထိန်းချုပ်ဖို့ ဆောင်ရွက်မှုတွေ မလုပ်ဘူး၊ ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ လူဦးရေတိုးပွားမှုပမာဏကလည်း မြင့်တက်လာနေဦးမယ်ဆိုရင်တော့ ဧရိယာအများစုဟာ လာမယ့် ၂၀၅၀ ပြည့်နှစ်တွေမှာ လိုအပ်ချက်တွေကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်တော့မှာ မဟုတ်ပါဘူး။ လူဦးရေတိုးပွားမှုနှုန်း လျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုကလည်း မပြင်းထန်တဲ့ အနေအထားမျိုးဖြစ်နေတယ်ဆိုရင်တောင် အထူးသဖြင့် အရှေ့တောင်ပိုင်းမှာဆိုရင် လာမယ့် ၂၀၅၀ ပြည့်နှစ်တွေမှာ သိသိသာသာ ရေပေးဝေမှုလိုအပ်ချက်တွေ ရှိလာနိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းသုံးသပ်ခဲ့ကြပါတယ်။ ရေချိုရှားပါးပြတ်လပ်လာနိုင်တဲ့ ပြဿနာကို အင်္ဂလန်အနေနဲ့ စနစ်တကျကိုင်တွယ်ဆောင်ရွက်ရတော့မယ့် အချိန်အခါပါပဲ။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

**“ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေဟာ ဖိအားတွေကို ပိုမိုများပြားလာစေခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ခုချိန်မှာ ပြည်သူတွေကို ရေအသုံးပြုမှုနဲ့ပတ်သက်တဲ့ ရည်မှန်းချက်တစ်ခုထားရှိဖို့ လိုလားနေပြီး ရေကို နေအိမ်တွေမှာ ပါးပါးနပ်နပ်နဲ့ အကျိုးရှိရှိ အသုံးချသွားစေချင်နေတာဖြစ်”**

**လာမယ့် မေလ ၂၆ ရက်နေ့မှာတော့ ၂၀၁၇-၁၈ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါဗိုလ်လုပွဲကို ယူကရိန်းနိုင်ငံရဲ့ကိဗ်မြို့မှာရှိတဲ့ ဒီနာမိုကိဗ်ရဲ့အိမ်ကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး စပိန်ကလပ်ရီးရဲမက်ဒရစ်နဲ့ အင်္ဂလန်ကလပ် လီဗာပူးတို့ဆုံတွေ့ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။**




# ချန်ပီယံလိဂ်မှာ စံချိန်ကောင်းရေးထိုးမယ့် ရီးရဲ

အထူးသဖြင့် ဒီတစ်ကြိမ်ကျင်းပမယ့်နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာနိုင်တဲ့နှစ်သင်းစလုံးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း အစဉ်အလာကြီးမားတဲ့အသင်းတွေဖြစ်ကြကာ ရီးရဲမက်ဒရစ်ဆိုရင် ချန်ပီယံလိဂ်ဖလားကို ၁၂ ကြိမ်တိုင်တိုင်သိမ်းပိုက်နိုင်ခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်တာလည်း ဖြစ်တယ်။ ဒါ့အပြင် လီဗာပူးကလည်း ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်တိုင်တိုင်ရယူထားနိုင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီတစ်ကြိမ်ဗိုလ်လုပွဲဟာ အစဉ်အလာကြီးမားတဲ့နှစ်သင်းဆုံတွေ့ပွဲဖြစ်နေကာ တစ်မျိုးစိတ်ဝင်စားဖို့လည်း ကောင်းနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရီးရဲမက်ဒရစ်အနေနဲ့ ဒီချန်ပီယံလိဂ်ဖလားကို တစ်နှစ်ကရော မနှစ်ကပါရယူနိုင်ခဲ့တာကြောင့် ဒီတစ်ကြိမ်မှာသာ ထပ်မံဗိုလ်စွဲနိုင်ခဲ့ရင် သုံးနှစ်ဆက်တိုက်ရယူနိုင်မှာဖြစ်ကာ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် အခြားအသင်းတွေလိုက်နိုင်ဖို့ခက်ခဲတဲ့ စံချိန်ကောင်း မှတ်တိုင်တစ်ခုကိုရယူသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါစံချိန်ကို ရီးရဲအနေနဲ့ စွမ်းဆောင်နိုင်ပါ့မလား ဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေသလို လီဗာပူးအနေနဲ့လည်း ၁၉၈၀-၈၁ ခုနှစ်ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာလည်း အခုရင်ဆိုင်ရမယ့် ရီးရဲမက်ဒရစ်ကိုပဲအနိုင်ရယူကာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တဲ့ အစဉ်အလာရှိခဲ့တာကြောင့် လီဗာပူးအနေနဲ့ ဒီတစ်ကြိမ်မှာရော အဆိုပါအစဉ်အလာကိုဆက် လက်ထိန်းသိမ်းနိုင်မလားဆိုတာကပါ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ဒါ့အပြင် ဒီချန်ပီယံလိဂ်သမိုင်းအတွင်းမှာ စပိန်၊ အီတလီ၊ အင်္ဂလန်တို့သာ အအောင်မြင်ဆုံးနိုင်ငံတွေအဖြစ် ရပ်တည်ထားနိုင်ကာ စပိန်ကတော့ စု စုပေါင်း ၁၇ ကြိမ်နဲ့ ချန်ပီယံလိဂ်ဆုဖလားကို အများဆုံးရယူထားနိုင်တဲ့နိုင်ငံအဖြစ် ရပ်တည်နေကာအင်္ဂလန်ကတော့ ချန်ပီယံလိဂ်ဖလားကို ၁၂ ကြိမ်ရယူနိုင်ခဲ့ပြီး ဒုတိယအအောင်မြင်ဆုံးနိုင်ငံအဖြစ် အီတလီနဲ့ပူးတွဲရပ်တည်နေနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာသာ လီဗာပူးအနေနဲ့ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့မယ်ဆိုရင် အင်္ဂလန်အနေနဲ့ အီတလီကိုကျော်ဖြတ်နိုင်မှာဖြစ်တာကြောင့်လည်း အဆိုပါအခွင့်အရေးကို အင်္ဂလန်အတွက်လီဗာပူးတို့ ရယူပေးနိုင်မလားဆိုတာကပါ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။

ဒါပေမယ့်လည်း လီဗာပူးအနေနဲ့ ရီးရဲမက်ဒရစ်ကို ကျော်ဖြတ်နိုင်ဖို့ဆိုတာကတော့ ခက်ခဲလွန်းတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လီဗာပူးအနေနဲ့ ဒီရာသီမှာ ခြေစွမ်းကောင်းတွေကို ပိုင်ဆိုင်နိုင်ခဲ့ပြီး ဆာလတ်၊ ဖာမီနို၊ မာနေးတို့ရဲ့တိုက်စစ်အတွဲဟာ ပြိုင်ဘက်ခံစစ်တိုင်းကို ခြိမ်းခြောက်နိုင်စွမ်းရှိတာ မှန်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအနေနဲ့ ပေါ်တို၊ မန်စီးတီး၊ ရိုးမားတို့လိုအသင်းကောင်းတွေကို ကျော်ဖြတ်ကာ ဒီအဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း လီဗာပူးမှာ ခံစစ်ပိုင်းအားနည်းမှုကတော့ အခုအချိန်အထိ ရှိနေဆဲလို့ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် လီဗာပူးခံစစ်ဟာ အရေးပါတဲ့ ပွဲတွေမှာဆိုရင် အမှားအယွင်းများတတ်ပြီး ပေးဂိုးတွေများလေ့ရှိတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ လီဗာပူးအနေနဲ့ ပြိုင်ပွဲတစ်ခုလုံးမှာ ဂိုးမပေးရတဲ့ပွဲဆိုလို့ ခြောက်ပွဲသာရှိခဲ့ပြီး ရိုးမားနဲ့ကစားခဲ့တဲ့ နှစ်ပွဲစလုံး ပေးဂိုးတွေများခဲ့တာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရိုးမားနဲ့ ပထမအကျော့ပွဲမှာ ပေါ့ဆမှုကြောင့် ပွဲပြီးကာ နီးမှာ နှစ်ဂိုးပေးခဲ့ရသလို ဒုတိယအကျော့မှာလည်း ခံစစ်ပိုင်းအားနည်းမှုကြောင့် ၄-၂ ဂိုးနဲ့တောင် အရေးနိမ့်ခဲ့ရပါတယ်။ ဒါ့အပြင် လီဗာပူးကွင်းလယ်မှာလည်း ပွဲကိုထိန်းချုပ်နိုင်တဲ့ ကမ္ဘာ့အဆင့်ကစားသမားနည်းပါးနေတာကြောင့် လီဗာပူးဟာ ပြိုင်ဘက်တွေကိုထိုးဖောက်မှုအသာနဲ့ ကစားနိုင်ခဲ့ပေမယ့် ကွင်းလယ်ကစားကွက်အသာရယူနိုင်တဲ့ပွဲနည်းပါးခဲ့သလို ပေးဂိုးတွေလည်းများခဲ့တာ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်ကတော့ ရာသီအစမှာ ရော်နယ်ဒို ခြေစွမ်းကျဆင်းမှုတွေကြောင့် ခြေစွမ်းပိုင်းယိမ်းယိုင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ခြေစွမ်းကောင်းတွေပြသနိုင်ကာ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်စ်၊ ဘိုင်ယန်တို့လိုအသင်းကောင်းတွေကို ဆက်တိုက်ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ရော်နယ်ဒို ခြေစွမ်းပြသနေတာကြောင့် ရီးရဲတိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေသလို ရီးရဲကွင်းလယ်မှာလည်း မိုဒရစ်၊ တိုနီခရုစ်တို့လို ကစားသမားကောင်းတွေရှိနေပါတယ်။ အထူးသဖြင့် ရီးရဲမက်ဒရစ်ရဲ့ကွင်းလယ်နဲ့တိုက်စစ်ပိုင်းဟာ ရိုးမားထက်ပိုမိုအားကောင်းနေပါတယ်။ အထူးသဖြင့် ရီးရဲမှာ မာဆယ်လို၊ ရာမို့စ်တို့လို ခံစစ်မှူးတွေအစ တိုက်စစ်ကိုလိုက်ပါကစားနိုင်ကြပြီး ဒီပွဲမှာဘေးလ်လည်းပါဝင်လာမှာဖြစ်တာကြောင့် ရီးရဲဟာ တိုက်စစ်ပိုင်း အားကောင်းမှုရှိလာမှာသေချာနေပါတယ်။

ဒါကြောင့်လည်း လီဗာပူးအနေနဲ့ ရီးရဲကို ကွင်းလယ်ပိုင်းအသာမရနိုင်သလို ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကိုလည်း ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲဟာ နှစ်သင်းစလုံးအတွက် ဒီရာသီဆုဖလားလက်မဲ့မဖြစ်ရေးအတွက် အရေးပါတဲ့ဆုဖလားဖြစ်လို့ အားစိုက်ကစားကြမှာဖြစ်ပြီး နှစ်သင်းစလုံးရဲ့တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေတာကြောင့် အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တစ်ပွဲဖြစ်လာဖို့ သေချာနေကာခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းအားနည်းမှုတွေရှိနေတဲ့ လီဗာပူးကို ရီးရဲတို့အသာရယူသွားနိုင်ဖို့ရှိနေပြီး ချန်ပီယံလိဂ်ဆုဖလားကို သုံးနှစ်ဆက်တိုက်အရယူသွားနိုင်မှာဖြစ်ပြီး ချန်ပီယံလိဂ်သမိုင်းမှာ စံချိန်ကောင်းတစ်ခုကို ရေးထိုးသွားမှာ ဖြစ်ပါတယ်။ ။

**ဝေမိုးဆက်**

| | | |
|---|---|---|
| **ရီးရဲ - လီဗာပူး** | | |
| **မေ ၂၆ နံနက် ၁း၁၅ (တနင်္ဂနွေနံနက်)** | | |
| **နောက်ဆုံးဆုံတွေ့မှု (၅-၁၁-၁၄)** | | |
| ရီးရဲ | ၁-၀ | လီဗာပူး |
| **ရီးရဲမက်ဒရစ်၏ချန်ပီယံလိဂ်ခြေစွမ်း** | | |
| ရီးရဲ | ၂-၂ | ဘိုင်ယန် |
| ဘိုင်ယန် | ၁-၂ | ရီးရဲ |
| ရီးရဲ | ၁-၃ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၀-၃ | ရီးရဲ |
| ပီအက်စ်ဂျီ | ၁-၂ | ရီးရဲ |
| ရီးရဲ | ၃-၁ | ပီအက်စ်ဂျီ |
| ရီးရဲ | ၃-၂ | ဒေါ့မွန် |
| အေပိုးလ် | ၀-၆ | ရီးရဲ |
| စပါး | ၃-၁ | ရီးရဲ |
| ရီးရဲ | ၁-၁ | စပါး |
| ဒေါ့မွန် | ၁-၃ | ရီးရဲ |
| ရီးရဲ | ၃-၀ | အေပိုးလ် |
| **လီဗာပူး၏ချန်ပီယံလိဂ်ခြေစွမ်း** | | |
| ရိုးမား | ၄-၂ | လီဗာပူး |
| လီဗာပူး | ၅-၂ | ရိုးမား |
| မန်စီးတီး | ၁-၂ | လီဗာပူး |
| လီဗာပူး | ၃-၀ | မန်စီးတီး |
| လီဗာပူး | ၀-၀ | ပေါ်တို |
| ပေါ်တို | ၀-၅ | လီဗာပူး |
| လီဗာပူး | ၇-၀ | စပါးတပ်စ် |
| ဆီဗီလာ | ၃-၃ | လီဗာပူး |
| လီဗာပူး | ၃-၀ | မာရီဘော |
| မာရီဘော | ၀-၇ | လီဗာပူး |
| စပါးတပ်စ် | ၁-၁ | လီဗာပူး |
| လီဗာပူး | ၂-၂ | ဆီဗီလာ |



## စပွန်ဆာကုမ္ပဏီများအပေါ် မန်ယူကစားသမားများ အချိန်ပေးနေခြင်းကို မော်ရင်ညို စိတ်ပျက်နေ

မန်ယူအသင်းကစားသမားများအနေဖြင့် အသင်း၏ စပွန်ဆာများအပေါ် အာရုံစိုက်မှု လျော့နည်းစေရန် မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက လိုလားလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီအတွက် ဝင်ငွေ ပေါင် ၅၈၁ ဒသမ ၂ သန်း ရရှိခဲ့ကြောင်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလ အတွင်းတွင် သတင်းထုတ်ပြန်ကြေညာခဲ့ပြီးအသင်း စပွန်ဆာစာချုပ်များမှ ဝင်ငွေအများအပြား ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း မန်ယူအသင်း ကစားသမားများသည် စပွန်ဆာ ကုမ္ပဏီများ၏ ပရိုမိုးရှင်းပွဲများအပေါ် အချိန်ပေးနေခြင်းကို မန်နေဂျာ မော်ရင်ညိုက စိတ်ပျက်လျက်ရှိသည်ဟု The Sun သတင်းစာက ရေးသားဖော်ပြခဲ့သည်။ မန်ယူအသင်းသည် စပွန်ဆာအဖြစ် ကုမ္ပဏီပေါင်း ၄၆ ခုနှစ်နှင့် စာချုပ်များ ချုပ်ဆိုထားပြီး အဆိုပါ စာချုပ်များသည် အသင်း၏ဘဏ္ဍာရေးကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် မန်ယူအသင်း၏ စပွန်ဆာကုမ္ပဏီ တစ်ခုဖြစ်သည့် 20th Century Fox ရုပ်ရှင်ကုမ္ပဏီမှ ထုတ်လုပ်သည့် Deadpool 2 ရုပ်ရှင်ဇာတ်ကားအတွက် ကြော်ငြာကို မန်ယူအသင်း၏ အိမ်ကွင်းဖြစ်သော အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် လာရောက်ရိုက်ကူးခဲ့ပြီး အဆိုပါကြော်ငြာတွင် အလက်ဇီဆန်းချက်ဇ်၊ ကာရစ်၊ မာတာ၊ လင်ဂတ်နှင့် လုခ်ရှောစသည့် မန်ယူအသင်းကစားသမားများလည်း ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။



မန်ယူအသင်းကစားသမားများအနေဖြင့် အသင်း၏ လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်မှုများ ပြုလုပ်ခြင်းထက် စပွန်ဆာကုမ္ပဏီများအတွက် ပိုမိုအချိန်ပေးနေခြင်းအပေါ် မန်နေဂျာ မော်ရင်ညိုက စိတ်ပျက်နေရခြင်းဖြစ်ကာ မန်ယူအသင်း မန်နေဂျာအဖြစ် လူးဝစ်ဗန်ဟားလ် တာဝန်ယူခဲ့စဉ်ကလည်း ဗန်ဟားအနေဖြင့် အလားတူ စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်ဟုဆိုသည်။

မန်ယူအသင်းသည် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အမှတ် ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည့် မန်စီးတီးအသင်းထက် ရမှတ် ၁၉ မှတ်အထိ လျော့နည်းခဲ့ခြင်းကြောင့် မန်နေဂျာ မော်ရင်ညိုသည် ကစားသမားများ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် လိုလားနေခြင်းဖြစ်သည်။

# ကမ္ဘာ့ဖလားလူငယ် အကောင်းဆုံးကစားသမားဆုကို ဘယ်သူရမလဲ

**အောင်က**

ကမ္ဘာ့ဖလားဆိုတာဟာ ကစားသမားတိုင်းအတွက်တော့ သူတို့ရဲ့ခြေစွမ်းခြေစတွေကို အကောင်းဆုံး ထုတ်ဖော်ပြသနိုင်ဖို့ အခွင့်အရေးကြီးတစ်ခုလည်းဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်ကစားသမားတွေအတွက်တော့ ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှာ ပိုမိုထင်ပေါ်လာစေဖို့အတွက် အကောင်းဆုံးခြေစွမ်းတွေပြရတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြနိုင်လို့ ဥရောပထိပ်တန်းအသင်းကြီးတွေကို ရောက်သွားခဲ့တဲ့ ကစားသမားတွေကလည်း အများကြီးပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းကဆိုရင် အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ပေါ့ဂ်ဘာဟာ ပြင်သစ်အသင်းကို ကွာတားဖိုင်နယ်အထိ ရောက်ရှိအောင်ကူညီပေးခဲ့ပြီး အကောင်းဆုံး လူငယ်ကစားသမားဆုကို ရရှိခဲ့တဲ့သူလည်းဖြစ်ပါတယ်။ အကောင်းဆုံး လူငယ်ဆုတွေကိုရခဲ့တဲ့ ကစားသမားတိုင်းကတော့ ဥရောပဘောလုံးဇာတ်ခုံမှာ အကောင်းဆုံးကစားသမားတွေအဖြစ် ရပ်တည်နိုင်ခဲ့ကြတာပဲဖြစ်ပါတယ်။ ၂၀၀၆ တုန်းကဆိုရင် ပိုဒေါ့စကီး၊ ၂၀၁၀တုန်းကဆိုရင် သောမတ်မူလာတို့ဆိုရင်လည်း နောက်ပိုင်းမှာတော့ ဥရောပရဲ့အကောင်းဆုံးကစားသမားတွေဖြစ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ခေတ်အဆက်ဆက် ကမ္ဘာ့ဖလားရဲ့ လူငယ်အကောင်းဆုံးကစားသမားတွေဟာ ဘောလုံးဇာတ်ခုံမှာတော့ အကောင်းဆုံးနေရာရရှိခဲ့တယ်လို့ ပြောရမှာပါ။ အခုလာမယ့်ကမ္ဘာ့ဖလားမှာရော ဘယ်သူတွေ ထွက်ပေါ်လာဦးမလဲ။ လက်ရှိဘောလုံးလောကမှာတော့ လူငယ်ကစားသမားကောင်းတွေအများကြီးရှိပေမယ့် အဲဒီထဲမှာ နိုင်ငံလက်ရွေးစင်အသင်းတွေနဲ့အတူ တောက်ပလာနိုင်တဲ့ လူငယ်ကစားသမားသုံးဦးကို တင်ပြလိုက်ပါတယ်။








**ဂါဘရီရယ်ဂျီးဇက်စ် (ဘရာဇီး)**

ဘရာဇီးလူငယ်ကစားသမား ဂါဘရီရယ်ဂျီးဇက်စ်ဟာ အသက် ၂၁ နှစ်သာရှိသေးပေမယ့် ဘရာဇီးအသင်းမှာ ၁၅ ပွဲကစားပြီး ကိုးဂိုးသွင်းယူပေးထားသူ ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်း မန်စီးတီးအသင်းနဲ့အတူ ၃၉ ပွဲ ပါဝင်ကစားကာ ဂိုး ၂၀ သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျီးဇက်စ်အနေနဲ့ ဂိုးဘယ်လို သွင်းရမယ်ဆိုတာကို ကောင်းကောင်းသိတယ်ဆိုတာကတော့ သံသယဖြစ် စရာမရှိပါဘူး။ သူဟာ နေမာ၊ ကော်တင်ညိုတို့နဲ့တွဲပြီး ဘရာဇီးအသင်းအတွက်တော့ ကြောက်စရာကောင်းတဲ့ တိုက်စစ်အတွဲအဖြစ် တွေ့မြင်ရလာနိုင်ပါတယ်။ ဘရာဇီးပရိသတ်တွေကတော့ ဂျီးဇက်စ်ကို အလွန်အမင်းနှစ်သက်မှု ရှိကြပြီး ဘရာဇီးဂန္ထဝင်ကစားသမား ရော်နယ်ဒိုအငယ်စားလို့တောင်တင်စားခေါ်ဝေါ်ကြပါတယ်။ လာမယ့်ကမ္ဘာ့ဖလားမှာလည်း ဂျီးဇက်စ်ကို ရော်နယ်ဒို ငယ်စဉ်က ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြကစားသလိုမျိုးတွေ့မြင်ရဖို့ ပရိသတ်တွေရဲ့ ဆန္ဒလည်းဖြစ်ပါတယ်။ လာမယ့်ကမ္ဘာ့ဖလားမှာတော့ သူဟာ အကောင်းဆုံးလူငယ်ကစားသမားဆုတော့ ရရှိနိုင်ဖို့အလားအလာရှိ နိုင်ပါတယ်။ ဒါပေမယ့် ဘရာဇီးအသင်းမှာ ပီလီနောက်ပိုင်းဘယ်လူငယ်ကစားသမားကမှ အကောင်းဆုံးလူငယ်ကစားသမားဆုကို မရရှိခဲ့တာကတော့ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ ဖြစ်ပါတယ်။

**အမ်ဘာပေ (ပြင်သစ်)**

ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘာပေဟာ အသက် ၁၉ နှစ်သာ ရှိနေသေးပေမယ့် ပြင်သစ်လိုအသင်းကြီးမှာ ပါဝင်ကစားရတာဟာ ၁၂ ပွဲရှိသွားခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ်အသင်း ဆိုတာဟာကမ္ဘာ့ကစားသမားကောင်းတွေ ပေါများတဲ့ အသင်းဖြစ်တာကြောင့် အသက်ငယ်တဲ့ ကစားသမားတစ်ဦးအနေနဲ့ ပါဝင်ကစားခွင့်ရဖို့ဆိုတာဟာအလွန်ကို ခက်ခဲလွန်းတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်သူဟာ မာရှယ်၊ လာပေါ်တီ၊ လာကာဇက်တီတို့လိုကစားသမားတွေကို ချန်လှပ်ပြီးသူ့ကို ခေါ်ယူသွားကတည်းက သူ့ရဲ့အရည်အချင်းက ပေါ်လွင် လွန်းတယ်လို့ ပြောရမှာပါ။ သူဟာ အသက် ၁၉ နှစ်သာ ရှိနေသေးပေမယ့် ကမ္ဘာ့အ ကောင်း ဆုံး တိုက် စစ် မှူး အဖြစ် ရပ်တည်နိုင် နေပြီလည်း ဖြစ်ပါတယ်။ သူဟာ ပြင်သစ်လိဂ်ဝမ်းမှာလည်း အကောင်းဆုံးလူငယ် ကစားသမားဆုကို ၂ ကြိမ်ရရှိထားခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့အရည်အချင်းတွေကတော့ အသင်းရဲ့ တိုက်စစ်ဘယ်နေရာမှာမဆို ကစားနိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိလူငယ်ကစားသမားတွေထဲမှာတော့ ကမ္ဘာ့ဖလားရဲ့အကောင်းဆုံးလူငယ်ကစားသမားဆုကို ရရှိဖို့အတွက် ရေပန်းစားတဲ့သူတစ်ဦးအဖြစ် ရှိနေတယ်လို့ပြောရမှာပါ။ ပြင်သစ်အသင်းနဲ့အတူ သူ့ရဲ့သွင်းဂိုးကတော့ သုံးဂိုးရှိနေပြီ ဖြစ်ပါတယ်။



**အဲလက်စ်အိုင်ဝိုဘီ (နိုင်ဂျီးရီးယား)**

အိုင်ဝိုဘီဟာ နိုင်ဂျီးရီးယားအသင်းနဲ့အတူ ၁၅ ပွဲပါဝင်ကစားပြီး လေးဂိုးသွင်းယူပေးထားသူ ဖြစ်ပါတယ်။ သူဟာ နိုင်ဂျီးရီးယားဂန္ထဝင် ကစားသမား အိုကိုချာရဲ့တူဖြစ်သူဖြစ်တာကြောင့်လည်း နိုင်ဂျီးရီးယားအသင်းရဲ့မျှော်လင့်ချက်ဟာသူ့အပေါ်မှာလည်းအများ ကြီးရှိနေခဲ့ပါတယ်။ သူဟာ နိုင်ဂျီးရီးယားအသင်းမှာ မကစားခင်က အင်္ဂလန်လူငယ်အသင်းတွေမှာ ကစားခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာပြီးခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာတော့ နိုင်ဂျီရီးယားအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ဂျီးရီးယားအသင်းအနေနဲ့ အုပ်စုအဆင့်ပွဲမှာတော့ ခရိုအေးရှား၊ အိုက်စလန်၊ အာဂျင်တီးနားတို့နဲ့ တစ်အုပ်စုတည်းကျ ရောက်နေတာကြောင့် အုပ်စုအဆင့်ကနေ လွတ်ဖို့ဆိုရင်တော့ အိုင်ဝိုဘီရဲ့ စွမ်းဆောင်မှုတွေဟာ အရေးပါလာနိုင်ပါတယ်။ အုပ်စုပွဲမှာ ပွဲကျပ်နဲ့ကြုံတွေ့နေရတဲ့ နိုင်ဂျီးရီးယား အသင်းအတွက် အုပ်စုကနေ လွတ်အောင် အိုင်ဝိုဘီယာ ကူညီပေးနိုင်ခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့ဖလားရဲ့လူငယ် အကောင်းဆုံးဆုဟာ သူ့အတွက်တော့ ဖြစ်လာနိုင်ပါတယ်။ ။

**၂၀၁၄ ကမ္ဘာ့ဖလားတုန်းကဆိုရင် အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ပေါ့ဂ်ဘာဟာ ပြင်သစ်အသင်းကို ကွာတားဖိုင်နယ်အထိ ရောက်ရှိအောင် ကူညီပေးခဲ့ပြီး အကောင်းဆုံး လူငယ်ကစားသမားဆုကို ရရှိခဲ့တဲ့သူလည်း ဖြစ်ပါတယ်။**

# မိုရာတာအား ခေါ်ယူရန်အတွက် အေစီမီလန်အသင်း ကြိုးစားလာဖွယ်ရှိ



စီးရီးအေကလပ် အေစီမီလန်အသင်းသည် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး မိုရာတာအား ခေါ်ယူနိုင်ရေးအတွက် ဂျူဗင်တပ်စ်အသင်းနှင့် အပြိုင် ကြိုးစားလာဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပိန်တိုက်စစ်မှူး မိုရာတာသည် ၂၀၁၇ ခုနှစ် နွေရာသီအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ တိုက်စစ်မှူး မိုရာတာသည် ချယ်လ်ဆီးကစားသမားဘဝ အစပိုင်းတွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ရုန်းကန်ခဲ့ရကာ ၂၀၁၈ ခုနှစ် အတွင်းတွင် ချယ်လ်ဆီးအသင်းအတွက် သုံးဂိုးသာ သွင်းယူပေးနိုင်သကဲ့သို့ ချယ်လ်ဆီးအသင်း၏ အဓိက တိုက်စစ်မှူးနေရာကိုလည်း တိုက်စစ်မှူး ဂျရူးထံဆုံးရှုံးခဲ့ရသူ ဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် ရုန်းကန်နေရမှုများကြောင့် တိုက်စစ်မှူး မိုရာတာသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် စပိန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရခြင်း မရှိခဲ့ပေ။

တိုက်စစ်မှူး မိုရာတာသည် အင်္ဂလန်မှထွက်ခွာပြီး စီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ဂျူဗင်တပ်စ် အသင်းတွင် ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူး မိုရာတာ၏ ဇနီးဖြစ်သူမှာ အီတလီနိုင်ငံသူတစ်ဦး ဖြစ်သောကြောင့် မိုရာတာအနေဖြင့် ချယ်လ်ဆီးမှ ထွက်ခွာမည်ဆိုပါက အီတလီစီးရီးအေသို့ ပြောင်းရွှေ့ရန်သာ ပိုမို အလေးသာနေသည်ဟုဆိုသည်။

ဂျူဗင်တပ်စ်အသင်းသည် တိုက်စစ်မှူး မိုရာတာအား ပေါင် ၅၂ဒသမ၈ သန်းဖြင့် အပြီးအပိုင် ဝယ်ယူခွင့် ရှိသည်ဟူသော အချက်ထည့်သွင်းချုပ်ဆိုကာ သုံးနှစ်သက်တမ်းရှိ အငှားစာချုပ်ဖြင့် ခေါ်ယူရေးအတွက် ချယ်လ်ဆီးအသင်းထံ ကမ်းလှမ်းထားသည်ဟု ယခုလအစောပိုင်းက သတင်းများ ထွက်ပေါ်ခဲ့သည်။ တိုက်စစ်မှူး မိုရာတာသည် ဂျူဗင်တပ်စ်အသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၉၃ ပွဲ ပါဝင်ကစားခဲ့ကာ ၂၇ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂျူဗင်တပ်စ်အသင်းနှင့်အတူ စီးရီးအေဆုဖလားနှင့် ကိုပါအီတာလီယာချန်ပီယံဆုဖလားတို့ကို နှစ်ကြိမ်စီရယူနိုင်ခဲ့သူ ဖြစ်သည်။

အေစီမီလန်အသင်းသည် တိုက်စစ်မှူး မိုရာတာအား ခေါ်ယူရေး ကြိုးပမ်းမှုမအောင်မြင်ခဲ့ပါက ဗလင်စီယာအသင်းတိုက်စစ်မှူး ဆိုင်မွန်ဇာဇာအား ခေါ်ယူရန် ပြောင်းလဲကြိုးစားလာဖွယ်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ **ထက်အောင်**

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းအောင်မြင်မှု ရရှိမည်ဟု ယုံကြည်ကြောင်း ဟယ်ရီကိန်း ပြောဆို



၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အင်္ဂလန်လက်ရွေးစင်အသင်း၏ ကပ္ပတိန်အဖြစ် တာဝန်ပေးအပ်ခြင်းခံထားရသူ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက အင်္ဂလန်အသင်းအနေဖြင့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်သည်အထိ အောင်မြင်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ ကပ္ပတိန်အဖြစ် တာဝန်ယူခွင့်ရရှိသူများအနက် အသက်အငယ်ဆုံး ကပ္ပတိန်ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းက "အင်္ဂလန်အသင်းဟာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်ပွဲ ရရှိနိုင်တယ်လို့ ယုံကြည်ထားပါတယ်၊ အင်္ဂလန်ကစားသမားတွေအနေနဲ့ အောင်မြင်ချင်တယ်လို့ ပြောဖို့အတွက် ကြောက်ရွံ့မှုရှိနေကြတယ်လို့ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ပရိသတ်တွေနဲ့ မီဒီယာတွေရဲ့တုံ့ပြန်လာနိုင်မှုတွေကို ကြောက်ရွံ့နေတာကြောင့် ဖြစ်တယ်၊ ကျွန်တော်တို့ ရဲဝံ့ဖို့ လိုပါတယ်"ဟု ပြောဆိုခဲ့သည်။ ၁၉၆၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ဖူးသည့် အင်္ဂလန်အသင်းသည် ၁၉၉၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ စတုတ္ထနေရာ ရရှိခဲ့ပြီး နောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ အမြင့်ဆုံးအဖြစ် ကွာတားဖိုင်နယ်အဆင့်သို့သာ တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။

ဆက်လက်၍ တိုက်စစ်မှူး ဟယ်ရီကိန်းက "အင်္ဂလန်အသင်းအနေနဲ့ အုပ်စုအဆင့်က ထွက်ရသည်ဖြစ်စေ၊ ဆီမီးဖိုင်နယ်အဆင့်က ထွက်ရသည်ဖြစ်စေ ဒါက အတူတူပါပဲ၊ ကျွန်တော်တို့ ဒီလိုပွဲတွေမှာ ရှုံးပွဲကြုံရင် ချန်ပီယံဆုဖလား မရနိုင်ပါဘူး၊ ကစားသမား အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ဘာကိုမှ ကြောက်ရွံ့နေစရာ မလိုပါဘူး၊ ကျွန်တော်တို့ အောင်မြင်ဖို့ ဆန္ဒရှိတယ်၊ အောင်မြင်မှုရဖို့အတွက်လည်း အကောင်းဆုံး ကြိုးစားသွားမှာပါ၊ အင်္ဂလန်အသင်းဟာ လာမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖိုလ်စွဲဖို့ ရေပန်းစားတဲ့ အသင်းမဟုတ်ဘူး၊ ဒါကို ကျွန်တော်တို့သိပါတယ်၊ ဒါပေမယ့် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီကိုကြည့်ပါ၊ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ဖိုလ်လုပွဲကို တက်ရောက်နိုင်လိမ့်မယ်လို့ ဘယ်သူမှ မထင်မှတ်ခဲ့ကြဘူးမဟုတ်လား၊ မန်ယူအသင်းကို မန်နေဂျာ ဖာဂူဆန် တာဝန်ယူခဲ့စဉ် ကာလအတွင်းမှာ လူငယ်ကစားသမားအများစုနဲ့ စုဖွဲ့ထားတဲ့ မန်ယူအသင်းဟာ ပရီမီယာလိဂ်ကို နှစ်ပေါင်းများစွာ ကြီးစိုးထားနိုင်ခဲ့တယ်၊ ဒါကြောင့် ကစားသမားတွေရဲ့အသက်အရွယ် ငယ်ရွယ်တာက ဆင်ခြေကောင်းတစ်ခုမဟုတ်ဘူး၊ ဒါက ကောင်းမွန်တဲ့ ကိစ္စတွေကို ဖြစ်လာစေနိုင်တယ်"ဟု ပြောဆိုခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (G) တွင် ဘယ်လ်ဂျီယံ၊ တူနီးရှား၊ ပနားမားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ထက်အောင်**

**၁၉၆၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံ ဖြစ်ခဲ့ဖူးသည့် အင်္ဂလန်အသင်းသည် ၁၉၉၀ ပြည့်နှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ စတုတ္ထနေရာ ရရှိခဲ့ပြီး နောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ အမြင့်ဆုံးအဖြစ် ကွာတားဖိုင်နယ်အဆင့်သို့သာ တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဂ) ဤဥပဒေ အာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ လက်ဝယ်ထားရှိလိုလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဃ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် တောရိုင်းတိရစ္ဆာန် မွေးမြူခြင်းနှင့် သဘာဝအပင်မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(င) ပုဒ်မခွဲ(ဃ)အရ မှတ်ပုံတင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်ကြေးငွေကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခ၊ မှတ်ပုံတင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၃၂။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည်-

(က) ပုဒ်မ ၃၁ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်ခြင်းခံရသူသည် ငြင်းပယ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိက ချမှတ်ထားသည့်အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၉)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၃၃။ သစ်တောဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရအဖွဲ့က အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသောနေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့ မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့်အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၃၅။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ကူးခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၆။ သစ်တောအရာရှိသည် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်းခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရ ဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုလုပ်သူအား အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၇။ အုပ်ချုပ်ရေးမှူးသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ သဘာဝထိန်းသိမ်းရေးနယ်မြေမှဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ပစ္စည်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

**အခန်း (၁၀)**

**အယူခံခြင်း**

၃၈။ (က) သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓာတ်အားကို ပျက်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊

(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊

(ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များ၊ ယင်းတို့၏ မျိုးစိတ် နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ယင်း တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့်နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကို ဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## ညောင်ဦးမြို့နယ်၌ မိုးဦးလေကြမ်းကြောင့် ငှက်ပျောပင်များ ပျက်စီး

**ညောင်ဦး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုတွင် မိုးဦးလေကြမ်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကြောင်း ငှက်ပျောခြံ ပိုင်ရှင်များထံမှ သိရသည်။

အခုလအတွင်း ညနေပိုင်းဆိုလျှင် မိုးသက်လေကြမ်းများ တိုက်ခတ်တတ်ပြီး အသီးရင့်ခါနီး ငှက်ပျောခိုင်များ ကျိုးကျပျက်စီးခြင်း၊ အဖူးထွက်စဉ် ကျိုးကျခြင်းနှင့် အဖူးထွက်ရန် အားယူနေချိန် လေဒဏ်ကြောင့် အဖူးသန္ဓေသားထိခိုက်ကာ မသန်စွမ်း ငှက်ပျောဖူးများသာ ထွက်လာကြောင်း ငှက်ပျောစိုက်သူ ဦးစန်းလှိုင်က ပြောသည်။



ညောင်ဦး-မြင်းခြံ ကားလမ်းမကြီး တောင်ဘက်ခြမ်းက ငှက်ပျောခြံများမှာ အပျက်အစီးများကြောင်း သိရသည်။ ဖီးကြမ်းငှက်ပျောများကို နယုန်လတွင် စတင်စိုက်ပျိုးကြပြီး တော်သလင်းလတွင် အဖူးများထွက်ရှိကာ သီတင်းကျွတ်လတွင် ခုတ်ယူရောင်းချရပြီး ပခုက္ကူ၊ ညောင်ဦး၊ ပုဂံဘက်မှ ပွဲစားများ ခြံအထိလာရောက် ဝယ်ယူကြကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**

လသာမြို့နယ် ၇ ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၂၄ လမ်းထိပ်၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မေလ တတိယပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ယဉ်ထွေးတို့က ရပ်ကွက်နေပြည်သူနှင့် လမ်းသွားလမ်းလာများအား သက်ငယ် မုဒိမ်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည်တို့ကို ရှင်းလင်းဟောပြောစဉ်။ မီးမီး(လှိုင်)



## စန်းမောင်မြင့်ဖောင်ဒေးရှင်း (၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲပြုလုပ်မည်

**ရန်ကုန် မေ ၂၄**

"စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း" က ကြီးမှူးပြုလုပ်သော (၁၃) ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီး ဝင်း ထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဇွန် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ထောက်ပံ့မှုများအပြင် ဖောင်ဒေးရှင်းကလည်း ဂုဏ်ပြုမည်ဖြစ်သည်။

သွေးလှူဒါန်းမည့်သူများအနေဖြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း - ၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ သို့ ဇွန် ၁ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားသည်။

**မြန်မာ့အလင်း**

# လူလိမ်များ၏ စားကျက်ဖြစ်လာနေသော ဖေ့စ်ဘုတ်နှင့် ငွေကြေးလိမ်လည်မှုများ


**သူရဖြိုး**

*(ယခင်တစ်ပတ်မှအဆက်)*

ပြီးခဲ့သည့်အပတ်က ဆောင်းပါးတွင် ဖေ့စ်ဘုတ်ပေါ်၌ ရှယ်ယာထည့်ရန်ဟု ကြော်ငြာများခေါ်ကာ လိမ်လည်သွားသဖြင့် မီဒီယာများတွင်ပါသည်အထိ နာမည်ကြီးခဲ့သော လိမ်လည်မှုများအကြောင်းကို ဖော်ပြခဲ့ပါသည်။

ဖေ့စ်ဘုတ်ပေါ်တွင် ဖြစ်ပွားသော ငွေကြေးလိမ်လည်မှုများတွင် အများစုမှာ နည်းပညာကိုအခြေခံသော လိမ်နည်းသစ်များမဟုတ်ဘဲ ယခင်က ပြင်ပတွင်ဖြစ်ခဲ့ဖူးသော လိမ်နည်းများကိုသာ အခြေခံကာ ဆက်သွယ်ရေးနည်းလမ်းတစ်ခု သားကောင်ရှာရန်နေရာတစ်ခုအဖြစ် ဖေ့စ်ဘုတ်ကို အသုံးချခဲ့ခြင်းဖြစ်သည်။

ဖေ့စ်ဘုတ်ပေါ်မှ ရှယ်ယာအမည်ခံကာ ငွေကြေးများထည့်ဝင်စေ၍ လိမ်လည်သည့် အမှုများအနက် လူသိအများဆုံးဖြစ်ပြီး မီဒီယာများတွင် အကျယ်တဝင့် ဖော်ပြခံခဲ့ရသော အမှုတစ်ခုတွင် ငွေထည့်ဝင်သူပေါင်း ၁၆၀၀ ခန့်၏ ကျပ်သိန်းပေါင်း ၈၀၀၀၀ ကျော် နစ်နာခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြခဲ့သည်။ အဆိုပါလုပ်ငန်းစု ရုံးဖွင့်ခဲ့သည့် ဆီဒိုးနားဟိုတယ် ရုံးခန်းတွင် ၂၀၁၇ နိုဝင်ဘာ ၃၁ ရက်က ငွေပြန်မရသောငွေရှင်များ စုရုံးမိပြီး ရုတ်ရုတ်သဲသဲဖြစ်ခဲ့ကာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး ရဲစခန်းတွင် ခေတ္တထိန်းသိမ်းခံရပြီး ကုမ္ပဏီပိုင်ရှင် အမျိုးသမီးမှာ တိမ်းရှောင်သွားခဲ့သည်။ လက်ရှိအချိန်တွင် ထိုလုပ်ငန်းစု၏ တာဝန်ရှိသူများအား ငွေကြေးဆုံးရှုံးသူများက တရားရုံးများတွင် တရားမမှု၊ ပြစ်မှုများ ဖွင့်ထားသော်လည်း တရားရုံးစီရင်ချက်များ ချမှတ်ခြင်းမရှိသေးကြောင်း၊ ငွေကြေးဆုံးရှုံးခဲ့သည့် ငွေရှင်များမှာလည်း ငွေများပြန်မရကြသေးကြောင်း သိရသည်။




**နှစ်ပေါင်း ၂၀ ကျော်က လိမ်နည်း**

ထိုအမှုအပါအဝင် ဖေ့စ်ဘုတ်မှ ရှယ်ယာခေါ်ပြီး ငွေပြန်မပေးသော အမှုများနှင့် ပုံစံတူအမှုများမှာ မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကပင် ဖြစ်ခဲ့ဖူးသည်။ ၁၉၉၂-၁၉၉၃ ခုနှစ်ခန့်က အကျိုးဆောင်ကုမ္ပဏီများဟု အမည်ခံကာ ဘဏ်တိုး တစ်လလျှင် ၇၅ ပြား ခန့်သာ ရှိချိန်တွင် ထိုကုမ္ပဏီများက အမြတ်ရာခိုင်နှုန်းကို လစဉ် ခြောက်ကျပ်၊ ခုနစ် ကျပ်အထိပေး၍ ရှယ်ယာများ ခေါ်ယူခဲ့ကြသည်။ ငွေထည့်သူများမှာ ရှယ်ယာရှင်ဟု အမည်ခံသော်လည်း ကုမ္ပဏီအကြောင်းကို ဘာမှသိခွင့်မရဘဲ ငွေရင်းထည့်ပြီး လစဉ်အမြတ်ကို ယူရုံသာဖြစ်သည်။ အစပိုင်းတွင် မှန်မှန်ပေးသော်လည်း နောက်ပိုင်း ငွေကြေးပမာဏ များလာသည့်အခါ ကုမ္ပဏီကိုပိတ်ပြီး တိမ်းရှောင်သွားတော့သည်။ ငွေကြေးထည့်ဝင်သူများမှာ များစွာ နစ်နာဆုံးရှုံးခဲ့ရသည်။

ယခု ဖေ့စ်ဘုတ်ပေါ်မှ ရှယ်ယာခေါ်သည့် လိမ်လည်မှုများမှာလည်း နှစ် ၂၀ ကျော်က လိမ်နည်းအတိုင်းသာဖြစ်သည်။ ကွာခြားချက်မှာ လူအများအပြားသုံးနေသော ဖေ့စ်ဘုတ်ပေါ်မှတစ်ဆင့် ရှယ်ယာခေါ်သဖြင့် ယခင်ကလို နီးစပ်ရာလူသာသိပြီး ရှယ်ယာထည့်နိုင်ခြင်းမဟုတ်ဘဲ နယ်မှလူများပါ သိရှိပြီး လူကိုမမြင်ဖူး၊ လုပ်ငန်းကို မမြင်ဖူးဘဲ ဘဏ်ငွေလွှဲဖြင့် ရှယ်ယာထည့်နိုင်ခြင်းကြောင့် ငွေကြေးပမာဏ ပိုမိုများပြားခဲ့ကာ နစ်နာသူအရေအတွက်လည်း ပိုမိုများပြားခဲ့ခြင်းဖြစ်သည်။

**ဖေ့စ်ဘုတ်ရှယ်ယာလိမ်၏ ထူးခြားချက်**

ဖေ့စ်ဘုတ်မှ ရှယ်ယာခေါ်၍လိမ်သည့် လုပ်ငန်းများသည် ယခင် နှစ် ၂၀ ကျော်က လိမ်ပုံလိမ်နည်းနှင့် တူသည်ဆိုသော်လည်း မတူညီသည့် ထူးခြားချက်တစ်ခုကိုလည်း တွေ့ရသည်။ ထိုအချက်မှာ အမြတ်ငွေကို အစပိုင်းတွင် ပုံမှန်ပြန်ပေးခဲ့ပြီးနောက် နောက်ပိုင်းတွင် မှန်မှန်မပေးသည့်အခါ ငွေရှင်များမှာ အမြတ်မှန်မှန်မရတော့ကြောင်း မပြောရဲကြခြင်းဖြစ်သည်။

ငွေထည့်သူများသည် ငွေထည့်ဝင်ပြီးနောက်တွင် Anti MLM အဖွဲ့များနှင့် သိရှိနားလည်သူများ၏ ထောက်ပြမှုကြောင့် လုပ်ငန်းများမှ အမှန်တကယ် အမြတ် ရနေခြင်းမဟုတ်ကြောင်း၊ နောက်ထပ် ရှယ်ယာများခေါ်၍ နောက်လူများထံမှရသည့် ရှယ်ယာငွေဖြင့် ရှေ့လူများကို ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့ထည့်ထားသည့် ရှယ်ယာဆိုသည်များမှာလည်း ခိုင်မာသော စာချုပ်စာတမ်းများ မဟုတ်ဘဲ တရားရုံးတွင် အနိုင်ရရန် မသေချာသော စာချုပ်များဖြစ်ကြောင်း စသည်တို့ကို သိလာကြသည်။

ထို့အပြင် မိမိတို့ထည့်ဝင်ထားမိသောငွေများ ပြန်ရရန်အတွက် နောက်ထပ် ရှယ်ယာဝင်မည့်လူများ လိုအပ်ကြောင်း၊ နောက်လူမဝင်တော့ပါက မိမိတို့ရှယ်ယာထည့်ထားသည့်ငွေများ ဆုံးတော့မည်ဖြစ်ကြောင်း သိလာကြသည်။

ထို့ကြောင့် မိမိတို့အတွက် ပုံမှန်အမြတ်ငွေများ မရတော့ဘဲ ရှယ်ယာခေါ်သူက လိမ်နေသည်ကို သိပြီးသည့်နောက်တွင်ပင် ငွေထည့်ဝင်ထားသူများအနေဖြင့် ရှယ်ယာခေါ်သူအား လိမ်နေသည်ဟု ထုတ်မပြောဝံ့ဘဲ လုပ်ငန်းများ မှန်ကန်ကြောင်း၊ အမြတ်မှန်မှန်ရကြောင်း စသည်ဖြင့် ဝိုင်းလိမ်ပေးခဲ့ရသည့် အခြေအနေများအထိ ဖြစ်ခဲ့သည်။ သိန်းပေါင်း ရှစ်သောင်းကျော် လိမ်လည်သည့်အမှုတွင်လည်း ထိုသို့ ဝိုင်းလိမ်ပေးသည့် ငွေရှင်များ အမှန်တကယ် ရှိခဲ့သလို အချို့မှာ ဝိုင်းမလိမ်ပေးသော်လည်း အမြတ်မှန်မှန်မရကြောင်း ထုတ်မပြောဘဲ ငြိမ်နေခဲ့ကြသည်ကို တွေ့ရသည်။

သို့ရာတွင် နောက်ပိုင်းတွင်မူ သည်းမခံနိုင်သည့် ငွေရှင်များကိုယ်တိုင်က ထုတ်ပြောလာခြင်းနှင့် ဘေးမှ ဝိုင်းဝန်းထောက်ပြသူများ ပိုများလာခြင်းတို့ကြောင့် ရှယ်ယာအသစ်များခေါ်သော်လည်း ထည့်လိုသူ မရှိတော့သည့်အခါ လုပ်ငန်းများ တဖြည်းဖြည်းနှင့် ပြိုလာပြီး ရှေ့လူများကို ငွေမပေးနိုင်တော့ဘဲ နောက်ဆုံးတွင် လိမ်လည်မှုမှာ အတိအလင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဖေ့စ်ဘုတ်မှ ရှယ်ယာများခေါ်၍ လိမ်သွားသည့်အမှုများတွင် အဆိုပါ ကျပ်သိန်းပေါင်း ရှစ်သောင်းကျော်လိမ်လည်မှုမှာ နာမည်အကြီးဆုံးဖြစ်သော်လည်း လူသိနည်းသေးသည့် အခြားသော လိမ်လည်မှုများလည်း ရှိနေသေးသည်။ ထိုအမှုများအတွက် နစ်နာသူများက တရားစွဲဆိုထားခြင်းများလည်း ရှိနေပြီး ထိုအမှုများမှာ ငွေကြေးလိမ်လည်မှုအဖြစ် ထင်ရှားလျက်ရှိသော်လည်း လိမ်သူဘက်မှ လုပ်ပေးထားသော စာချုပ်စာတမ်းများမှာ မခိုင်မာသောကြောင့် ငွေလိမ်ခံရသူများမှာ တရားရုံးတွင် တရားစွဲဆိုသည့်အခါ ထိထိရောက်ရောက် မစွဲဆိုနိုင်ကြဘဲ အားနည်းချက်များ ရှိနေသည်ကိုလည်း ငွေလိမ်ခံရသူများ၏ နောက်ဆက်တွဲ သတင်းများအရ သိရသည်။

အခြားတစ်ဖက်မှကြည့်ပါက တည်ဆဲဥပဒေများအရ ငွေကြေးရှယ်ယာခေါ်ယူသည့် လုပ်ငန်းအမျိုးအစားမှာ သာမန် ကုမ္ပဏီမှတ်ပုံတင်ရှိရုံဖြင့် လုပ်ကိုင်ခွင့်ရသည့် လုပ်ငန်းမဟုတ်ဘဲ အများပိုင်ကုမ္ပဏီ မှတ်ပုံတင်ခြင်း အပါအဝင် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ကျော်ဖြတ်ပြီးမှ လုပ်ကိုင်ခွင့်ရှိသည့် လုပ်ငန်းဖြစ်ရာ ထိုလုပ်ထုံးလုပ်နည်းများကို တစ်ခုမှမလုပ်ဘဲ အဆင့်ကျော်ပြီး ငွေကြေးရှယ်ယာများ ခေါ်ခဲ့ခြင်းမှာ ဥပဒေကိုချိုးဖောက်ခြင်းဖြစ်နေ၍ ငွေကြေးဆုံးရှုံးသူများက တရားစွဲဆိုခြင်းအပြင် နိုင်ငံတော်ကလည်း လိုအပ်သလို တရားစွဲဆို အရေးယူမှုများ ဆောင်ရွက်ပေးပါက လိမ်လည်မှုများ လျော့နည်းစေနိုင်မည်ဖြစ်ပေသည်။

**ဖေ့စ်ဘုတ်ပေါ်မှ MLM များ**

အထက်တွင် ဖော်ပြခဲ့သော ဖေ့စ်ဘုတ်ပေါ်မှ လိမ်လည်မှုနှစ်ခုဖြစ်သည့် စုမဲလိမ်ခြင်းနှင့် ရှယ်ယာလိမ်ခြင်းတို့တွင် ငွေကြေးနစ်နာမှုရှိသူများအနက် အများစုမှာ အမျိုးသမီးများဖြစ်ကြသည်ကို တွေ့ရသည်။ ယောကျ်ားက ရှာပေးသောငွေကို စုဆောင်းထားရင်း တိုးပွားစေရန်အတွက် ဖေ့စ်ဘုတ်တွင်တွေ့မိသည်ကို ယုံကြည်မိရာမှ အလိမ်ခံလိုက်ရခြင်းဖြစ်သည်။

ယောကျ်ား၊ မိန်းမမရွေး၊ အသက်အရွယ်မရွေး၊ ကျောင်းသား ကျောင်းသူများမှအစ ဘိုးဘွားအရွယ်အထိ လူပေါင်းစုံကို လိမ်လည်နေသော ဖေ့စ်ဘုတ်ပေါ်မှ လိမ်လည်မှုတစ်ခုမှာ MLM လုပ်ငန်းများဖြစ်သည်။ MLM လုပ်ငန်းများမှာ လိမ်ကြခြင်းဖြစ်ကြောင်း လူအများက ပြောကြသော်လည်း MLM ကုမ္ပဏီများမှာ ရုံးခန်းများ တခမ်းတနားဖွင့်၍ တရားဝင်ကုမ္ပဏီလိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်နေကြခြင်းဖြစ်သလို လုပ်ကိုင်နေသူလည်း အများအပြားရှိနေ၍ MLM များကို လိမ်သည်ဟု ပြောလျှင် အငြင်းအခုံဖြစ်ရခြင်းများ ရှိနေသည်။

အငြင်းအခုံဖြစ်မှုများအနက် အထင်ရှားဆုံး ကိစ္စတစ်ခုမှာ MLM စနစ်ကို ဆန့်ကျင်သူတစ်ဦးအား MLM ကုမ္ပဏီတစ်ခုက ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသည့် ကိစ္စဖြစ် သည်။ ကုမ္ပဏီမှ ထုတ်ကုန်များနှင့် ကုမ္ပဏီ၏ ခေါင်းဆောင်အချို့အပေါ် ဝေဖန်သည့်စာကို ဖေ့စ်ဘုတ်တွင် ရေးသားခြင်းကြောင့် ရေးသားသူအား အဆိုပါ ကုမ္ပဏီက တရားစွဲဆိုထားခြင်းဖြစ်ပြီး ပထမရုံးချိန်းကို မေ ၉ ရက်၊ ဒုတိယ ရုံးချိန်းကို မေ ၂၃ ရက်က တရားရုံးက ဆင့်ခေါ်ခဲ့ရာ နှစ်ကြိမ်စလုံးတွင် တရားစွဲဆို သူဘက်မှ မလာခဲ့၍ ဇွန် ၆ ရက်တွင် ထပ်မံချိန်းဆိုထားကြောင်း သိရသည်။

စီးပွားရေးပညာရှင် ဆရာကြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကမူ MLM လုပ်ငန်းများနှင့်ပတ်သက်၍ "MLM က ဘာကောင်းကျိုးမှမရှိဘူး၊ ဆိုးကျိုးတွေပဲရှိတယ်၊ ရှင်းရှင်းပြောရရင် လူတွေကို လိုက်လိမ်နေတာ"ဟု မီဒီယာတစ်ခုနှင့် အင်တာဗျူးတွင် အတိအလင်း ဖြေကြားထားခဲ့ဖူးသည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

# အူရီဒူးသုံးသူများ ကမ္ဘာ့ဖလားဘောလုံးပွဲတိုင်းကို ဖုန်းမှတစ်ဆင့် တိုက်ရိုက်ကြည့်နိုင်မည်

ဇွန် ၁၄ ရက်တွင် စတင်ကျင်းပတော့မည့် FIFA World Cup Russia 2018 ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှ ပွဲစဉ်တိုင်းကို အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် မိုဘိုင်းအင်တာနက်မှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုနိုင်တော့မည်ဖြစ်ပြီး ထိုသို့ ကမ္ဘာ့ဖလားဘောလုံးပွဲများကို ဖုန်းမှ တိုက်ရိုက်ကြည့်ရှုနိုင်ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးဝန်ဆောင်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အူရီဒူးဆင်းကတ် အသုံးပြုသူများအနေဖြင့် ဘောလုံးပွဲကြည့်ရန်အတွက် စာရင်းသွင်းခ ပေးစရာမလိုဘဲ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးအသင်းများထဲမှ မိမိတို့နှစ်သက်ရာအသင်း၏ ပွဲစဉ်ကို မိမိ၏ မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပွဲကို မိုဘိုင်းဖုန်းဖြင့်တိုက်ရိုက်ကြည့်ရှုရန် My Ooredoo App သာ လိုအပ်ပြီး ဘောလုံးပွဲများကြည့်ရန် အခကြေးငွေလည်း ပေးရန်မလိုဘဲ အူရီဒူး၏ 4G နှင့် 3G ကွန်ရက်များကို အသုံးပြု၍ ကြည့်ရှုနိုင်ပြီး အင်တာနက်သုံးခသာ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

FIFA World Cup 2018 ကို မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုရန် My Ooredoo App ကို မိမိ၏ မိုဘိုင်းဖုန်းနံပါတ်ဖြင့် ဝင်ရောက်ပြီးနောက် FIFA World Cup 2018 ၏ နဖူးစည်းကြော်ငြာကို တွေ့ရမည်ဖြစ်ပြီး အဆိုပါ နဖူးစည်းကြော်ငြာကို ကလစ်နှိပ်လိုက်သည်နှင့် ဘောလုံးပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုကို စတင်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ My Ooredoo App ကို မထည့်သွင်းရသေးသော အူရီဒူးအသုံးပြုသူများအနေဖြင့် App ကို Google Play Store နှင့် Apple App Store တို့မှဖြစ်စေ၊ နံပါတ် *565# သို့ ဖုန်းခေါ်ဆို၍ ဒေါင်းလုပ်ရယူပြီးဖြစ်စေ ထည့်သွင်းနိုင်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ Mr. Alok Verma က "အူရီဒူးဆင်းကတ်အသုံးပြုသူတွေအနေနဲ့ FIFA World Cup Russia ၂၀၁၈ ကို မြန်မာနိုင်ငံမှာ ပထမဦးဆုံး မိမိရဲ့ မိုဘိုင်းဖုန်းကတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခွင့်ရဖို့ Sky Net နဲ့ ပူးပေါင်းခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အရင်ကဆိုရင် တီဗွီရှေ့မှာသာ ကမ္ဘာ့ဖလားဘောလုံးပွဲကို ကြည့်ရှုကြရပါတယ်။ အခုဆိုရင် အူရီဒူးဆင်းကတ် အသုံးပြုသူတွေဟာ ကမ္ဘာ့ဖလားဘောလုံးပွဲကို တိုက်ရိုက်ကြည့်ရှုဖို့ အခွင့်အလမ်းကို ပုံစံနောက်တစ်မျိုးအနေနဲ့ ထပ်မံရရှိပါတယ်။ ကိုယ့်ရဲ့ မိုဘိုင်းဖုန်းကနေတစ်ဆင့် FIFA World Cup Russia 2018 ကို အချိန်နေရာမရွေး ကြည့်ရှုခွင့်ရပြီဖြစ်ပါတယ်"ဟု ပြောသည်။

ယခုလို ကမ္ဘာ့ဖလားဘောလုံးပွဲကို အူရီဒူးဆင်းကတ်သုံးသူများ အခမဲ့ကြည့်ရှုနိုင်ရန် အူရီဒူးမြန်မာက Sky Net ရုပ်သံနှင့် ပူးပေါင်းပြီး Official Broadcast Sponsor အဖြစ် ပံ့ပိုးကူညီထားကာ အူရီဒူးအနေဖြင့် ဘောလုံးဝါသနာရှင် ပရိသတ်များအတွက် အထူးအစီအစဉ်တစ်ခုအဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံးအသင်းများကို ကိုယ်စားပြုသော ဖုန်းငွေဖြည့်ကတ်များကိုလည်း အရေအတွက် အကန့်အသတ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပွဲ ကာလအတွင်း ထူးခြားသော အစီအစဉ်များကိုလည်း အူရီဒူးက ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

---

## New Product

# ဆမ်ဆောင်း Galaxy A6+ စမတ်ဖုန်းသစ်

ဆမ်ဆောင်း Galaxy A6+ စမတ်ဖုန်းသစ်ဟာ စွမ်းဆောင်ရည်မြင့်ကင်မရာနဲ့ ထူးခြားတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်တဲ့ ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး ဆမ်ဆောင်းမြန်မာက ပြည်တွင်းဈေးကွက်မှာ မေ ၂၂ ရက်က စတင်မိတ်ဆက်ထားပါတယ်။

ဆမ်ဆောင်း Galaxy A6+ ဟာ မျက်နှာပြင်အကျယ် ခြောက်လက်မရှိပြီး Super AMOLED မျက်နှာပြင်ရဲ့ Screen Resolution က 1080x 2220 pixels အရည်အသွေးရှိလို့ ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက်ဖြစ်တဲ့ 8.0(Oreo)ကို အသုံးပြုထားပြီး Octa Core 1.8GHz CPU နဲ့ RAM က 3GB ရှိပါတယ်။ အင်တာနယ်မင်မိုရီက 32GB ပါဝင်ပြီး မင်မိုရီကတ် ထပ်စိုက်သုံးရင်လည်း 256 GB အထိ ထပ်စိုက်သုံးနိုင်ဖို့ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၅မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပေါင်းထားတဲ့ Dual ကင်မရာဖြစ်လို့ အရည်အသွေး ကောင်းမွန်တဲ့ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပြီး ရှေ့ဘက် ကင်မရာကလည်း ၂၄ မဂ္ဂါပစ်ဇယ်အထိရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3500 mAh ရှိတဲ့ Li-ion ဘက်ထရီပါဝင်လို့ စွမ်းဆောင်ရည်မြင့်ပါတယ်။

ထူးခြားတဲ့ လုပ်ဆောင်ချက်တွေအနေနဲ့ လက်ဗွေရာစနစ်၊ မျက်နှာနဲ့ ဖုန်းကိုလော့ခ်ဖွင့်နိုင်တဲ့ မျက်နှာအသိအမှတ်ပြု လုံခြုံရေးစနစ်၊ Always on Display လုပ်ဆောင်ချက်တွေ ပါဝင်သလို သုံးစွဲသူရဲ့နေ့စဉ်လုပ်ငန်းဆောင်တာတွေကို ကူညီ၊ သတိပေးနိုင်မယ့် Samsung Bixby လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။

Galaxy A6+ ကို ကိုယ်ထည်အရောင် အနက်ရောင်၊ ရွှေရောင်နဲ့ အပြာရောင်လို့ သုံးမျိုးရွေးချယ်နိုင်မှာဖြစ်ပြီး ပြည်တွင်းဈေးကွက်မှာ စမတ်ဖုန်းသစ်စတင် မိတ်ဆက်ခြင်း အထူးအစီအစဉ်အနေနဲ့ ဆမ်ဆောင်းက တယ်လီနောမြန်မာနဲ့ ပူးပေါင်းပြီး လစဉ် အင်တာနက်ဒေတာ အပိုရနိုင်မည့် အစီအစဉ်တွေ ပြုလုပ်ထားပါတယ်။

**သူရဖြိုး**



# ဆူနာမီဆိုင်ရာ ကျောင်းတွင်းကြိုတင်ပြင်ဆင်မှု အားကောင်းစေရေး ဘိုကလေးမြို့နယ်၌ အလုပ်ရုံဆွေးနွေး



**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း ကျောင်းများ၌ အာရှနှင့်ပစိဖိတ်ဒေသတွင်း ဆူနာမီများဆိုင်ရာ ကျောင်းတွင်းကြိုတင်ပြင်ဆင်မှု အားကောင်းစေခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဘိုကလေးမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌မေ ၂၂ ရက်က ပြုလုပ်ခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်ရန် အထောက်အကူပစ္စည်းများလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဒေါ်သီသီချိုက အမှာစကား ပြောကြားပြီး ခရိုင် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှူး ဦးဟိန်းဇော်ထက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်ဆွေ၊ SEED ASIA မှ မြန်မာပြည်ဌာနေကိုယ်စားလှယ် Mrs Yoko Okura နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ဦးစိုးပြည့်အောင်တို့က ဆွေးနွေးပွဲသို့တက်ရောက်လာသော ကျေးရွာစုအုပ်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အထက(ခွဲ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများအား ဆူနာမီဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ကာကွယ်ရန် သိသင့်သိထိုက်သည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီးနောက် ဆူနာမီ ကြိုတင်ပြင်ဆင်မှု ဇာတ်တိုက်လေ့ကျင့်ရာတွင် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို Mrs Yoko Okura က တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

နေ့လယ်ပိုင်းတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ ကွမ်းသီးချောင်းကျေးရွာနှင့် နတ်မောက်ကျေးရွာများသို့ နယ်မြေကွင်းဆင်းလေ့လာပြီးနောက် ကျောင်းဧည့်ခန်းမတွင် အဖွဲ့များ ပြန်လည်စုစည်းပြီး ဘေးကင်းသည့် ခိုလှုံရာလမ်းကြောင်းပြမြေပုံကို အတည်ပြုရေးဆွဲခဲ့ကြကာ အဖွဲ့အလိုက် ရေးဆွဲထားသော လမ်းကြောင်းပြမြေပုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ဆူနာမီအတွက် ကြိုတင်ပြင်ဆင်မှု ဆွေးနွေးခြင်းနှင့် သက်ဆိုင်သည့် သရုပ်ပြလေ့ကျင့်ခန်းများကို မေ ၂၄ ရက်တွင်လည်း ဆက်လက်ပြုလုပ်ခဲ့ပြီး အဆိုပါ ဆူနာမီများဆိုင်ရာ ကျောင်းတွင်းကြိုတင်ပြင်ဆင်မှု အားကောင်းစေခြင်း စီမံကိန်းကို မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၁၈ နိုင်ငံ၌ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ခရိုင်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေး

**ပြည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အသင်းခွဲမှ အလုပ်အမှုဆောင်အဖွဲ့၊ ပြည်ခရိုင်နှင့် မြို့နယ်အသင်းခွဲများမှ အလုပ်အမှုဆောင်အဖွဲ့များ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်က ပြည်မြို့နယ်ဝင်း ရဲရိပ်သာ၌ ကျင်းပခဲ့သည်။




**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA၊ တိုင်းခွဲအသင်းဥက္ကဋ္ဌ ရဲမှူးကြီးမြင့်စိုး(ငြိမ်း)နှင့် တိုင်းခွဲအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက MANA အဖွဲ့များနှင့် ယခုလို တွေ့ဆုံခွင့်ရရှိ၍ များစွာဝမ်းမြောက်ကြောင်း၊ အတူတကွပူးပေါင်း၍ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်အကူအညီများကိုလည်း တတ်နိုင်သမျှ ပေးမည်ဖြစ်ကြောင်း၊ မူးယစ်ကင်းစင်၍ ကျန်းမာကြံ့ခိုင်သော နိုင်ငံတော်ဖြစ်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

# မော်လမြိုင်မြို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး အပြောင်းအလဲနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်

**မော်လမြိုင် မေ ၂၄**

မော်လမြိုင်မြို့ကျောက်တန်းရပ်ကွက်ရှိ ယခင်အုပ်ချုပ် ရေးမှူးကို တာဝန်မှရပ်ဆိုင်းကာ ယာယီအုပ်ချုပ်ရေးမှူး အသစ် တာဝန်ပေးထားခြင်းနှင့်ပတ်သက်ပြီး ရပ်ကွက် နေပြည်သူအချို့က မေ ၂၃ ရက် နံနက် ၈ နာရီခွဲက ဆန္ဒဖော်ထုတ်မှုတစ်ခု ပြုလုပ်ခဲ့သည်ဟု သိရသည်။

"မဲအရှုံးအနိုင်နဲ့ အုပ်ချုပ်ရေးမှူးကို ရွေးထားပြီးဖြစ်တာကို ဘာလို့ အချိန်းအပြောင်းဖြစ်သွားသလဲ။ မဲရှုံးတဲ့ အုပ်ချုပ်ရေးမှူးအလိုမရှိလို့ တိုင်တည်ခဲ့ကြတာပါ။ မြို့နယ်အုပ်ချုပ်ရေးမှူးက လာရှင်းပေးသွားပါတယ်။ အုပ်ချုပ်ရေးမှူးသစ်ကို ယာယီခန့်အပ်ပေးခြင်းသာ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒအတိုင်းပြန်ရွေးပေးပါမယ်လို့ ပြောသွားတယ်။ အမြန်ဆုံး ပြန်ရွေးချယ်ပေးပါမယ်လို့ ပြောသွားပါတယ်"ဟု ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သူ ဦးသာဒွေးက ပြောသည်။

ကျောက်တန်းရပ်ကွက် အုပ်ချုပ်ရေးမှူးဟောင်း ဦးငွေလှိုင်အား တာဝန်မှ ရပ်စဲလိုက်ခြင်းကို မြို့နယ်အုပ် ချုပ်ရေးမှူးရုံးမှ မေ ၁၈ ရက် အကြောင်းကြားစာပေးပို့လာခဲ့ပြီး လက်ရှိအချိန်တွင် အုပ်ချုပ်ရေးမှူးအသစ် ဦးအေးဆန်းက ယာယီအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟု သိရသည်။

**မြတ်မွန်ထွေး**

# မူလတန်းကလေးများအား ကျောင်းဝတ်စုံနှင့် စာအုပ်များ ထောက်ပံ့မည်

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီးတွင် မေ ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများ၌ မူလတန်းအရွယ်ကလေးများအား ကျောင်းအပ်နှံချိန်တွင် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးအတန်းစုံ ပုံနှိပ်စာအုပ်များကို ပညာရေးဌာနက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မူလတန်းအဆင့်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံပေါင်း ၃၈၅၄၆၉ စုံနှင့် ဗလာစာအုပ် ၁၅၉၀၀၂ ဒါဇင်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဝတ်စုံ ၃၈၅၄၆၉ စုံအတွက် တန်ဖိုးမှာ ကျပ် ၅၃၉ ဒသမ ၆၅၆၆ သန်းဖြစ်ပြီး ဗလာစာအုပ် ၁၅၉၀၀၂ ဒါဇင်အတွက် တန်ဖိုးမှာ ကျပ် ၃၁၈ ဒသမ ၀၀၄ သန်းဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးဌာနမှသိရသည်။

**အိမွန်ဆွေ (ရေစကြို)**

**ပြင်ဆင်မှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ**

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

**၂၀၁၇ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၉၇**

ဒေါ်ခင်ကလျာထွန်း နှင့် ၁။ Global New Light Of Myanmar (ငှင်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်သန်း) ၂။ Famous Media

(လျှောက်ထားသူ) (လျှောက်ထားခံရသူများ)

၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၃ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်မှ ၂၀၁၆ခုနှစ်၊ တရားမကြီးအမှတ် ၅၁၈ အမိန့်ကိုပြင်ဆင်မှု။

တိုက်အမှတ် ၄၃၊ အခန်း(C-4)၊ မဟာမြိုင်အိမ်ရာ ၄၁၊ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးသန်းဇော်လင်း(Famous Media Co., Ltd)၏အဖွဲ့ဝင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် အမိန့်ကို လျှောက်ထားသူ ဒေါ်ခင်ကလျာထွန်းက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၈ရက်(၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်ကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ်၊ မေလ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်။ **အမိန့်အရ-**

ငွေရရှိပြီး **(ထင်ကျော်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**ဖခင်အမည်မှန်**

ဒဂုံမြို့နယ် အ. ထ. က (၁) ဒသမတန်းမှ မဝင်းပပလင်း (၁၂/တမန(နိုင်)၁၂၆၁၁၈) ၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ဆန်း (၁၀/မလမ(နိုင်) ၁၀၉၈၇၂) ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်ဆန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများ(အောက်ဆီဂျင် အပါအဝင်)၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများနှင့် Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၈ရက် (သောကြာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း**
**ခွဲစိတ်အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၈ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၆-၂၀၁၈ရက် ညနေ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၁၂၁၇**
**၀၅၂-၂၂၃၀၅၅၄**

**ဦးသန့်ဇော်** PQI အသိအမှတ်ပြုဆရာ B.Sc.IC.Q.DA, DMP, MBA, ACCA (pro)

**LCCI I,II&III Diploma သင်တန်းများ**

**Sec(A)စပြီ/Sec(B) 28May 2018စမည်**

I&II
Sec(A)Sat-Sun 9:00-10: 45 am
Sec(B)Mon to Wed 7:00 - 8:30 am
Sec(C)Mon to Wed 6:00-7:45 pm (၃လပြတ်)
Sec(D)Mon to Wed 9:30-11:15am(၃လပြတ်)

**ORION** ၂၈၇၊ ၀-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းမ၊ အမှတ်(၁၄၄) (3-A) ဟုခေါ်တွင်သောတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ရန် အသိပေးကြော်ငြာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းအား လက်ဝယ်ထားရှိ လက်ရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးကိုကို(၉/မခန(နိုင်)၀၃၀၀၅၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမျိုးသန့် (စ) ဦးမောင်ကြီး** LL.B(စဉ် - ၁၀၅၇၇) တရားလွှတ်တော်ရှေ့နေ

**ဒေါ်တင်မိုးခိုင်** LL.B(စဉ် - ၄၂၁၆၉) အထက်တန်းရှေ့နေ

အမှတ်(၁၂၁၂/ ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/ မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၀၉-၇၉၇၁၆၁၃၈၆၅၊ ၀၉-၇၉၅၁၃၈၄၄၄၇

**ဖခင်အမည်မှန်**

မိုင်းရယ်မြို့၊ အလက(မိုင်းရယ်)၊ ပဥ္စမတန်းတက်ရောက်သင်ကြားမည့် မောင်သူရိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ကျော် ၁၃/မရတ(နိုင်)၀၁၃၃၇၂ ဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်ကျော်**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ အထက(ပုတိမ်ရိုး)၊ သတ္တမတန်းအောင်မှ မောင်ထက်ဝေကျော် ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းစိုး၁၀/သထန(နိုင်)၁၁၃၂၅၀ ဖြစ်ပါကြောင်း။

**ဦးကျော်မင်းစိုး**

**နိုင်ငံသားစိစစ်ရေးကတ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ နောင်ပတ်အုပ်စု၊ လုံးကောင်ကျေးရွာနေ မညိုနွဲ့မူ၏ နိုင်ငံသားစိစစ်ရေးကတ် အမှန်မှာ ၅/ဗမန(နိုင်)၀၆၈၄၈၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ကျောင်းကြီးတန်းရပ်ကွက်၊ ကျောင်းကြီးတန်းလမ်းနေ မဝေနှင်း ၇/အဖန(နိုင်)၀၉၃၃၉၅၏ ဖခင်အမည်မှန်မှာ ဦးချစ်မင်းမောင် (ခ) ဦးချစ်လှိုင် ၇/အဖန(နိုင်) ၀၆၁၁၇၀ ဖြစ်ပါကြောင်း။

**ဦးချစ်မင်းမောင်(ခ)ဦးချစ်လှိုင်**

**မိဘအမည်မှန်**

မင်းဘူး(စကု)မြို့နယ်၊ လေးပင်(အလက)၊သတ္တမတန်းအောင်မှ မဇင်မေထွန်း၏ မိဘအမည်မှန်မှာ ဦးတေဇာအောင် ၈/မဘန(နိုင်)၀၈၃၄၇၉နှင့် ဒေါ်တင်တင်ယု၈/မဘန(နိုင်)၀၈၃၄၁၈ ဖြစ်ပါကြောင်း။

**ဦးတေဇာအောင်-ဒေါ်တင်တင်ယု**

# စည်းလွတ် ဝါးလွတ် ဒေတာအတွက် ananda ရဲ့ 4G+

only
**35,000 Ks**
for SIM + mifi + 30 days
unlimited data to share




mifi ဆိုတာ သယ်ဆောင်ရလွယ်ကူပြီး
ဘယ်ပဲရောက်နေရောက်နေ device ၁၀ လုံးအထိ
ချိတ်ဆက်သုံးစွဲလို့ရတဲ့ ပစ္စည်းလေးဖြစ်ပါတယ်။

**buy now**
www.ananda.com.mm
anandalivemore

ananda

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ အမက (၁၇) စတုတ္ထတန်း(ဂ)မှ နော်ဂျက်စီကာအောင်၏ ဖခင်အမည်မှန်မှာ စောမဲလ်ဗင်းအောင် ၁၂/မရက(နိုင်)၁၁၁၄၉၁ ဖြစ်ပါကြောင်း။

**စောမဲလ်ဗင်းအောင်**

## ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်နေ ဦးဇော်မင်း ၁၂/တမန(နိုင်)၀၀၁၅၅၉ နှင့် ဒေါ်မြင့်မြင့်မာ ၉/မခန(နိုင်)၁၈၀၅၀၇ တို့၏သမီး မဆုလှဲ့ထွန်း(အစား)မဖြူသဒ္ဒါဟုပြောင်းလဲခေါ်ဆိုပါရန်။ **မဖြူသဒ္ဒါ**

## အမည်မှန်

ဖားကန့်မြို့၊ ၄က်ပျောတောရပ်ကွက်နေ ဦးလွမ်းဒိုင် ၁/ခဖန(နိုင်)၀၀၃၈၉၈-ဒေါ်လုလုဝင်းတို့၏သား ၄က်ပျောတော အလက အဋ္ဌမတန်းမှ မောင်ကောင်းထက်၏ အမည်မှန်မှာ မောင်Mဒိုင်ခေါင် ဖြစ်ပါကြောင်း။ **မောင်Mဒိုင်ခေါင်**

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ နန်းခွင်ကျေးရွာ အထကမှ သတ္တမတန်း အောင် မသဲနုထွေးနှင့် မန္တလေးရတနာပုံတက္ကသိုလ် (ပထမနှစ်) မြန်မာစာမှ မနန်းလှဲ့ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးလှထွေးဖြစ်ပါသည်။

**ဦးလှထွေး**

## ဖခင်အမည်မှန်

မိုးညှင်းမြို့၊ စိုးဘရားသားစ်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝင်းသန္တာထက်၏ ဖခင်အမည်မှန်မှာ ဦးဝေစိန်အောင် ၁၁/မပတ(နိုင်)၀၀၂၉၆၄ ဖြစ်ပါသည်။

**ဦးဝေစိန်အောင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
## ဘားအံမြို့
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်မှ ကရင်ပြည်နယ်အတွင်းရှိ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များရှိ လုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တည်ဆောက်ရေးလုပ်ငန်းများ - ၆ ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၅-၅-၂၀၁၈ရက်၊ ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၆-၂၀၁၈ရက်၊ ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၆-၂၀၁၈ရက်၊ နံနက် ၉နာရီ
**တင်ဒါပုံစံများရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - သက်ဆိုင်ရာတက္ကသိုလ်များ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

(က) ကျောင်းအုပ်ကြီး၊ နည်းပညာတက္ကသိုလ်၊ ဘားအံမြို့။ ဖုန်း-၀၉-၅၆၆၀၄၆၆
(ခ) ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ်၊ ဘားအံမြို့။ ဖုန်း-၀၉-၅၆၆၁၁၀၈
(ဂ) အင်ဂျင်နီယာမှူး၊ ဘားအံတက္ကသိုလ်၊ ဘားအံမြို့။ ဖုန်း-၀၉-၂၅၃၅၅၆၄၉၇

**တင်ဒါခေါ်ယူဖွင့်ဖောက်ရွေးချယ်ရေးကော်မတီ**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ သလိပ်ကြီးကျေးရွာအုပ်စု၊ သလိပ်ကြီး အလက(ခွဲ)၊ ပထမတန်းမှ မသက်ထားစံ၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၁၄/ဖပန(နိုင်)၁၄၈၃၁၈ ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် (FDA အသိအမှတ်ပြု) ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများ(Consumables) များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၈ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၁၂၅၁ တွင် စုံစမ်းနိုင်ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**




Hot Fare is one way Economy Starter fare and comes with 7kg carry-on baggage only. Fares quoted include airport taxes and fees. Selected travel periods (not available on all flights, school holidays and weekends) and limited seat availability apply. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

## မန္တလေးတိုင်းဒေသကြီးအစိုးရ
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အမရပူရရေပေးဝေရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Grant No: CBU 1005 Amarapura Water Supply and Sanitation Project
စာချုပ်အမှတ် - WTSN. AMPA- WORKS - 2018-01
တင်ဒါပိတ်မည့်ရက် - (၂၃ - ၇ -၂၀၁၈)ရက်နေ့ (၁၅း၀၀)နာရီ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(AFD)၏ အကူအညီအထောက်အပံ့ဖြင့် အမရပူရရေပေးရေးလုပ်ငန်းအား AFD ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အမရပူရရေပေးရေးလုပ်ငန်းတင်ဒါတွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်-
(က) လက်ရှိစက်ရေတွင်းများအား အဆင့်မြှင့်တင်ခြင်း
(ခ) အမှတ်(၁၀)ရေတွန်းစက်ရုံနှင့် ကျန်တန်းတွင် ကလိုရင်းဆေးခတ်စက်အဆောက်အအုံတည်ဆောက်ခြင်း
(ဂ) ကျန်တန်းတွင် ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ခြင်း
(ဃ) အမှတ်(၁၀)ရေတွန်းစက်ရုံအား အဆင့်မြှင့်တင်ခြင်း
(င) ရေပိုက်လိုင်းများချထားခြင်း၊ (၂၀ ကီလိုမီတာခန့်) အိမ်သွယ်ရေပိုက်လိုင်းများချထားခြင်း၊ ရေမီတာများတပ်ဆင်ခြင်း

၃။ တင်ဒါတင်သွင်းသူသည် အောက်ပါအတွေ့အကြုံများ အရည်အချင်းများ တင်သွင်းကြရမည်-

**ဘဏ္ဍာရေးအခြေအနေ**
(က) ဘဏ္ဍာရေးသမိုင်းကြောင်း
(ခ) ဆောက်လုပ်ရေးလုပ်ငန်းများမှရရှိသော နှစ်စဉ်ပျမ်းမျှလုပ်ငန်းလည်ပတ်ငွေ
(ဂ) ဘဏ္ဍာရေးအရင်းအမြစ်များနှင့် ငွေလည်ပတ်စီးဆင်းမှုပမာဏ

**တည်ဆောက်ရေးအတွေ့အကြုံ**
(က) ယခုခေါ်ယူသောလုပ်ငန်းနှင့် သဘောသဘာဝတူညီသော လုပ်ငန်းပမာဏ
(ခ) ယခုခေါ်ယူသောလုပ်ငန်းတွင်ပါဝင်သော အဓိကတည်ဆောက်ရေးလုပ်ငန်းများ

စံနှုန်းသတ်မှတ်ချက်များအား တင်ဒါစာအုပ် (Bidding Documents) တွင် အသေးစိတ်ဖော်ပြထားပါသည်။

၄။ တင်ဒါအား ပြည်တွင်းကုမ္ပဏီများ၊ တင်ဒါစာအုပ်(Bidding Documents)တွင် ဖော်ပြပါရှိသော တရားဝင်နိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး (Single Stage, One- Envelope) စနစ်ဖြစ်ပါသည်။

၅။ တင်ဒါစာအုပ် (Bidding Documents) များမှာ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်ပြီး တစ်စုံလျှင်ကျပ် ၈၅၀၀၀/-နှုန်းဖြင့် (Project Management Office)မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။

၆။ တင်ဒါအား အထက်ဖော်ပြပါလိပ်စာတွင် တင်သွင်းနိုင်ပြီး တင်ဒါတင်သွင်းချိန်တွင် Bidding Documents တွင် ဖော်ပြသည့်အတိုင်း (Bid Security 15000 Euro)ပါရှိရမည် ဖြစ်ပါသည်။

၇။ တင်ဒါအကြိုအစည်းအဝေးအား (၁၄-၆-၂၀၁၈)ရက်နေ့၊ နံနက် (၉း၀၀)နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်ဖြစ်ပါသည်။

၈။ တင်ဒါနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက ဒေါ်ခင်မေထွေး၊ စီမံကိန်းမန်နေဂျာ(PMO, MUSIP) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့၊ ဖုန်း(+ 95-2-61631)၊ ဖက်စ်(+95-2-36170) (Email: pmomusip@gmail.com)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၉။ တင်ဒါတင်သွင်းရန် စီစဉ်ဆောင်ရွက်ခြင်းများအား တင်သွင်းသူမှ မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MANDALAY REGION GOVERNMENT**
**MANDALAY CITY DEVELOPMENT COMMITTEE**
**AMARAPURA WATER WORKS**

## Invitation for Bids

Loan/Grant No. &Title: Financing Agreement CBU 1005, Amarapura Water Supply and Sanitation Project
Contract No. WTSN_AMPA_WORKS_2018-01 and Title: - Amarapura Water Works
Deadline for Submission of Bids **23/07/2018 at (3:00 PM)**

1. The Mandalay City Development Committee has received financing from the Agence Française de Développement (AFD). Part of this financing will be used for payments under the Contract named above. The eligibility rules and procedures of AFD will govern the bidding processes.

2. The Mandalay City Development Committee (MCDC) ("the Employer") invites sealed bids from eligible Bidders for the construction and completion of Amarapura Water Works which includes:
   * Improvement of the existing production tubewells;
   * Construction of a chlorination house at BPS 10 and Kyantan sites;
   * Construction of a reservoir and pumping station at Kyantan site;
   * Rehabilitation of BPS 10 pumping system;
   * Replacement of existing and installation of new distribution networks (around 20 km), including service connections.

3. Interested Bidders must demonstrate their specific experiences or capabilities by their:
   **Financial situation**:
   * Historical Financial Performance
   * Average Annual Construction Turnover
   * Availability of Financial Resources- Cash Flow Capacity

   **Construction Experience:**
   * Contracts of Similar Size and Nature
   * Construction Experiences in key Activities

   The qualification criteria are more completely described in the Bidding Document.

4. National Competitive Bidding (NCB) will be conducted in accordance with AFD's Single-Stage: One-Envelope bidding procedure and is open to all Bidders from eligible countries as described in the Bidding Document.

5. To purchase the Bidding Documents in English, eligible bidders should write to the address below requesting the Bidding Documents for contract named above, pay a non-refundable fee of eighty-five thousand Myanmar Kyats **(85 000) MMK** in cash to the Project Management Office located in MCDC compound, 26th street, Mandalay.

6. Deliver your bid to the address below on or before the said deadline for submission of Bids together with a **Bid Security (15 000 Euros)** as described in the Bidding Documents.

7. A pre-bid meeting will be organized on **14/06/2018 at (9:00AM)** in MCDC compound.

8. To obtain further information and inspect the bidding documents, Bidders should contact:
   DAW KHIN MAY HTAY, Project Manager, MUSIP
   Project Management office, MCDC compound, 26th Street, Mandalay, Myanmar
   Tel: +95-2-61631; Fax: +95-2-36170; Email: pmomusip@gmail.com

9. Mandalay City Development Committee (MCDC) will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနော့ကျေးရွာ၊ အထက(ခွဲ)မှ ဆဋ္ဌမတန်းအောင် မစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၁၀/ကမရ(နိုင်)၀၉၆၃၉၃ ဖြစ်ပါသည်။

**ဦးစန်းဝင်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဖာသိမ်ကျေးရွာ၊ အထက(ဖာသိမ်)မှ နဝမတန်းအောင် မောင်လှဝင်း၏ ဖခင်အမည်မှန်မှာ စောအောင်မြင့် ၁၀/ကမရ(နိုင်)၁၅၇၁၆၀ ဖြစ်ပါကြောင်း။

**စောအောင်မြင့်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံ ဆွေးနွေး

## နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး လူမနေထိုင်ရန် သတ်မှတ်ထားသည့်နေရာတွင် လူဦးရေတိုးပွားလာမှုသည် ကုလသမဂ္ဂ စည်းမျဉ်းအရ မလုပ်သင့်သည်များဖြစ်၍ အမြန်ဆုံးဖယ်ရှားပေးရန် တောင်းဆို

**နေပြည်တော် မေ ၂၄**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ရင်းမှူးများအဆင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက် မွန်းလွဲပိုင်းက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအနီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်မှ ၁၀ ဦးနှင့် လေ့လာသူများ တက်ရောက်ကြသည်။

**အသိပေးစေလို**

ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ရင်းမှူးက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် မြန်မာနိုင်ငံဘက်မှ အသံချဲ့စက်များဖြင့် ပြောဆိုနေသဖြင့် မိမိတို့နိုင်ငံဘက် ဘင်္ဂလားဘက်နေထိုင်သည့် နိုင်ငံသားများမှ စိုးရိမ်ပူပန်နေပြီး စာသင်ကျောင်းများ၊ သင်တန်းကျောင်းများရှိသဖြင့် ၎င်းအသံချဲ့စက်ဖွင့်ခြင်းအား အသံလျှော့ချပေးရန်၊ နှစ်နိုင်ငံအဆင့်မြင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း ယခုလောလောဆယ်တွင် မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်နိုင်ရေးကိစ္စမှာ အဆင်မပြေမှုများ ဖြစ်နေသေးကြောင်း၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် မြန်မာ့တပ်မတော်အနေဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုများရှိပါက မိမိတို့ထံ အသိပေးအကြောင်းကြားစေလိုကြောင်း၊ ဒေသကွပ်ကဲရေးမှူးအဆင့်တွေ့ဆုံပွဲ အစည်းအဝေးပြုလုပ်နိုင်ရန်အတွက် နယ်ခြားစောင့်ကွပ်ကဲရေးမှူးအား အကြောင်းကြားထားသော်လည်း မိမိတို့ထံ အကြောင်းပြန်ကြားမှုမရှိသေးကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး အဆောက်အဦများ ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်နိုင်သော်လည်း မိမိတို့ထံ အသိပေးစေလိုကြောင်း ပြောကြားသည်။

**အကြောင်းပြန်ကြားလာခြင်းမရှိ**

ထို့နောက် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူးက နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းတွင် CCTV ကင်မရာလေးလုံး တပ်ဆင်ခြင်းနှင့် လုံခြုံရေးဆိုလာမီးတိုင် ၁၀ တိုင် တပ်ဆင်ထားခြင်းများသည် တစ်ဖက်နိုင်ငံ၏ နယ်မြေအခြေအနေများနှင့် လှုပ်ရှားမှုများကို စောင့်ကြည့်သတင်းရယူခြင်းဖြစ်၍ ကုလသမဂ္ဂစည်းမျဉ်းအရ မလုပ်သင့်သဖြင့် အမြန်ဖယ်ရှားပေးစေလိုကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး လူမနေထိုင်ရန် သတ်မှတ်ထားသည့်နေရာတွင် လူဦးရေ တိုးပွားလာမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လျစ်လျူရှုပြီး ထောက်ခံအားပေးသည့် သဘောဆောင်နေကြောင်း၊ အိမ်ထောင်စုများ တိုးချဲ့လာမှု၊ ရွှေ့ပြောင်းလာမှုများကို ထိန်းသိမ်းရန်အတွက် အသံချဲ့စက်ဖြင့် သတိပေးတားမြစ်မှုများ ဆောင်ရွက်နေရခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့အနေဖြင့် ထိုကဲ့သို့လုပ်ဆောင်ရန်မလိုကြောင်း၊ ငါးဖမ်းစက်လှေနှင့်အတူ တွေ့ရှိထိန်းသိမ်းထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အာမောက်ဖော်လောင်ပါ ၅ ဦးတို့အား လွှဲပြောင်းပေးအပ်ရန်အတွက် အကြောင်းကြားထားသော်လည်း

စာမျက်နှာ ၁၀ ကော်လံ ၄ ❏

# မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲ ဆက်လက်ယှဉ်ပြိုင်ကစား



မြန်မာ ယူ-၁၉ အသင်းတိုက်စစ်ကို ရတနာပုံနောက်ခံလူ ဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မေ ၂၄**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဒုတိယ ခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ MNL ကလပ် ရတနာပုံ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်း၏ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ခြေစမ်းပွဲများမှာ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သော်လည်း ကစားသမားများ၏ ခြေစွမ်းကို အဓိက စမ်းသပ်နိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ကစားသမားများ၏ခြေစွမ်းကို အဓိကစမ်းသပ်ခဲ့ပြီး ပထမပိုင်းတွင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေသော်လည်း ဒုတိယပိုင်းတွင် အားဖြည့်ထားသည့် ကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့ရာ ကစားပုံပိုကောင်းခဲ့သည်။ ရတနာပုံအသင်းသည် ပြီးခဲ့သည့်တစ်ပတ်တွင် MNL ပွဲ ကစားထားရသောကြောင့် ယခုပွဲတွင် လူငယ်ကစားသမားများကို အဓိက အသုံးပြုခဲ့ပြီး အမာခံကစားသမားများ

စာမျက်နှာ ၁၂ ကော်လံ ၁ ❋

# အောင်လအန်ဆန်၏ ပြိုင်ဘက် ပြောင်းလဲ

**ရန်ကုန် မေ ၂၄**

ONE Championship အဖွဲ့အစည်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် MMA ပြိုင်ပွဲ၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ အောင်လအန်ဆန်သည် ချန်ပီယံဆု ကာကွယ်ပွဲ ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မူလက ဘရာဇီးကစားသမား လီအန်ဒရိုနှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်ပြောင်းလဲခဲ့ပြီး ဂျပန်ကစားသမား ဟာဆီဂါဝါနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် အောင်လအန်ဆန်၏



ပြိုင်ဘက်ပြောင်းလဲကြောင်း မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဟာဆီဂါဝါသည် ၂၀၁၃ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ကာ လက်ရှိအချိန်ထိ ပွဲပေါင်း ၁၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဟာဆီဂါဝါသည် MMA ပြိုင်ပွဲတွင်

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ အဲကွန်းယာဉ်လိုင်းကားများ ပြေးဆွဲပေးမည်

စာမျက်နှာ - ၁၁

## နမ့်စန်တွင် ငွေကျပ်သိန်းပေါင်း ၉၆၀၀ ကျော်ရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၃


စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | ॥ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | ॥ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | ॥ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | ॥ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | ॥ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ॥ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ॥ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | ॥ | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ॥ | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွင့်လ မှပေးပါ)

မေ ၇ ရက်နေ့ ကျောင်းစတင်ဖွင့်မည်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

**ပညာနန်းတော်**

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

**ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။

**အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။

**ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

**ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ဖွံ့ဖြိုးရေး** ပြဋ္ဌာန်းသင်ရိုးအစီအစဉ်များအပြင် အထူးအစီအစဉ်အဖြစ် ကွန်ပျူတာသင်ကြားရေးကို ကျောင်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ(ကျောင်းမှပေး)ဖြင့် Projector, Powerpoint, documentary များနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားပေးသည်။ သို့သော် Mobile Phone ကို လုံးဝ ယူခွင့်မပြုပါ။

ရုံးချုပ် - ခြံအမှတ် 118 A/B ကျွန်းချောင်းပြင်လမ်း VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 782 216 330 pnndschool ကျောင်းရုံးခန်း > A-8 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။